
# Rights For All

Human Rights and Legal Awareness

Training Module




Human Rights and Legal Awareness

Refresher Training - Date 12 - 21 July 2018

# Content


1. Human Rights  Concept and Definition
2. Human Rights and UDHR History
3. Universal Declaration of Human Rights
4. Human Rights Defender
5. Human Rights Defender and laws
6. Government Responsibility
7. Human Rights Documentation
8. Complaint Mechanism


Cover by Sarr Lar 8


Acknowledgement to:

This project is co-funded by the European Union

Local Resource Centre

Equality Myanmar

DCA NCA actalliance MYANMAR JOINT COUNTRY PROGRAMME

# Human Rights  Concept and Definition Module

## Objective (ရည်ရွယ်ချက်)

* လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးဆိုတာကိုသိရှိစေရန်။
* မွေးရာပါလူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးဆက်စပ်ပုံကို သိရှိနားလည်စေရန်။
* လူ့အခွင့်အရေး အခြေခံအချက်(၄)ချက်ကိုသိရှိစေရန်။
* လူ့အခွင့်အရေးအဓိပ္ပာယ်ကို သင်တန်းသားများကိုယ်တိုင် ဖွင့်ဆိုလာစေရန်။
* ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အခြားလူ့အခွင့်အရေးဖွင့်ဆိုချက်တွေကို သိရှိစေရန်။

## Activity (လှုပ်ရှားမှု) ရုပ်ပုံဆွဲခြင်း 45min

သင်တန်းသားများအား အုပ်စု(၄)စုခွဲပါ။

**အုပ်စုခွဲရန်**

- သင်တန်းသား သင်တန်းသူတွေနဲ့အတူ ကမ်းခြေတစ်ခုကိုခရီးထွက်ကြမှာဖြစ်တယ်။
- အခု သင်တန်းသားအားလုံးက သင်တန်းခန်းမဆိုတာကို အတွေးထဲမှာ ဖျောက်ထားပေးပါ။
- အခုကျွန်မတို့ အကုန်လုံးက ကမ်းခြေတစ်ခုကို ရောက်နေကြောင်း ပြောပါ။
- ကမ်းခြေရောက်ရင်လုပ်ဆောင်မည့်အရာများကိုသင်တန်းနည်းပြမှပြောပါ

**နည်းပြမှ**

- ရေကူးတယ်ဆိုရင် တယောက်ထဲ ရေကူးဟန်လုပ်ပါ။
- ဆိုင်ကယ်စီးတယ်ပြောရင် ၂ယောက်တွဲပါ။
- ဘုရားဖူးတယ်ပြောရင် ၃ယောက်တွဲပါ။
- ဆယ်ဖီဆွဲတယ် ပြောရင် ၄ ယောက်တွဲပါ။
- ထမင်းစားတယ် ပြောရင် ၅ယောက်တွဲပါ။ (ထိုအစီအစဉ်အတိုင်း ၂ခါ ၃ခါလောက် ပြောင်းလဲ လုပ်စေပါ။)

**ဇာတ်လမ်းပြောရန်။** ။ဒီလိုထမင်းစားနေစဉ်မှာဆူနာမီမုန်တိုင်းကြီး ရုတ်တရက်ဝင်လာချိန်တွင် အဆောက်အအုံများ၊ သစ်ပင်များ၊ ........မိမိပြင်ခဲ့ရသမျှအားလုံးဟာ ပြိုယွင်းပျက်စီးသွားပြီဟု ပြောပါ။ ယခုလက်ရှိ ကမ်းခြေမှာရောက်နေ သူများကလည်း ဆူနာမီမုန်တိုင်းဒဏ် ခံရပြီး မိမိတို့မှာ ယခင်ရှိပြီးသား အခြေအနေတွေ ပိုင်ဆိုင်မှုတွေဘာဆို ဘာမှမရှိတော့သည့် အခြေအနေဖြစ်သွားပြီဖြစ်တယ်။ အဲ့လိုအခြေအနေကို ကြုံတွေ့ရလိုက်ပြီဖြစ်တဲ့အတွက်မိမိတို့ အနေနှင့်ဘာတွေဆက်လုပ်ကြမလဲဆိုတာ စဉ်းစားကြရမှာဖြစ်ပါတယ်။

**ရုပ်ပုံဆွဲခြင်း**

- အဖွဲ့တိုင်းကို A4စာရွက်၄ပိုင်းပိုင်းထားသောစာရွက်များ ပေးဝေပါ။
- အောက်ပါမေးခွန်းကိုမေး၍ ပုံဖြင့် ဖော်ပြခိုင်းပါ။
    - လူတွေအသက်ရှင်ရပ်တည်ဖို့အတွက်နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘာတွေလိုအပ်မလဲ။
    - လိုအပ်ချက်ကို ပုံဖြင့် ဖော်ပြပါ။ (စာရွက်အပိုင်းတစ်ခုပေါ်တွင် အချက်တစ်ခုကိုသာ ဖော်ပြပေးပါ။)
    - သင့်လျော်သော အချက်အလက်အကြောင်းအရာများ ထွက်ရှိပြီဆိုလျှင် ရေးဆွဲပုံဖော်မှုကို ရပ်တန့်ပြီး ဆွေးနွေးမှုကို စတင်ပါ။

## Discussion (ဆွေးနွေးခြင်း)

- အဖွဲ့လိုက်ရေးဆွဲထားသောအချက်များကို အခြားအဖွဲ့များအားရှင်းပြစေပါ။
- သင်တန်းနည်းပြမှ ထိုအချက်တွေကို စာရွက်ကြီး(သို့) သင်ပုန်းပေါ်တွင်စက်ဝိုင်းကြီးတစ်ဝိုင်းဆွဲထားပြီး စက်ဝိုင်း၏ အပြင်ဘက်တွင် ကပ်ထားပေးပါ
- အဖွဲ့အားလုံးတင်ပြဆွေးနွေးပြီးပါက အောက်ပါမေးခွန်းများဖြင့် ဆက်လက်ဆွေးနွေးပါ။
    - ရုပ်ပုံများရေးဆွဲတဲ့အချိန်မှာဘယ်လိုစိတ်မျိုးကိုအခြေခံပြီးဆွဲခဲ့သလဲ။

        - နည်းပြမှ ထွက်ပေါ်လာသော ဆွေးနွေးချက်ကို စက်ဝိုင်း၏အလည်တွင် မှတ်တမ်းတင်ပါ။ **ရရှိနိုင်မည့် အဖြေများ (အသက်ရှင်ဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့၊ ငြိမ်းချမ်းဖို့၊ လုံခြုံဖို့၊ ဆက်သွယ်ဖို့၊ လွတ်လပ်မှုရှိဖို့၊ တရားမျှတဖို့၊ တန်းတူရရှိဖို့....)**

• အဲဒီအတွင်းထဲကအချက်တွေကို ဘယ်လိုခေါ်မလဲဆိုတာမေးပြီး **လူ့ဂုဏ်သိက္ခာ** ဖြစ်တယ်ဆိုတာကို ရှင်းပြပါ။

• ဒီအချက်အလက်တွေဟာဘယ်သူတွေဆီမှာရှိတာလဲ။

- နည်းပြမှ လူတိုင်းဆီမှာ ရှိတယ်ဆိုတဲ့ အဖြေရရှိအောင် မေးမြန်းဆွေးနွေးပါ။
- အဲဒါကြောင့် လူ့ဂုဏ်သိက္ခာဆိုတာ လူတိုင်းမှာ ရှိတယ် ဆိုတာကို ရှင်းပြပါ။

- အဲ့ဒီအချက်အလက်တွေက ဘယ်အချိန်ကတည်းကရှိနေတာလဲ။

  - နည်းပြမှ မွေးကတည်းက ရှိနေတဲ့ဆိုတဲ့ အဖြေရရှိအောင် မေးမြန်းဆွေးနွေးပါ။

  - အဲဒါကြောင့် လူ့ဂုဏ်သိက္ခာဆိုတာ မွေးကတည်းက ရှိပြီးသား ဖြစ်တယ်ဆိုတာ ရှင်းပြပါ။

  - အဲဒါကြောင့် လူ့ဂုဏ်သိက္ခာဆိုတာ လူတိုင်းမှာ မွေးကတည်းက တူညီစွာ ရှိပြီးဖြစ်တယ်။

- လူတစ်ယောက်ဟာ အဲဒီလူ့ဂုဏ်သိက္ခာနှင့်အညီ မနေရဘူးဆိုရင် ဘယ်လိုဖြစ်မလဲ။(ဥပမာ-လုံခြုံမှုမရှိဘူး ဆိုရင်)

  - နည်းပြမှလူ့ဂုဏ်သိက္ခာဆိုတာကိုမထိခိုက်သင့်ဘူးဆိုတဲ့အချက်သဘောပေါက်အောင်

  ဆွေးနွေးရှင်းပြပေးပါ။

- လူ့ဂုဏ်သိက္ခာနှင့် အသက်ရှင်နေနိုင်ဖို့အတွက်ဆိုရင် ဘာတွေလိုအပ်မလဲ။

  - နည်းပြက စက်ဝိုင်းအပြင်တွင် ကပ်ထားသောရုပ်ပုံများနှင့် စက်ဝိုင်းအတွင်းမှ အချက်အလက်များကို ချိတ်ဆက်ဆွေးနွေးပေးပါ။

- စက်ဝိုင်းအပြင်ကအရာတွေကိုဘယ်လိုခေါ်မလဲ။

  - နည်းပြက **အခွင့်အရေး**ဆိုတဲ့ စကားလုံး ထွက်လာအောင် မေးမြန်းဆွေးနွေးပြီး ရှင်းပြပါ။
  - အထဲကဂုဏ်သိက္ခာအတိုင်းနေနိုင်ဖို့အတွက်အပြင်ကအရာတွေကမရှိမဖြစ်လိုအပ်တယ်၊မရှိမဖြစ်ရကိုရရမယ်ဖြစ်ပါတယ်။ထို့ကြောင့်အပြင်မှအရာများသည်အခွင့်အရေးလို့ခေါ်တယ်။ (Rights ဆိုသည့်စာတမ်းကိုကပ်ပါ)။
  - လူ့ဂုဏ်သိက္ခာက လူတိုင်းမှာ ရှိတယ်ဆိုရင် လူ့အခွင့်အရေးကလည်း လူတိုင်းမှာရှိတယ်။
  - လူ့ဂုဏ်သိက္ခာက မွေးကတည်းက ရှိတယ်ဆိုရင် လူ့အခွင့်အရေးကလည်း မွေးကတည်းက ရှိတယ်ဆိုတာ ရှင်းပြပါ။

- အပြင်က Rightsအခွင့်အရေးမရှိလျှင်၊ ကန့်သတ်ခံရရင် အတွင်းကဂုဏ်သိက္ခာDignity ကိုဘယ်လိုထိခိုက်မလဲ။

  - အဲဒီအခွင့်အရေး ကန့်သတ်ခြင်းက အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်တယ်။
  - အခွင့်အရေးကို ချိုးဖောက်ခြင်းက လူ့ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း ဖြစ်တယ်။
  - အဲဒါကြောင့် လူ့အခွင့်အရေးကို မချိုးဖောက်ရဘူး။

- အပြင်ကကပ်ထားသောအရာတစ်ခုမရှိလျှင်အခြားအပြင်ကအရာတွေကိုဘယ်လိုထိခိုက်စေသလဲ။

- နည်းပြမှ အခွင့်အရေးတွေဟာ တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်နေတယ်ဆိုတာ ရှင်းပြပေးပါ။အခွင့်အရေး တစ်ခုကို ချိုးဖောက်လျှင် အခြားအခွင့်အရေးများကိုလည်း ထိခိုက်စေကြောင်း ရှင်းပြပေးပါ။

- အဲဒါကြောင့် ဘယ်အခွင့်အရေးကမှ ပိုပြီး အရေးကြီးတယ်လို့ ပြောလို့မရပါ။

<u>Trainer Note</u> မေးရာပါဆိုသည့် အချက်ကို သက်သေပြနိုင်ရန်အတွက် (ဥပမာ- ကလေးတွေမွေးထဲက အသက်ရှင်ချင်ကြတယ် ဆိုသည့် အချက် အနေနှင့် နို့ဆာလျှင် ငိုခြင်း ၊ ကလေးငယ်လေးကို အဝတ်ဖြင့်ထွေးပွေ့ပေးခြင်း၊ စသည့် အချက်များဖြင့် ဥပမာပေးနိုင်)

**စကားဆက်**

အခုဆိုရင်တော့ကျမတို့တွေကလူ့ဂုဏ်သိက္ခာဆိုဘာလဲဒီလူ့ဂုဏ်သိက္ခာအတိုင်းနေထိုင်နိုင်ဖို့ဆိုရင်အပြင်ကထောက်ပံ့ ပေးတဲ့ အခွင့်အရေးတွေလိုအပ်ကြောင်း အခွင့်အရေးနှင့် ဂုဏ်သိက္ခာချိတ်ဆက်မှုကို လေ့လာခဲ့ပြီးဖြစ်တယ်။ အခုတော့ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီးတော့ အခြေခံအချက်တွေ ဘယ်လိုရှိတယ်ဆိုတာကိုဆက်လက်ပြီးတောလေ့လာကြည့်ရအောင်။

| Input (ဗဟုသုတပေးခြင်း) |
|---|

Paper Point (or) Power Point

**လူ့အခွင့်အရေး၏ အခြေခံအချက်များ**

**၁။ လူ့အခွင့်အရေးသည် လူတိုင်းအတွက် မွေးရာပါအခွင့်အရေးဖြစ်သည်။**

**(Human Rights are inherent)**

လူ့အခွင့်အရေးကို ဝယ်ယူ၍မရ။ လူတိုင်းသည် လူသားဖြစ်နေသောအချက်ကြောင့် လူ့အခွင့်အရေးကို ရယူပိုင်ဆိုင်ခွင့်ရှိသည်။

**၂။ လူ့အခွင့်အရေးသည် လူသားအားလုံးနှင့်သက်ဆိုင်သည်။ (Human Rights are universal)**

အသားအရောင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး၊ လူမှုရေး၊ အတွေးအခေါ် လိင်ကွဲပြားမှုမရွေး လူ့အခွင့်အရေး သည် လူသားအားလုံးအပေါ် တန်းတူညီမျှမှုရှိသည်။ လူသားအားလုံး မွေးဖွားလာသည်မှစ၍ လွတ်လပ်ပြီး တန်းတူညီမျှသော လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးရှိသည်။

**၃။ လူ့အခွင့်အရေးကိုမည်သူကမျှ ယူဆောင်သိမ်းပိုက်၍မရ။ (Human Rights are inalienable)**

လူ့အခွင့်အရေးကို မည်သူကမျှ ယူဆောင်သိမ်းပိုက်ခွင့်မရှိ။ လူတယောက်၏ မွေးရာပါအခွင့်အရေးကို ထိုသူ၏ နိုင်ငံတော်အစိုးရနှင့် ဥပဒေများက အသိအမှတ်မပြုသည့်တိုင် ထိုလူတွင် လူ့အခွင့်အရေးခံစားခွင့်ရှိသည်။ ထိုသို့ အသိအမှတ် မပြုခြင်းသည် ထိုသူအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည်။

**၄။ လူ့အခွင့်အရေးများသည် တခုနှင့်တခု အပြန်အလှန်ဆက်စပ်နေသည်။ (Human Rights are indivisible)**

လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်အသက်ရှင်နိုင်ရန်အတွက် လူသားတိုင်း လွတ်လပ်ခွင့်၊ လုံခြုံခွင့် ရှိသလို လုံလောက်သော လူနေမှုဘဝများကို လိုက်လျောညီထွေစွာခံစားခွင့်ရှိသည်။ မည်သည့်အခွင့်အရေးကိုမှ အခြားအခွင့်အရေး ထက်ပို၍အရေးကြီးသည်ဟု ပြော၍မရ။ လူ့အခွင့်အရေးတခု ချိုးဖောက်ခံရခြင်းသည် အခြားအခွင့်အရေးများကိုပါ ထိခိုက် စေသည်။

ထို့အတွက် လူ့ဂုဏ်သိက္ခာသည် လူ့အခွင့်အရေးနှင့်ဆက်စပ်နေသည်။ လူ့အခွင့်အရေးကို ဖယ်ရှား၍မရ။ လူ့အခွင့် အရေးကို မခံစားရခြင်း၊ ဖယ်ရှားခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်။

**စကားဆက်**

*အခုဆိုလျှင် လူ့အခွင့်အရေး အခြေခံအချက်များကို မိမိတို့ အနေနှင့်သိရှိပြီးဖြစ်တယ်။ ဒီပေါ်မှာအခြေခံပြီးတော့ မိမိတို့ နားလည်သလို လူ့အခွင့်အရေးကို တစ်ယောက်ချင်း အဓိပ္ပါယ်ဖွင့်ဆိုချက် ကိုစဉ်းစားကြည့်ရအောင်။*

| Deepening ( လက်တွေ့ဘဝနှင့် ဆက်စပ် ဆွေးနွေးခြင်း) |
|---|

- နည်းပြမှ သင်တန်းသားများကို A4 စာရွက် တစ်ယောက် တစ်ရွက်စီပေးဝေပါ။
- အခုပေးထားတဲ့ စာရွက်ပေါ်မှာ လူ့အခွင့်အရေးဆိုတာကို မိမိနားလည်သလို အဓိပ္ပါယ်ဖွင့်ဆိုစေပါ။
- သင်တန်းသားများကို (၅)ဦး တစ်ဖွဲ့ အဖွဲ့ခွဲ၍ အောက်ပါအတိုင်း ဆွေးနွေးစေပါ။
    - မိမိဖွင့်ဆိုထားသော အဓိပ္ပါယ်ကို အဖွဲ့တွင်း ပြန်လည်မျှဝေစေပါ။
    - ထို့နောက် အဖွဲ့တစ်ခုစီမှအားလုံးသဘောတူညီသည့် လူ့အခွင့်အရေး အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဖွင့်ဆိုစေပါ။
- အဖွဲ့များကို ပြန်လည်တင်ပြခိုင်းပါ။

*စကားဆက်*

*အခုဆိုလျှင်လူ့အခွင့်အရေးဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို မိမိတို့ကိုယ်တိုင်အဓိပ္ပါယ်ဖွင့်ဆိုမှု တွေလုပ်ဆောင်ခဲ့ကြ ပြီးဖြစ်တယ်။ လူ့အခွင့်အရေးဆိုတာ စကားလုံးအရ ဥလုံးထဲရှိသော်လည်း အဓိပ္ပါယ်ဖွင့်ဆိုမှုတွေကတော့ ကျယ်ပြန့်နေတာကိုအားလုံးပဲ တွေ့ရှိမှာဖြစ်တယ် ဒါကြောင့်မို့ တစ်ဆက်ထဲမှာပဲ လူ့အခွင့်အရေးပညာပေးမှုတွေ လုပ်နေတဲ့ EQMM အနေနှင့်ရော လူ့အခွင့်အရေးဆိုတာကို ဘယ်လိုအဓိပ္ပါယ်ဖွင့် ဆိုထားလဲဆိုတာကိုလေ့လာကြည့်ရအောင်။*

## Input (ဗဟုသုတပေးခြင်း) - 2

**EQMM အဓိပ္ပါယ်ဖွင့်ဆိုချက် (၁)**

လူတိုင်းမွေးရာပါ လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်နေထိုင်နိုင်ရန်အတွက်  မရှိမဖြစ်လိုအပ်သော အခြေခံလိုအပ်ချက်များ..

မရှိမဖြစ်လိုအပ်သောအရာ - အစားအစာ၊ အိမ်၊ ဆေးဝါး၊

အခြေခံလိုအပ်ချက် - အစားအစာ (လုံလောက်မှု အဟာရရှိသော ၊ကျန်းမာရေးနှင့် ညီညွတ်သော ၊ဈေးနှုန်းလက်လှမ်းမှီမှုရှိရမယ်၊ ယဉ်ကျေးမှုနှင့် ကိုက်ညီမှု၊ )

အိမ် ( လုံခြုံမှု ရုပ်ပိုင်း ၊စိတ်ပိုင်း ၊ သွားလာမှုလွယ်ကူ၊ သန့်ရှင်း) ဆိုတာကို ရှင်းပြပါ။

**EQMM အဓိပ္ပါယ်ဖွင့်ဆိုချက် (၂)**

လူပုံဆွဲပါ။

- မျက်လုံးဆိုရင် ကြည့်တာအပြင် ဘာလုပ်ဖို့လဲ မေးပါ။ (စူးစမ်းဖို့)
- ပါးစပ် ဆိုရင် ဘာလုပ်ဖို့လဲ။ (ကိုယ်ယုံကြည်ရာကို ပြောရဲဖို့၊ ဝေဖန်ဖို့)
- လက် ဆိုရင် ဘာလုပ်ဖို့လဲ။ ( တီထွင်ဖို့)
- ဒီအရာတွေကို မကြောက်မရွံ့ လုပ်ကိုင်ဆောင်ရွက်ဖို့ ဆိုပါတယ်။ ဒါကြောင့် ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း ဖြစ်ရပါမယ်။ (ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း = လုံခြုံခြင်း Security) ဒီအရာတွေရှိရုံနဲ့ လူတစ်ယောက်က အသက်ရှင်နေထိုင်လို့ ရပြီလား (ဝမ်းဗိုက်လိုသေး) ဘယ်လောက်ပဲ ပြောရဲဆိုရဲရှိရှိ ယုံကြည်ချက်ရှိရှိ သွားဖို့အတွက် ဆိုရင် အစားအစာလိုအပ်ပါတယ်။ ဒါကြောင့် တောင့်တခြင်းမှ ကင်းဝေခြင်း (တောင့်တခြင်းမှ ကင်းဝေးခြင်း = ဖူလုံခြင်း Welfare နဲ့နေထိုင်နိုင်ရပါမယ်။

ဆက်ပြီးတော့ ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေး အဓိပ္ပါယ်ဖွင့်ဆိုချက် ကို လေ့လာကြည့်ကြရအောင်။

## ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာအဓိပ္ပါယ်ဖွင့်ဆိုချက်

လူတစ်ဦးချင်းဖြစ်စေ အုပ်စုလိုက်ဖြစ် ၄င်းတို့၏အခြေခံ လွတ်လပ်ခွင့်နှင့် လူ့ဂုဏ်သိက္ခာအတွက်မချိုးဖေါက်ကြရန် ကာကွယ်ပေးထားသည့် လူသားအားလုံးနှင့် သက်ဆိုင်သည့် တရားရေးဆိုင်ရာ အာမခံချက်။

- Equality Myanmar အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကုလသမဂ္ဂအဓိပ္ပါယ်ဖွင့်ဆိုချက် ဘာကွာလဲမေးပါ။
- တူညီချက် (အခြေခံလွတ်လပ်ခွင့်၊လူ့ဂုဏ်သိက္ခာ၊ လူသားအားလုံးနှင့်ဆိုင်)
- မတူညီချက် ( လူတဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ တရားရေးဆိုင်ရာ အာမခံချက်)
- တရားရေးဆိုင်ရာ အာမခံချက်ကို ဘာဖြစ်လို့ထည့်ထားရလဲ။

### Trainer Note

ကုလသမဂ္ဂအနေအဖွဲ့နိုင်ငံများ ဖြစ်သည့် အတွက် အစိုးရတွေကို တာဝန်ပေးထားသည့် အချက်ဖြစ်သည်။ တရားရေးဆိုင်ရာအာမခံချက်ဆိုတာနိုင်ငံတာမှကတိတွေပေးထားတာဥပဒေအရကာကွယ်ပေးထား၍ချိုးဖေါက်လျှင်တိုင်ကြားမှုများကိုလက်တွေ့ဥပဒေများပြဌာန်းထားပြီးတော့လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို ပြောဆိုခြင်းဖြစ်သည်။

### စကားဆက်

လူ့အခွင့်အရေးနှင့်ပတ်သက်လျှက် အခြေခံမှု ၄ ချက်ကိုလည်းလေ့လာပြီးပြီး ကိုယ်တိုင်လည်းအဓိပ္ပါယ်ဖွင့်ဆိုပြီး EQMM အဓိပ္ပါယ်ဖွင့်ဆိုချက် ကုလသမဂ္ဂ၏အဓိပ္ပါယ်ဖွင့်ဆိုချက်များကိုလေ့လာပြီးတဲ့ နောက်မှာ ဒီလိုလူ့အခွင့်အရေး အဓိပ္ပါယ်တွေနဲ့ဆင်တူတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေရဲ့ အဆိုအမိန့်တွေကရော ဘယ်လိုတွေ  ပြောဆိုပြဌာန်းခဲ့ တယ်ဆိုတာကို ဆွေးနွေးမှုလုပ်ဆောင်ကြည့်ကြရအောင်။

- အဖွဲ့ (၄)ဖွဲ့ပါ။ (မြင့်မြတ်၊ နေတိုး၊ ပြေတီဦး၊ ဇေရဲထက်) နေရာဒေသအလိုက် ပြောင်းလဲပါ။
- အဖွဲ့တစ်ဖွဲ့ကို အဆိုအမိန့် ၁ခုစီပေးပါ။
- ထိုအဆိုအမိန့်များသည် လူ့အခွင့်အရေးအယူအဆ အဓိပ္ပါယ်နှင့် ဘယ်လိုဆက်စပ်နေလဲဆိုတာ ဆွေးနွေးစေပါ။
- တဖွဲ့ချင်း တင်ဆက်စေပါ။  (လိုအပ်သည်များကို နည်းပြမှ ဖြည့်စွက်ဆွေးနွေးပေးပါ။)

**အခြားသူများ၏အဆိုအမိန့်များ**

**သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာရှင်ဉာဏိဿရ**

**လူမှုရေး၊ ဘာသာရေးအစွဲတွေ မဖျောက်ဖျက်နိုင်ရင်** Unity **တစ်စုတစ်စည်း ညီညွတ်ခြင်း၊** Harmony **သင့်သင့်မြတ်မြတ်နေထိုင်ခြင်း လုပ်လို့မရဘူး။** Unity **နှင့်** Harmony **ကိုတည်ဆောက် လို့မရရင် ငြိမ်းချမ်းရေးကိုတည်ဆောက်လို့မရဘူး။ အဲ့ဒီလိုတည်ဆောက်လို့မရသေးခင်** Coexistence **ငြိမ်းချမ်းစွာအတူနေထိုင်ခြင်းကိုတည်ဆောက်လို့မရဘူး။**

**ကိုယ့်အမျိုးဘာသာ သာသနာကိုစောင့်ရှောက် တယ်ဆိုတာ ကောင်း တဲ့ကိစ္စပဲ။**

**ဒါပေမဲ့ အမျိုးဘာသာသာသနာ စောင့်ရှောက်တာကိုအကြောင်းပြုပြီး သူများဘာသာတွေကို တိုက်ခိုက်တဲ့သူတွေဟာ မြင့်မြတ်တဲ့ဘာသာဝင်တွေလို့ မခံယူထိုက်ဘူး။**

**ဗိုလ်ချုပ်အောင်ဆန်း (၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ရက်စွဲပါ စာဖြင့် ကရင် တိုင်းရင်းသားများအား ထုတ်ပြန်တဲ့ သဘောထား ကြေညာချက်)**

- မည်သူမဆို ဘာသာ သာသနာတရားအရေးတွင် လွတ်လပ်စွာ မိမိတို့ ကိုးကွယ်လိုရာ ဘာသာကို ကိုးကွယ်ခွင့် ရှိရမည်။ နိုင်ငံတော်အစိုးရသည် ဘာသာရေးတွင် ကြားနေရမည်။

- လူမျိုး ကွဲပြားမှုကိုဌင်း၊ ဘာသာကွဲပြားမှုကိုဌင်း၊ ယောကျ်ား - မိန်းမ ကွဲပြားမှုကိုဌင်း၊ အခြေပြုကာ နိုင်ငံတော်အတွင်း ရာထူးဌာန္တရ အလုပ်အကိုင်များ ရရှိရေးတွင် ချုပ်ချယ်မှုများ မရှိစေရ။

- ပညာများကို လူမျိုးမရွေး ဘာသာမရွေး၊ ကျား မ မရွေး သင်ကြားပိုင်ခွင့်ရှိရမည်။

**ဗိုလ်ချုပ်အောင်ဆန်း ( ၁၉၄၇ ဖေဖော်ဝါရီလ ၂၅ ရက် -မြန်မာနိုင်ငံတစ်ပှမ်းလုံးဆိုင်ရာ တောင်သူလယ် သမားညီလာခံတွင် ပြောကြားခဲ့သောမိန့်ခွန်း )**

"ကျုပ်တို့ဗမာပြည်လွတ်လပ်ရေးရတဲ့အခါ- တောင်သူလယ်သမားတွေရဲ့လွတ်လပ်သည့် လယ်ယာမြေ စိုက်ပျိုးရေးလုပ်ပိုင်ခွင့်နှင့်- ပိုင်ဆိုင်ခွင့်ဟာ လွတ်လပ်တဲ့ လူ့အခွင့်အရေးမပါပဲ ကျုပ်တို့ရဲ့ ဗမာပြည် လွတ်လပ်ရေးဟာ အဓိပ္ပါယ်မရှိဘူးလို့ယူဆတယ်။"

**(နိုဝင်ဘာလ ၁၄ ရက်၂၀၁၁) ရန်ကုန်မြို့ ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများသို့ မိန့်ခွန်းပြောကြားသည့် မိန့်ခွန်းမှ)..**

"လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ဆိုတာ လွတ်လပ်စွာ ဆဲဆိုပိုင်ခွင့်နှင့်မတူကြောင်း"

**(အဓိပ္ပာယ် .. လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ဆိုတာ လူ့အခွင့်အရေးဖြစ်တယ် သို့သော် လွတ်လပ်စွာ ဆဲဆိုပိုင်ခွင့်ဆိုတာ လူ့အခွင့်အရေးမဟုတ်ဘူး ဒါဟာ တခြားသူ၏အခွင့်အရေးကို ထိခိုက်မှုဖြစ်တဲ့အတွက် ကိုယ့်အခွင့်အရေးကို ရယူတာဆိုပင်မဲ့ သူများအခွင့်အရေး ကိုလည်း မထိခိုက်အောင် လေးစားပေးရမှာဖြစ်တယ်)**

**ဟီလာရီကလင်တန်**

*"လူ့အခွင့်အရေးသည် အမျိုးသမီးအခွင့်အရေးဖြစ်သလို၊ အမျိုးသမီးအခွင့်အရေးသည်လည်း လူ့အခွင့်အရေး ပင်ဖြစ်သည်။"*

**နယ်လ်ဆင်မန်ဒဲလား**

*"လူသားများအား လူ့အခွင့်အရေးကိုငြင်းဆန်စေခြင်းသည် သူတို့၏အကြွင်းမဲ့လူသား ဖြစ်တည်မှုကို စိန်ခေါ်စေခြင်းပင်ဖြစ်သည်။"*

**မာတင်လူသာကင်း**

- "ကျနော့်မှာ အိပ်မက်တခုရှိတယ်။ ဒီအိပ်မက်ကတော့ တနေ့ကျရင် ကျနော်တို့ နိုင်ငံဟာ လူအားလုံး တန်းတူညီမျှဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ကို အကောင်အထည် ဖော်လိမ့်မယ် ဆိုတဲ့ အိပ်မက်ဖြစ်ပါတယ်။
  - "ကျနော့်မှာ အိပ်မက်တခုရှိတယ်။ ဒီအိပ်မက်ကတော့ တနေ့ကျရင် ကျနော့်ရင် သွေး လေးယောက်ကို အသားအရောင်နဲ့ လူဆိုးလူကောင်းသတ်မှတ်တာမဟုတ်ဘဲ သူ့အကျင့်စာရိတ္တနဲ့ သတ်မှတ်လိမ့်မယ်ဆိုတဲ့ အိပ်မက်ဖြစ်ပါတယ်။"

Trainer Note အဆိုအမိန့်နဲ့ ပတ်သက်သည်များကို နည်းပြမှ အခြားနေရာများမှ လေ့လာထားရန်။

| Synthesis (အနှစ်ချုပ်ခြင်း) | 15min |
|---|---|

- သင်တန်းသားများကို မတ်တပ်ရပ်ပြီး ဝိုင်းစေပါ။
- ဆွေးနွေးသွားတဲ့အကြောင်းအရာတွေကို မှတ်မိသလောက် ပြောစေပါ။
- မိမိပြောစေချင်တဲ့သူကို ဘောလုံးပစ်ပေးပါ။
- ထိုသူမှ မိမိမှတ်မိသော သင်ခန်းစာကို ပြောစေပါ။

လိုအပ်သော ပစ္စည်းများ

- A4
- အဆိုအမိန့်စာရွက်များ
- Flip Chart
- Marker pen
- အဓိပ္ပါယ်
- Power Point

……………………………………………။………………………………………………

# Human Rights and UDHR History Module

-

## Objective (ရည်ရွယ်ချက်)

* ဘာသာတရားဆိုဆုံးမမှုများထဲက လူ့အခွင့်အရေးအယူအဆသဘောတရားနှင့် ကိုက်ညီတဲ့အချက်များကို ဆွေးနွေးဖော်ထုတ်တတ်လာစေရန်။
* ၂၀ရာစု မတိုင်ခင် လူ့အခွင့်အရေး အယူအဆသဘောတရားများ အဆင့်ဆင့်ဖြစ်ပေါ်လာမှုကို သိရှိနားလည်စေရန်။
* အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို သိရှိရန်။
* မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးလို့ မပြောဘဲ လူ့အခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲဝင်မှုများနှင့် လူ့အခွင့်အရေးကို ကာကွယ်ပေးသော ပြဌာန်းချက်များကို သိရှိစေရန်။

## Activity (လှုပ်ရှားမှု) ရုပ်ပုံဆွဲခြင်း 20 min

Introduction

- သင်ခန်းစာမစမီမှာ ပထမ သင်ခန်းစာနှင့် အောက်ပါအတိုင်း ချိတ်ဆက်ဆောင်ရွက်ပေးပါ။
- လူ့အခွင့်အရေးကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆို ခဲ့ကြသလဲ။နည်းပြမှ လူ့အခွင့်အရေးဆိုတာ တစ်ဦးကို တစ်ဦးအပြန်အလှန်လေးစားခြင်း၊ကိုယ်ချင်းစာခြင်း၊တရားမျှတမှုဖြစ်ခြင်း၊ မေတ္တာထားကူညီတာဖြစ်ကြောင်း ဆွေးနွေးပါ။
- သင်တန်းသားများကို ဘာသာအလိုက်အုပ်စုခွဲပြီး အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးပေးပါ။
- မိမိတို့ဘာသာတရားထဲတွင် လူ့အခွင့်အရေးစကားလုံးမသုံးဘဲ လူ့အခွင့်အရေးအယူအဆနှင့် တူညီသော ဆိုဆုံးမမှုများကို ဆွေးနွေးဖော်ထုတ်စေပါ။

Trainer Note ဘာသာတစ်ခုကများရင် လူညီအောင်ခွဲပြီး ယဉ်ကျေးမှုတွေအကြောင်း လောကနီတိ၊ စကားပုံအဖွဲ့တွေကို ဆွေးနွေးတင်ပြပေးပါ။

## Discussion (ဆွေးနွေးခြင်း) ၁၀- မိနစ်

- အဖွဲ့တွေကို ဆွေးနွေးတင်ပြပေးပါ။
- အဲဒီအချက်အလက်တွေကလူ့အခွင့်အရေးနှင့်ဘယ်လိုဆက်စပ်မှုရှိသလဲ။

Trainer Note

လူအင်အားနည်းတဲ့သင်တန်းသား ဘာသာဝင်တွေကို အရင်ပြောခိုင်းပါ။ ထပ်မံဖြည့်စွက်ရန် လိုအပ်ပါက နည်းပြက ဖြည့်ပေးပါ။

စကားဆက်

- လူ့အခွင့်အရေးဟူသောအယူအဆများသည်ယခုမှပေါ်ပေါက်လာခြင်းမဟုတ်ပဲ ရှေးနှစ်များစွာကပင်ရှိထားပြီးသား ဖြစ်သည်။
- ဘာသာတရားတွေရဲ့ ဆိုဆုံးမမှုတွေထဲမှာ လူ့အခွင့်အရေးအယူအဆများနှင့် တူညီသောအချက်များကို တွေ့ရပါတယ်။ ( ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ခွဲခြားခြင်း မရှိရ )
- အဲဒီအယူအဆကနေ လူ့အခွင့်အရေးအယူအဆတွေတဖြည်းဖြည်းတိုးတက်လာတာကို

လေ့လာကြည့်ကြရအောင်..

**Input (ဗဟုသုတဆွေးနွေးခြင်း)**

√ ဘာသာရေး၊ ဆုံးမစကားများကို အရင်ဆုံး ဆွေးနွေးစေပါ။

√ ကွန်ဖြူးရှပ်အတွေးအခေါ်

√ ဟမ္မူရာဘီကိုဓဥပဒေ


√ မဂ္ဂနာကာတာစာချုပ် (၁၂၁၅)

√ အင်္ဂလန်အခွင့်အရေးကြေညာစာတမ်း (၁၆၈၉)

√ ပြင်သစ်လူသားနှင့် နိုင်ငံသားတို့၏ အခွင့်အရေးကြေညာစာတမ်း (၁၇၈၉)

**Trainer Note**

အထက်ပါအကြောင်းအရာတခုချင်းစီကို ရောင်းစုံစက္ကူ (၇) ခုကို အသုံးပြုကာ (ရောင်စုံစက္ကူပေါ်တွင် သက်ဆိုင်ရာပုံများကို ရိုက်ထားမည်)


အမေရိကန်ဖွဲ့စည်းပုံ
အခြေခံဥပဒေ
ပြင်သစ်လူ့အခွင့်အရေးကြေညာစာတမ်း
အင်္ဂလန်လူ့အခွင့်အရေးကြေညာစာတမ်း
မဂ္ဂနာကာတာစာချုပ်
ဟမ္မူရာဘီ ကိုဒဥပဒေ
ကွန်ဖြူးရှပ်
ဘာသာတရား
(ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊
ခရစ်ယာန်၊ အစ္စလာမ်)
၂၀ ရာစု မတိုင်ခင် လူ့အခွင့်အရေး
အဆင့်ဆင့် တိုးတက်ပြောင်းလဲပုံ

Trainer Note:

⇒ ၂၀ ရာစုမတိုင်မီ လူ့အခွင့်အရေးသဘောတရားများ ဖြစ်ပေါ်လာပုံအဆင့်ဆင့်တို့၏ သမိုင်းကို သိထားရန် လိုအပ်သည့်အတွက် ကြိုတင်လေ့လာထားရန် လိုအပ်သည်။

**Activity (လှုပ်ရှားမှု) 20 Min**

လက်ဖြည်ကစားခြင်း

- •သင်တန်းသားအားလုံးကို အခန်းအလယ်တွင် စုခိုင်းပါ။
- •သင်တန်းသားများကို ကိုယ့်ရှေ့တွင်ရှိသော လူတစ်ဦးရဲ့လက်တစ်ဖက်နှင့် လက်တွဲခိုင်းပါ။
  - *ကိုယ့်ဘေးနားကပ်လျက်သူနဲ့ မတွဲရပါ။ လူတစ်ယောက်ထဲရဲ့ လက်နှစ်ဖက်နဲ့လည်း မတွဲရပါ။
- •သင်တန်းသားများကို လက်တွဲမပြုတ်စေဘဲ စက်ဝိုင်းတစ်ဝိုင်းထဲဖြစ်အောင် ပြန်ဖြည်ခိုင်းပါ။

**Discussion (ဆွေးနွေးခြင်း) 10 Min**

- ဘယ်လိုတွေဖြစ်ခဲ့သလဲ။
- ဘာအခက်အခဲတွေ ကြုံခဲ့ရသလဲ။

**စကားဆက်**

ဒီမှာရှိနေတဲ့ သင်တန်းသား ( ) ယောက်မျှလောက် လုပ်နေသည့်တိုင် ဤမျှခက်ခဲနိုင်ပါလျှင် ကမ္ဘာတွင် လူ့အခွင့်အရေးကြေညာစာတမ်းတစ်ခု ပြဌာန်းနိုင်အောင် ဆောင်ရွက်တဲ့နေရာမှာ ကြုံတွေ့နိုင်လောက်တဲ့ အခက်အခဲတွေကို သိအောင်လို့ လှုပ်ရှားရခြင်း ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း ဘယ်လိုပေါ်ပေါက်လာခဲ့လဲဆိုတာ လေ့လာကြည့်ကြရအောင်။

**Input (ဗဟုသုတဆွေးနွေးခြင်း)** (၃၀) မိနစ်

√ ပထမကမ္ဘာစစ်အပြီး ၁၉၁၉ တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးကို တည်ထောင်ခဲ့သော်လည်း မအောင်မြင်ပဲ ဒုတိယကမ္ဘာစစ် ထပ်မံဖြစ်ပွားခဲ့သည် ။

√ ဒုတိယကမ္ဘာစစ်အတွင်း ဟစ်တလာဦးဆောင်သော နာဇီပါတီသည် ဂျူးလူမျိုး (၆)သန်းကျော်အပါအဝင် ဂျူးများ၊ ဂျစ်ပစီများ၊ကိုယ်အင်္ဂါချို့တဲ့သူများ ၊လိင်တူ ချစ်သူများစသည့် အခြားလူများအား လူသားမဆန် စွာ ရက်စက် ၊ နှိပ်စက်ညှင်းပန်း သတ်ဖြတ်ခဲ့သည် ။ မျိုးဖြုတ်သတ်ဖြတ်ရန် အစီစဉ်ချမှတ်ခဲ့သည်။

√ ထိုသူများကို(သီးသန့် နေရာ /ရပ်ကွက်) သတ်မှတ်နေထိုင်စေခြင်း၊ ချွေးတပ်စခန်းများသို့စေလွှတ် ခိုင်းစေခြင်း၊ နောက်ဆုံး အဆပ်ငွေ့လွှတ်ကာ သတ်ဖြတ်ခြင်းများလုပ်ဆောင်ခဲ့သည်။

√ ထို့ကြောင့်စစ်အပြီးတွင် နာဇီခေါင်းဆောင်များသာမက အရပ်သားတာဝန်ရှိသူများပါ အဝင် စုစုပေါင်း အယောက် (၂၀၀) ကျော်ကို ဂျာမဏီနိုင်ငံ နျူရင်ဘတ်မြို့တွင် စစ်ခုံရုံးတင်အပြစ်ပေးခဲ့သည်။

√ အရှေ့အာရှတွင်လည်း ဂျပန်များ၏ ဖက်စစ်စနစ်ကြောင့် တာဝန်ရှိသူများကို ဂျပန်နိုင်ငံတိုကျိုမြို့တွင် ခုံရုံးတင်စစ်ဆေးအပြစ်ပေးခဲ့သည်။

√ စစ်အတွင်းကျူးလွန်ခဲ့သူများကို ခုံရုံးတင်စစ်ဆေးမှုများသာမက အလားတူလူသားချင်း မတရား ရက်စက်မှု၊ နှိပ်စက်ညှင်းပမ်းသတ်ဖြတ်မှုများ ထပ်မံမပေါ်ပေါက်စေရန် ၊ ငြိမ်းချမ်းရေး ထွန်းကားရေးနှင့် ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက်နိုင်ငံအစိုးရများက ကြိုးပမ်းလုပ်ဆောင်လာခဲ့ကြသည်။

√ ကမ္ဘာအနှံ့တွင် နိုင်ငံအစိုးရများက နိုင်ငံသားများ၏အခွင့်အရေးများကို ကာကွယ်ပေးနိုင်သော တကမ္ဘာ လုံးနှင့်လွှမ်းခြုံနိုင်မည့် လူ့အခွင့်အရေးစံချိန်စံညွှန်းများပေါ်ထွက်လာစေရန် တောင်းဆိုသံများပေါ်လာခဲ့ သည်။

√ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက် ၁၉၄၅ အောက်တိုဘာလ(၂၄)ရက်တွင် ထိုသို့စစ်ပွဲအန္တရာယ်များ ထပ်မံ မပေါ်ပေါက်စေရန်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုရှိရန်၊ ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက် လာစေရန် ၊လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့ကုလသမဂ္ဂ ပေါ်လာခဲ့သည်။

√ နိုင်ငံတကာက စုပေါင်းဆွေးနွေးလာပြီး ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၆၈)အရ လူ့အခွင့်အရေး ကော်မရှင် (Human Rights Commission) ကို ၁၉၄၆ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။

√ ထိုကော်မရှင်ကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင်ပါဝင်သော လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဟူသော အဓိပ္ပါယ်များကို ဖွင့်ဆိုရှင်းလင်းပြနိုင်မည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို ပြင်ဆင်ရေးဆွဲရန်တာဝန်ပေးခဲ့သည် ။

√ အမေရိကန်သမ္မတကတော် အယ်လီနာရုစဘဲ့(Eleanor Roosevelt) ဦးဆောင်သော လူ့အခွင့်အရေး ကော်မရှင်နှင့်ကနေဒါလူမျိုး ဒေါက်တာ ဂျွန်ပီတာဟန်ဖရီ၊ ပြင်သစ်လူမျိုး ဂျက်ကွက် မာရီတိန်း (Jacques Maritain) နှင့် ရေနေးကက်ဆင် (René Cassin)၊ လက်ဘနွန်နိုင်ငံမှ ချားလ်စ် မာလစ်ခ် (Charles Malik)၊ တရုတ်နိုင်ငံမှ ပီစီချမ်း (P. C. Chang ) တို့က တာဝန်ယူရေးဆွဲခဲ့သည်။

√ ထိုကော်မရှင်က မူကြမ်းရေးဆွဲတင်ပြလာသောအပိုဒ်များ ဖွဲ့စည်းပုံအခြေဥပဒေပေါင်း (၅၅) ခုကို လေ့လာခဲ့သည်။

√ ၁၉၄၇ ဇန်နဝါရီလမှ ၁၉၄၈ ခုနှစ်အတွင်း အစိုးရများ၏သုံးသပ်ချက်ကိုလက်ခံခဲ့သည်။

√ အစည်းအဝေးပေါင်း(၈၁)ကြိမ် ကျင်းပခဲ့ရပြီး၊ ပြင်ဆင်မှုပေါင်း(၁၆၈)ပြုလုပ်ခဲ့ရသည် ။

√ လူ့အခွင့်အရေးကြေညာစာတမ်းကို ဆွေးနွေးကြရာတွင် အနောက်နိုင်ငံ (၁၄) နိုင်ငံက လူသားတိုင်း မွေးရာပါအခွင့်အရေးအဖြစ်လက်ခံသည်။ တန်းတူညီမျှမှုနှင့် မခွဲခြားရေးအခြေခံမှုကို တင်ပြသည်။

√ အမေရိကအလယ်ပိုင်းနှင့် လက်တင်အမေရိက နိုင်ငံပေါင်း (၂၀) က အနောက်နိုင်ငံများ၏ အယူအဆကို လက်ခံခဲ့သည်။ ပိုမိုပြင်းထန် လေးနက်သော စကားလုံးကိုသုံးချင်သည်။

√ ဆိုရှယ်လစ်နိုင်ငံများ ( ဆိုဗီယက်ပြည်ထောင်စုနှင့် အရှေ့ဥရောပ နိုင်ငံအချို့) က မတ်စ်ဂါဒကို လက်ကိုင်ထားသည် လူ့အခွင့်အရေးဆိုသည်မှာ အရင်းရှင်စနစ်နှင့် ကိုလိုနီစနစ် အောက်တွင်သာလိုအပ်၊ ကွန်မြူနစ်အသိုင်းအဝိုင်းအတွင်း မလိုအပ်ဟုတင်ပြကြသည်။ စတာလင်အာဏာပုံစံမျိုးကိုသာ လိုလားခဲ့သည်။

√ အာရှ (၁၄) နိုင်ငံကရပ်တည်ချက်ပြင်းပြင်းထန်ထန် မရှိခဲ့ပါ။

√ မွတ်ဆလင်နိုင်ငံဖြစ်သော ဆော်ဒီအာရေးဘီးယားနှင့် ပါကစ္စတန်နိုင်ငံတို့က ယဉ်ကျေးမှုထုံးတမ်းစဉ်လာ ကို သတိထားရန် ထောက်ပြခဲ့သည်။

√ အာဖရိကန်နိုင်ငံ ( ၄) နိုင်ငံက- မူကြမ်းအပိုဒ် (၄) တွင် ဘုရားသခင်က ဖန်ဆင်းထားပေးချက်အရ ဟူသောအချက်ကိုထည့်ချင်၊ အချို့က သဘာဝတရားအရသာ  ထည့်ချင်ကြသည်။

√ အပိုဒ်(၄) ဥပဒေရှေ့တွင် တရားဥပဒေရှေ့မှောက် လူတိုင်းတန်းတူညီမျှမှုရှိရမည်ကို တောင်အာဖရိက နိုင်ငံသဘောမတူခဲ့။ ဤ သည်ကို ကျန်သောနိုင်ငံအားလုံးက ကန့်ကွက်ခဲ့၍ လက်ခံသွားခဲ့သည်။

√ ကွန်မြူနစ်နိုင်ငံများက နိုင်ငံသား၊ နိုင်ငံရေးအခွင့်အရေးများသာ ပါဝင်နေကြောင်းထောက်ပြခဲ့သည်။

√ နောက်ဆုံးတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့်ဆက်စပ်သည့် အပိုဒ် ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ တို့ကို ဖြည့်စွက်၊ အချို့သော အပိုဒ်များကို အပြောင်းအလဲ ပြုလုပ်ပြီးနောက် လက်ခံခဲ့သည်။

√ ဆော်ဒီအာရေးဗီးယား ကိုယ်စားလှယ်က အပိုဒ် (၁၈) တွင်ပါဝင်သော ဘာသာရေးပြောင်းလဲခွင့်ကို ကန့်ကွက်ခဲ့၊ သို့သော် အခြားသူများက ထိုတင်ပြချက်ကို ဝိုင်းဝန်းဆန့်ကျင်ခဲ့ကြသည်။

√ အချို့ကက်သလစ် ကိုယ်စားလှယ် များက အပိုဒ် (၁၆) ပါသည့် လက်ထပ်ရာတွင် ကျား၊ မ တန်းတူညီမျှခွင့်နှင့် ပတ်သက်၍ မေးခွန်းများထုတ်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လက်ခံခဲ့သည်။

√ အစိုးရကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြင့် အကြိမ်ကြိမ်ဆွေးနွေးမှုများပြုလုပ်ပြီး ၁၉၄၈ ဇွန်လတွင်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကိုအပြီးသပ်ခဲ့သည်။

√ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ(၁၀) ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှနေ၍ထိုကြေညာစာတမ်းကိုအတည်ပြုပြဌာန်းနိုင်ခဲ့သည်။

√ နိုင်ငံပေါင်း(၄၈)နိုင်ငံက ထောက်ခံခဲ့သည်။

√ ဘဲလရုစ်၊ ချက်ကိုစလိုဗေးကီးယား၊ ပိုလန်၊ ဆော်ဒီအာရေးဘီးယား၊ တောင်အာဖရိက၊ ယူကရိန်း၊ ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုစလားဗီးယားနိုင်ငံ(၈)နိုင်ငံတို့က ကြားနေခဲ့ကြသည်။

√ မြန်မာနိုင်ငံက ပထမဦးဆုံး ထောက်ခံမဲပေးခဲ့သည်။

√ ကန့်ကွက်သည့်နိုင်ငံလုံးဝမရှိပဲ အတည်ပြုပြဌာန်းနိုင်ခဲ့သည်။

√ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ်ပေါင်း(၃၀) ပါဝင်သည်။

| Deepening (လက်တွေ့ဘဝနှင့် ဆက်စပ်ခြင်း) | (၁၅) မိနစ် |
|---|---|

- မြန်မာနိုင်ငံ၏ အောက်ပါ ခေတ်အဆက်ဆက် ပိုင်းခြားမှုကို ပြောပြပါ။
  - ⇒ ၁၉၄၈ လွတ်လပ်ရေးမတိုင်မီခေတ်၊ ၁၉၄၈-၁၉၆၂ ပါလီမန်ဒီမိုကရေစီခေတ်၊ ၁၉၆၂-၁၉၇၄ (အိမ်စောင့်အစိုးရ)၊ ၁၉၇၄-၁၉၈၈ ( မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်)၊ ၁၉၈၈-၂၀၁၀ ( န.ဝ.တ၊ န.အ.ဖ)၊
- ထိုကာလအပိုင်းအခြားတွင် လူ့အခွင့်အရေးလို့မပြောဘဲ လူ့အခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲတွေ ဘာတွေရှိခဲ့လဲ နှင့် လူ့အခွင့်အရေးကို အကာအကွယ်ဖြစ်စေသော ပြဌာန်းချက်များကို ဆွေးနွေးဖော်ထုတ်ပါ။
  - ⇒ လှုပ်ရှားမှုနှင့် အခွင့်အရေး ဘယ်လိုအဆက်အစပ်မှု ရှိလဲ ဆွေးနွေးစေပါ။
- အခြားနိုင်ငံတွေမှာ လူ့အခွင့်အရေးလို့ အမည်မခံဘဲ လှုပ်ရှားမှုတွေရှိသလို မြန်မာနိုင်ငံမှာလည်း လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်လှုပ်ရှားမှုတွေ အရင်ကတည်းက ရှိနေခဲ့ပြီးဖြစ်တယ်ဆိုတာ ဆွေးနွေးပါ။

**Trainer Note**

လူ့အခွင့်အရေးအမည်မခံပဲ မိမိတို့လွတ်လပ်မှုနှင့်ဂုဏ်သိက္ခာတို့အတွက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြသည့် မြန်မာ့သမိုင်းဖြစ်စဉ်များ (ဥပမာ- ပထမကျူးကျော်စစ်၊ ဒုတိယကျူးကျော်စစ်၊ တတိယကျူးကျော်စစ်၊ ဗြိတိသျှကိုလိုနီ၊ ပထမကျောင်းသားသပိတ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ဆရာစံတောင်သူလယ်သမားအရေးတော်ပုံ၊ သခင်ဖိုးလှကြီး အလုပ်သမားသပိတ်၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသပိတ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံ၊ လွတ်လပ်ရေးရပြီး ၈၈ ထိ အရေးအခင်းများ၊ ရန်ကုန်တက္ကသိုလ် ဂျူလိုင် (၇)၊ ဦးသန့်အရေးအခင်း၊ ဆင်မလိုက်သင်္ဘောကျင်း အလုပ်သမားသပိတ်၊ ၈၈ နောက်ပိုင်း နိုင်ငံရေးမတည်ငြိမ်မှုများ၊ ၁၉၉၀ ရွေးကောက်ပွဲ၊ ၂၀၀၇ ရွှေဝါရောင်အရေးအခင်း၊ လက်ပံတန်းကျောင်းသားသပိတ်၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၊ သင်ငယ်မှုဒိမ်းအတွက် ဆန္ဒပြ အဲ့တာတွေ လေ့လာထားရန်။

| Synthesis (အနှစ်ချုပ်ဆွေးနွေးခြင်း) | (၁၅) မိနစ် |
|---|---|

- အုပ်စု ၂ စုခွဲပါ။
- Sticky Note များကို တစ်ဖွဲ့စီဝေပေးပါ။
- အောက်ပါ မေးခွန်း (Multiple Choice) ကို မေးမြန်းပါ။
- သင်တန်းသားများအနေဖြင့် အမှန်ဆုံးနဲ့ အမြန်ဆုံးဖြေဆိုရမည်ဖြစ်ကြောင်းပြောပါ
- အမှတ်အများဆုံးရအောင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ပြောပါ။

မေးခွန်းများ(concept အကြောင်းအရာပါအောင်ထည့်ရန်)

1. မဂ္ဂနာကာတာစာချုပ်သည် -------- နိုင်ငံတွင် ပေါ်ပေါက်လာခဲ့သော စာချုပ်ဖြစ်သည်။
   (ပိုလန်၊ အင်္ဂလန်၊ နယ်သာလန်)
2. အင်္ဂလန်အခွင့်အရေးကြေညာစာတမ်းသည် --------- ခုနှစ်တွင် ပေါ်ပေါက်လာခဲ့သည်။
   (၁၇၉၁၊ ၁၂၁၅၊ ၁၆၈၉)
3. အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ထောက်ခံသည့်နိုင်ငံပေါင်းမှာ --------- နိုင်ငံဖြစ်သည်။ (၄၈၊ ၉၈၊ ၅၈)
4. အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို ထောက်ခံခဲ့ခြင်းမရှိပဲ ကြားနေခဲ့သည့်နိုင်ငံ ------- ရှိသည်။ (၁၈၊ ၈၊ ၆)
5. အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို ------------ နိုင်ငံ၊ ပဲရစ်မြို့တွင် အတည်ပြု ပြဌာန်းနိုင်ခဲ့သည်။ (ဘဲလာရု၊ စပိန်၊ ပြင်သစ်)
6. အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းကို ----------- လ၊ ၁၀ ရက်နေ့တွင် ပြဌာန်းခဲ့သည်။ (နိုဝင်ဘာ၊ ဇန်နဝါရီ၊ ဒီဇင်ဘာ)
7. အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို ဦးဆောင်ရေးဆွဲခဲ့သူမှာ အမေရိကန်သမ္မတကတော် ----------- ဖြစ်သည်။ (မစ်ရှဲလ်အိုဘားမား၊ အဲလီနာရူစဘဲ့၊ မီရှဲလ်ယို)
8. ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ရည်ရွယ်ချက် ------- ခု ဖြင့် ဖွဲ့စည်းခဲ့သည်။ (၃၊ ၄၊ ၅)
9. နာဇီခေါင်းဆောင်အပါအဝင် လူပေါင်း (၂၀၀) ကျော်ကို ဂျာမဏီနိုင်ငံ ---------- မြို့ရှိ စစ်ခုံရုံးတွင် အပြစ်ပေးခဲ့သည်။ (နျူရင်ဘတ်၊ ဘာလင်၊ ကိုလုံး)
10. အရှေ့အာရှတွင် တာဝန်ရှိသူဖက်ဆစ်ဂျပန်များကို --------- နိုင်ငံ တိုကျိုမြို့တွင် စစ်ခုံရုံးတင် အပြစ်ပေးခဲ့သည်။ (ကိုရီးယား၊ ဂျပန်၊ တရုတ်)

# Universal Declaration of Human Rights

## Objective (ရည်ရွယ်ချက်)

* အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အပိုဒ်များ၏ အဓိပ္ပာယ်ကို သိရှိလာစေရန်။
* အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းတွင် ပါဝင်သော အခွင့်အရေး၊ တာဝန်များနှင့် လက်တွေ့ဘဝအခြေအနေကို ဆက်စပ်ဆွေးနွေးဖော်ထုတ်စေရန်၊ ချိုးဖောက်မှုဥပမာများကို လေ့လာမိစေရန်။
* လူ့အခွင့်အရေးသဘောသဘာဝအရခွဲခြားထားသော လူ့အခွင့်အရေးအမျိုးအစားများကို သိရှိစေရန်။

## Activity (လှုပ်ရှားမှု) ရုပ်ပုံဆွဲခြင်း 45min

မိချောင်း၊ ဖား၊ ကြာရွက်

1. သင်တန်းခန်းမအတွင်း စက္ကူများကိုချထားပါ၊ သင်တန်းပို့ချသူက ထိုစက္ကူများသည်ကြာရွက်များဖြစ်ကြောင်း၊ သင်တန်းသားအားလုံးသည် ယခုအချိန်မှစ၍ ရေကန်တွင်ပျော်ရွှင်စွာ ကစားနေကြသော ဖားကလေးများဖြစ်ကြောင်း၊ ထိုရေကန်တွင် မိကျောင်းကြီးတစ်ကောင်းရှိကြောင်းပြောပြပါ။
2. ထိုနောက် သင်တန်းသားများအား အခန်းအတွင်း လွတ်လပ်စွာလှည့်လည်သွားစေ၍ ခေါင်းလောင်းတီးလိုက်သည်နှင့် ထိုစက္ကူများပေါ်တွင် လုတက်ရပ်ခိုင်းပါ။
3. စက္ကူတစ်ရွက်တွင် လူတစ်ယောက်သာရပ်ရမည်။ ရေထဲကျန်နေသူများမှာ မိကျောင်ကိုက်စားခံရခြင်းဖြစ်ပြီး ကစားခြင်းမှ နတ်ထွက်ရပါမည်။
4. ပထမ အကြိမ်တွင် စက္ကူပိုနေအောင်ချထားပြီး တဖြည်းဖြည်းလျော့လိုက်ရမည်ဖြစ်သည်။ စက္ကူမရလူများကို ညံ့လို့မရကြောင်း၊ အသုံးမကျကြောင်းပြောဆိုပေးပါ။
5. ဒုတိယ အဆင့်တွင် ကြိုးတစ်ချောင်းဖြင့် ဝိုင်းလိုက်ပြီး ဝိုင်းအလယ်တွင် မိမိရွေးချယ်သော လူအနည်းစုကို တော်သည်၊ပြောစကားနားထောင်သည် စသည်ဖြင့်ချီးမွမ်းပြောဆိုပြီး ဝိုင်းအထဲတွင်နေပါစေ။
6. စက္ကူအများစုကို ဝိုင်းအတွင်းထည့်ထား၍ အပြင်ဝိုင်းပတ်ပတ်လည်တွင် စက္ကူအနည်းငယ်သာချထားသော ဝိုင်းအပြင်ရှိလူများကိုအရင် အတိုင်းပြန်လုပါစေ။
7. စည်းကမ်းချက်မှာ အထဲကလူများသည် အပြင်စက္ကူကိုလုနိုင်ပြီး အပြင်ကလူက အထဲက စက္ကူကိုသွားလု၍ မရပါ။ ထိုနည်းဖြင့် အပြင်လူအားလုံးပြုတ်သွားသည့် အထိဆက်လက်ကစားသွားခိုင်းပါ။

## Discussion (အပြန်အလှန်ဆွေးနွေးခြင်း)

- လှုပ်ရှားမှုပြီးသွားပါက သင်တန်းသားများကိုအားလုံးဝိုင်းထိုင်ခိုင်းပါ။
  ထို့နောက်အောက်ပါမေးခွန်းများကိုမေး၍ ဆွေးနွေးပါ။
- ဘယ်လိုခံစားမှုဖြစ်ပေါ်ခဲ့သလဲ?

⇒ ရွှေဖားတွေက ဘယ်လိုခံစားရလဲ? ဘာကြောင့်လဲ?

⇒ သာမာန်ဖားတွေက ဘယ်လိုခံစားရလဲ? ဘာကြောင့်လဲ?

- ဘယ်လိုဖြစ်ခဲ့လဲ?
- အဲ့ဒီလှုပ်ရှားမှုကို ဘယ်လိုမြင်လဲ? ဘာကြောင့်လဲ?
- လက်တွေ့ ဘဂမှာဆိုလျှင် ကြိုးအတွင်းက ဖားတွေကဘယ်သူဖြစ်နိုင်လဲ၊ဘာကြောင့်လဲ။
- ကြိုးအပြင်ဖက်က သာမာန်ဖားတွေက လက်တွေ့ဘ၀မှာဆိုလျှင် ဘယ်သူတွေလဲ?
- ခေါင်းလောင်းကိုင်ပြီး အမိန့်ပေးတဲ့သူကရော ဘယ်သူတွေဖြစ်နိုင်သလဲ?
- စည်းဝိုင်းကရော လက်တွေ့ဘ၀မှာဆိုလျှင် ဘာဖြစ်နိုင်သလဲ?

*Conjunction:*

အခုလိုမျိုး ခွဲခြားဆက်ဆံမှုတွေရှိနေသည့်အတွက်ကြောင့် UDHR ရဲ့ အပိုဒ် ၁ နဲ့ ၂ မှာ ဘာတွေပြဌာန်းထားလဲဆိုရင် ....

## Input (ဗဟုသုတပေးခြင်း) (၁၅)မိနစ်

အပိုဒ် (၁) လွတ်လပ်ခွင့်နှင့် လူ့ဂုဏ်သိက္ခာ ( လူသားတိုင်းခံစားခွင့် Universality)

လူတိုင်း မွေးဖွားကတည်းက တူညီသော လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးရှိသည်။

အပိုဒ် (၂) တန်းတူညီမျှခြင်း၊ တရားမျှတခြင်း၊ မခွဲခြားခြင်း (Nondiscrimination)

လူတိုင်း အသားအရောင်၊ လိင်၊ ကိုးကွယ်သည့်ဘာသာ တန်းတူညီမျှဖြစ်သည်။

## Activity (လှုပ်ရှားမှု) (၄၅) မိနစ်

- သင်တန်းသားများကို အဖွဲ့ (၃) ဖွဲ့ခွဲပါ
- တစ်ဖွဲ့လျှင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၇၊၈၊၁၀၊၁၁၊၁၄၊၁၅၊၁၆၊၁၇၊၁၈) များကို တစ်ဖွဲ့လျှင်(၃) ပိုဒ်ပေးပါ။
- သင်တန်းနည်းပြမှ အပိုဒ် (၄) နှင့် (၆) ကို နမူနာပြရှင်းပြပါ။
- သင်တန်းသားများကို အောက်ပါမေးခွန်းများဖြင့် အဖွဲ့တွင်းဆွေးနွေးစေပါ။
- ကိုယ်ရထားတဲ့အပိုဒ်များကို ဘယ်လိုနားလည်သလဲ? (အဓိပ္ပာယ်ကို မေးခြင်းဖြစ်)

## Discussion and Input

အဖွဲ့တွင်းဆွေးနွေးထားချက်များကို တစ်ပိုဒ်ချင်း ပြန်လည်ဆွေးနွေးတင်ပြစေပြီး နည်းပြမှ သင်တန်းသားများနှင့် အပြန်အလှန်ဆွေးနွေးပြီး ဖြည့်စွက်ပါ။

| အဓိပ္ပါယ် | ချိုးဖောက်မှုဥပမာ | ခြွင်းချက် |
|---|---|---|
| **အပိုဒ်(၄)**<br>**မည်သူ့ကိုမျှ ကျွန်အဖြစ် စေခိုင်းခြင်းမပြုရ။**<br><br>**ကျွန်**<br>ထိုက်သင့်သောလုပ်အားခမရတာ<br>ဆန္ဒမပါဘဲလုပ်ရခြင်း<br>ခြိမ်းခြောက်အကြပ်ကိုင်ပြီးခိုင်းစေခြင်း<br>အမြတ်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် ခိုင်းစေခြင်း။<br>သက်ရောက်မှု (ရုပ်၊ စိတ်၊ စီးပွားရေး) ကို ထိခိုက်မှုဖြစ်စေခြင်း။ | - ပြည့်တန်ဆာဖြစ်သွတ်သွင်းခံရခြင်း၊<br>အတင်းအဓမ္မစေခိုင်းရခြင်း။<br>- လူကုန်ကူးခြင်း<br>- ပေါ်တာဆွဲခြင်း<br>- ကလေးအလုပ်သမား<br>- အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း။ | ခြွင်းချက်မရှိ<br><br>အတင်းအဓမ္မခိုင်းစေခြင်း<br>- သဘာဝဘေးအန္တရာယ်ကြုံရတဲ့အချိန်၊ တိုင်းတပါးနဲ့ စစ်ဖြစ်တဲ့အချိန် |
| **အပိုဒ် (၆) လူတိုင်းတရားဥပဒေရှေ့မှောက်တွင် လူသားကဲ့သို့ ဆက်ဆံခံရမည်။**<br><br>-စွတ်စွဲခံရသူရဲ့အခွင့်အရေး<br>ဥပဒေရှေ့တွင် လူသားအဖြစ် ဆက်ဆံခံရခွင့်။<br>-ဖမ်းဆီးချိန်<br>ထိန်းသိမ်းစဉ်ကာလ<br>(ကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်)<br>တရားစီရင်ချိန်<br>(ရှေ့နေငှားခွင့်၊ သက်သေအယူခံရရှိခွင့်၊ လူအများကြားနာခွင့်၊ အာမခံချက်ရပိုင်ခွင့်၊ အမြန်ဆုံးတရားစီရင်ပိုင်ခွင့်) | - စစ်ခုံရုံးတွင် တရားစီရင်ခြင်း<br>- ထောင်ပူးဝတွင် တရားစီရင်ခြင်း။ | မရှိ |

| အဓိပ္ပါယ် | ချိုးဖောက်မှုဥပမာ | ခြွင်းချက် |
|---|---|---|
| အပိုဒ် (၇) **လူတိုင်း တရားဥပဒေရှေ့မှောက်တွင် တန်းတူဖြစ်သည်။ ကျောသားရင်သား၊ မခွဲခြားရ။**<br>ဥပဒေရှေ့တွာန်းတူရရှိခွင့်။<br>ကျား၊ မ၊ ဆင်းရဲ၊ ချမ်းသာ ၊ ရာထူးလုပ်ပိုင်ခွင့်၊ တိုင်းရင်းသား၊ ဘာသာဝင်၊ နိုင်ငံသားဖြစ်မှု၊ မဖြစ်မှု၊ တန်းတူအခွင့်အရေး ရရှိရမယ်။ | • အဂတိလိုက်စားပြီးဆုံးဖြတ်ချက်ချခြင်း။<br>• ဘက်လိုက်ခြင်း (ကိုယ့်ဘက်ကို နိုင်ချင်တယ်)<br>• မျက်နှာလိုက်ခြင်း (ကိုယ့်ကို ဦးစားပေးစေချင်)<br>• ကြောက်ရွံ့ခြင်း။<br>• (အဂတိ လေးပါး)<br>• ဆန္ဒာဂတိ<br>• (ချစ်ခင်သူမို့ ဘက်လိုက်ဆုံးဖြတ်ပေး)<br>• ဒေါသဂတိ<br>• ( မတည့်သူ၊ မုန်းသူမို့ မတရားဆုံးဖြတ်ပေး)<br>• မောဟာဂတိ<br>• (အဆိုး၊ အကောင်း မဆုံးဖြတ်နိုင်ဘဲ ဝေဝါးဆုံးဖြတ်)<br>• ဘယာဂတိ<br>• (ကြောက်လို့ အမှန်တရားအတိုင်း မဆုံးဖြတ်ပေးတာ) | မရှိ |
| **အပိုဒ် (၈)**<br>**အခွင့်အရေး ချိုးဖောက်ခံရပါက ဥပဒေ အကူအညီရယူခွင့်ရှိသည်။**<br>တိုင်ကြားမှုယန္တရား<br>တိုင်ကြားနိုင်ရမယ်။<br>တိုင်ကြားမှုကို အရေးယူဆောင်ရွက်ပေးရမယ်။<br>နစ်နာကြေး၊ လျော်ကြေးတောင်းခံပိုင်ခွင့်။ | • - တိုင်ကြားစာဖျောက်ဖျက်<br>• - သက်သေခံပစ္စည်းဖျောက်ဖျက်<br>• - အရေးယူဆောင်ရွက်မှုမလုပ်<br>• - တိုင်တဲ့သူကို ပြန်ဖမ်းဆီးမှုလုပ်ခြင်း။<br>• - အမှုဆင်ဖမ်းခြင်း။ | မရှိ |

| အဓိပ္ပါယ် | ချိုးဖောက်မှုဥပမာ | ခြွင်းချက် |
|---|---|---|
| အပိုဒ်(၁၀) လူတိုင်း မျှတသော တရားစီရင်မှုခံခွင့်ရှိသည်။ လူအများကြားနာနိုင်သော တရားရုံးဖြစ်ရမည်။<br>တရားရုံးအတွင်း တရားသူကြီး၊ နှစ်ဖက်ရှေ့နေ၊ စွတ်စွဲသူ၊ စွတ်စွဲခံရသူ၊ မိသားစုဝင်၊ ပညာရှင်။ | - | - ကလေးသူငယ်များနှင့်ကလေးသူငယ်များနှင့်ဆက်စပ်နေသောအမှု<br>- သတင်းရယူခွင့်က တရားသူကြီးရဲ့ခွင့်ပြုချက်ပေါ်မှာ မူတည်တယ်။ |
| **အပိုဒ်(၁၁) ခိုင်လုံသော အထောက်အထားမရှိမချင်း ထိုသူသည်အပြစ်မရှိ။**<br>• တရားရုံးက အမိန့်မချမခြင်း အပြစ်ကင်းသူအဖြစ် ခံယူပိုင်ခွင့်<br>• တရားခံဆိုပြီး သတင်းထုတ်ပြန်လို့မရဘူး။<br>• (တရားရုံးမှာ ခေါ်ဆိုတာရှိပေမယ့် မီဒီယာမှာ သုံးလို့မရ)<br>• ခိုင်လုံတဲ့ သက်သေအထောက်အထားမရှိရင် အပြစ်ပေးလို့မရ။ | • သက်သေအထောက်အထားမခိုင်လုံပဲ အပြစ်ပေးသံသယဖြင့် အပြစ်ပေးတာ | မရှိ |
| **အပိုဒ်(၁၄)**<br>**မတရားအပြစ်ပေးခံရပါက အခြားနိုင်ငံများသို့ ခိုလှုံခွင့်တောင်းခံနိုင်သည်။**<br>• ဒုက္ခသည်အဖြစ် လျှောက်ထားခွင့်<br>• ခံယူခွင့်<br>• ဒုက္ခသည်အဖြစ် ဘယ်သူက အသိအမှတ်ပြုလဲ?<br>• ဘယ်လိုမျိုးက ဒုက္ခသည်လဲ?<br>• ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက အသိအမှတ်ပြု<br>• (ယုံကြည်ချက်ကြောင့် မတရား အပြစ်ပေးခံရမယ်ဆိုရင် လျှောက်လို့ရတာ | - | ရာဇဝတ်သားအဖြစ် |

| အဓိပ္ပါယ် | ချိုးဖောက်မှုဥပမာ | ခြွင်းချက် |
| --- | --- | --- |
| ပြည်တွင်းစစ်ဖြစ်နေတယ်၊ အသက်အန္တရာယ်ကို စိုးရိမ်ရတဲ့အခြေအနေ၊<br>• အခြားနိုင်ငံသို့ ရောက်ရှိနေသူ<br>• IDP တွေက ဒုက္ခသည်မဟုတ်ဘူး။ အကျုံးမဝင်ဘူး။ ပုန်းအောင်း ရွှေ့ပြောင်းတဲ့သူတွေ။<br>• နောက်ထပ်တိုးတာက ကလေးစစ်သား<br>• အတင်းအကြပ်ပြန်ပို့လို့မရဘူး<br>• အခြားနိုင်ငံသို့ ခိုလှုံခွင့် တောင်းခံနိုင်သည်။ (တောင်းဆိုပိုင်ခွင့်ကိုပြောတာ၊ ပေးတာမပေးတာက နိုင်ငံတွေရဲ့ဥပဒေ သက်ဆိုင်ရာနိုင်ငံရဲ့ နိုင်ငံသားဖြစ်ခွင့်ကို တောင်းကြတယ်။ | - | |
| **အပိုဒ် (၁၅)**<br>**လူတိုင်းနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့်ရှိသည်။ ဆန္ဒရှိပါက အခြားနိုင်ငံသားအဖြစ်ခံယူနိုင်ခွင့်၊**<br>• မည်သူကိုမျှ နိုင်ငံသားအဖြစ်မှ အကြောင်းမဲ့ ပစ်ပယ်ခွင့်မရှိ<br>• ဆန္ဒရှိပါက အခြားနိုင်ငံသားအဖြစ်ပြောင်းလဲတောင်းခံခွင့်ရှိသည်။<br>• နိုင်ငံမဲ့လူသားမဖြစ်ရဘူး | • နိုင်ငံသားစီစစ်ရေးကဒ်ပြားမထုတ်ပေးခြင်း<br>• တိုင်းရင်းသားတွေကို နိုင်ငံသားအဖြစ် အသိအမှတ်မပြုခြင်း။ | နိုင်ငံတစ်နိုင်ငံ၏နိုင်ငံသားဖြစ်မှုဥပဒေ ပေါ်တွင်မူတည်သည်။ |
| **အပိုဒ် (၁၆) အရွယ်ရောက်ပြီးသူတိုင်း မိမိဆန္ဒဖြင့် လက်ထပ်ခွင့်၊ အိမ်ယာထောင်ခွင့်ရှိသည်။**<br>လက်ထပ်ခွင့် } အရွယ်ရောက်၊ မိမိဆန္ဒပါရမယ်။<br>လက်မထပ်ဘဲနေခွင့်<br>ပေါင်းသင်းချိန်၊ ကွာရှင်းချိန်တွင် တန်းတူဖြစ်ရမယ်။<br>နှစ်ဦးသဘောတူဖြစ်ရမယ်။ | • အရွယ်မရောက်မီ အိမ်ထောင်ချပေးခြင်း။<br>• အတင်းအဓမ္မပေးစားခြင်း။<br>• အတင်းအဓမ္မခွဲခြင်း | - သက်ဆိုင်ရာ ဓလေ့ထုံးစံအရ အရွယ်ရောက်သော အသက်သတ်မှတ်ချက် ကွာခြားနိုင်သည်။ |

| အဓိပ္ပါယ် | ချိုးဖောက်မှုဥပမာ | ခြွင်းချက် |
| --- | --- | --- |
| **အပိုဒ် (၁၇)**<br>**လူတိုင်းကိုယ်ပိုင်ပစ္စည်းပိုင်ဆိုင်ခွင့်ရှိသည်။**<br>• ရွှေ့ပြောင်းလို့ရတဲ့ပစ္စည်း<br>• ရွှေ့ပြောင်းလို့မရတဲ့ပစ္စည်း<br>• တီထွင်ဖန်တီးမှု<br>• ကိုယ့်အကြောင်း<br>• ခန္ဓာကိုယ် | • အတင်းအဓမ္မသိမ်းယူခြင်း<br>• ခိုးယူခြင်း<br>• လုယက်ဖျက်ဆီးခြင်း<br>• မိတ္တူကူး<br>• ခွင့်ပြုချက်မရှိဘဲ အသံ၊ ရုပ်ပုံ၊ သတင်းတွေကို အသုံးပြုခြင်း | တရားဝင် ရရှိထားသော ပစ္စည်းသက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်မှု |
| **အပိုဒ် (၁၈) လူတိုင်းလွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိသည်။**<br>• လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ မကိုးကွယ်ခွင့်။<br>• ဆန္ဒရှိပါက အခြားဘာသာသို့ ကူးပြောင်းခွင့်။ | လူနည်းစု ဘာသာရေးအပေါ် ခွဲခြားဖိနှိပ်ခြင်း<br>ဘာသာရေးအဆောက်အဦများ ဖျက်ဆီးခြင်း<br>ဘာသာစာပေများ ထုတ်ဝေခွင့်မရှိ<br>ဝတ်ပြုပွဲများကို ကျင်းပခွင့်မရှိ<br>ပြောင်းလဲခွင့်ကို ကန့်သတ်ခြင်း | • တခြားဘာသာကို ပုတ်ခတ်ပြောဆိုခြင်း။<br><br>- |

| အဓိပ္ပါယ် | ချိုးဖောက်မှုဥပမာ | ခြွင်းချက် |
|---|---|---|
| **အပိုဒ် (၂၂) လူတိုင်းလူမှုဖူလုံရေး ခံစားခွင့်ရှိသည်။**<br>• Social Sucurity<br>• လူမှုဖူလုံခွင့် ( အသက်အာမခံ၊ ပင်စင်၊ လျော်ကြေး၊ ဆေးခွင့်၊<br>• တိုင်းပြည်၏ အရင်းအမြစ်များကို အစွမ်းကုန်အသုံးချတာ။ | • ခံစားရမှုအခြေအနေကို ကြည့်ရမယ်။<br>• အစိုးရက လုပ်ပေးနိုင်ရဲ့သားနဲ့ မလုပ်ပေးတာလား?<br>• လုပ်ပေးချင်ပေမယ့် မလုပ်ပေးနိုင်တဲ့အခြေအနေလား ဆိုတာ ကြည့်ရမယ်။<br>• ပင်စင်လစာနည်း<br>• လျော်ကြေးမရရှိခြင်း<br>• ဘိုဘွားများကို စောင့်ရှောက်မှု တာဝန်မကြေခြင်း။ | - |
| **အပိုဒ် (၂၃) လူတိုင်းသင့်တင့်သောလစာဖြင့် အလုပ်လုပ်ခွင့်၊ အလုပ်သမားသမဂ္ဂများသို့ ဝင်ရောက်ခွင့်။**<br>1. လူတိုင်း အလုပ်လုပ်ခွင့်။<br>2. အလုပ်သမားသမဂ္ဂသို့ ဝင်ခွင့်/ မဝင်ခွင့်။<br>3. လုပ်အားခ၊ သင့်တင့်သော လုပ်အားခ၊ တူညီသောအလုပ်အတွက် တူညီသောခံစားခွင့်ရှိရမယ်၊ အနိမ့်ဆုံး လုပ်အားခကို သတ်မှတ်ပေးရန်။ (တွက်ချက်ပုံ - အခြေခံကုန်ကျစရိတ်+အပို ၅၀(ဥပမာ) = လုပ်အားခ) ဒေသမတူညီရင် လုပ်အားခရရှိမှုတူညီမှုလည်း မရှိ။<br>4. လုပ်ငန်းခွင် - လုံခြုံမှု (ရုပ်၊ စိတ်)၊ ကာအိန္ဒြေထိပါး နှောင့်ယှက်မှု၊ ကျန်းမာရေး (အိမ်သာ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊)<br>5. အနိမ့်ဆုံး အလုပ်လုပ်နိုင်သော အသက်သတ်မှတ်ချက်။ | - | • ကလေးအလုပ်လုပ်ခွင့်မရှိ<br>• မြန်မာနိုင်ငံ အလုပ်ရုံ၊ ဈေးဆိုင်ဥပဒေ<br>•<br>• ၁၄ နှစ်အောက်ကို ခိုင်းခွင့်မရှိ။D<br>• ၁၄ - ၁၆ နှစ် ကလေးလုပ်သားသတ်မှတ်<br>• ၁၆ နှစ် အထက် ကို လူကြီးကဲ့သို့ ခိုင်းစေနိုင်။<br><br>- |

| Activity(လှုပ်ရှားမှု) | ၂၀ မိနစ် |
|---|---|

- သင်တန်းသားများကို အဖွဲ့ (၅) ဖွဲ့ခွဲပါ။
- အောက်ပါ မောင်နေဇာဇာတ်လမ်းကို တစ်ယောက်တစ်ရွက်စီပေးဝေပါ။
- ထို့နောက် အောက်ပါမေးခွန်းများဖြင့် အဖွဲ့အတွင်း ဆွေးနွေးစေပါ။
  - ⇒ ဘယ်အခွင့်အရေးတွေကို ချိုးဖောက်ခံရလဲ?
  - ⇒ ဘယ်သူက ချိုးဖောက်တာလဲ?
  - ⇒ ဘယ်သူက ချိုးဖောက်ခံရတာလဲ?

**Case Study**

မောင်နေဇာသည် ဆုံကုန်းကျေးရွာတွင် နေထိုင်သည့် နှစ်အရွယ်တက်ကြွသောလူငယ်တစ်ဦးဖြစ်သည်။ ၂၇ မောင်နေဇာတို့ ကျေးရွာလေးတွင် ကျေးရွာအုပ်ချုပ်ရေးမှူးဆိုသော်လည်း သူတို့ရွာလေးက အရင်ခေတ်တုန်းက သူကြီးကဲ့သို့ အာဏာရှိသည်။ ရပ်ရွာလူထုသဘောထားသည် အရေးမကြီး။ အာဏာပိုင်များနှင့် အဆင်ပြေအောင် အဆင်ပြေသည့် ကျေးရွာသားများကိုမူ မျက်နှာသာပေးလေ့ရှိသည်။ ပြစ်မှုကျူးလွန်လျှင်ပင် မသိချင်ယောင်ဆောင်လေ့ရှိသည်။ သူ့ကိုလည်း သူကြီးဟုပင်ခေါ်ကြရသည်။

တစ်နေ့ မြို့နယ်ထွေအုပ်မှ ဆုံကုန်းကျေးရွာလေးသို့ စာရောက်လာသည်။ နောက်သိပ်မကြာခင် ရွေးကောက်ပွဲ လုပ်တော့မည်ဆိုသည့် သတင်းဖြစ်သည်။ မောင်နေဇာ အရမ်းပျော်သည်။ အရမ်းဆိုးသွမ်းသည့်သူကြီးကိုမဲပေးပြီး

ရွေးကောက်ပွဲမှာ အပြောင်းအလဲ လုပ်နိုင်မည်ဟု မောင်နေဇာလေး သိနေသည်။ သို့သော်လည်း မောင်နေဇာလေး ထင်သလိုမဟုတ်။ သူကြီးက ရွာလယ်တွင် အစည်းအဝေးလုပ်ပြီး သံပုရာသီးပါတီကို ရွာသားအားလုံး မဲပေးရမည်ဖြစ်ကြောင်း

ပြောသည်။ သံပုရာသီးပါတီကို မဲမပေးပါက ဒီရွာထဲက မောင်းထုတ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်သည်။

မောင်နေဇာကစိတ်ခါတ်မကျ။ တစ်ရွာလုံးကို လျို့ဝှက်ပြီး သံပုရာသီးပါတီကို မဲမပေးပဲ လူထုကိုစေတနာထားမည့် ကြိုးကြာပါတီကိုသာ မဲပေးကြရန် လိုက်လံလှုံ့ဆော်သည်။

ရွေးကောက်ပွဲနေ့တွင်သူကြီးနှင့် သူ၏ လူများ မဲရုံရှေ့တွင် ခြေရှုပ်နေကြသည်။ မဲပေးပြီး ပြန်လာသမျှကိုလည်း ဘယ်ကို မဲပေးခဲ့သလဲ လိုက်မေးနေသည်။ မဲရုံတွင်းတွင်လည်း လျို့ဝှက်ဆန္ဒပေးသည့်နေရာများတွင် အုပ်ချုပ်ရေးမှူးရဲ့လူများက ကူညီသည်ဟုဆိုကာ လိုက်လံနှောင့်ယှက်နေသည်။ တစ်ချို့သက်ကြီးရွယ်အိုများဆိုလျှင် ကူညီသလိုနှင့် သူတို့ကြိုက်သည့် သံပုရာသီးပါတီကို သူတို့ကိုယ်တိုင် မဲကိုရိုက်နှိပ်တာမျိုးလုပ်သည်။ မဲရုံမှူးကလည်း အုပ်ချုပ်ရေးမှူးတွေကို ကြောက်ရသဖြင့် ဘာမှဝင်ပြီး ထိန်းတာမရှိ။ သို့သော်လည်း ညနေစောင်းရောက်သည့်အခါ တစ်ရွာလုံးမဲပေးပြီးကြသဖြင့်  မဲများကို ရေတွက် ကြပါသည်။ သူကြီးနှင့် သူ့တပည့်များက သံပုရာသီးပါတီကို အပြတ်အသတ်နိုင်မည်ဟု ထင်ခဲ့ကြသော်လည်း ကြိုးကြာ ပါတီကသာ မဲအပြတ်အသတ်အနိုင်ရခဲ့သည်။

သူကြီးက စိတ်တိုပြီး ယခုကဲ့သို့ ဖြစ်ရသည့်အကြောင်းအရင်းကို စုံစမ်းရာ မောင်နေဇာက လိုက်လံလှုံ့ဆော် စည်းရုံးမှု ကြောင့် ဆိုတာ သိသွားခဲ့ပါသည်။ မောင်နေဇာကို ဖမ်းဖို့ သူ့တပည့်တွေကို ဖမ်းခိုင်းပြီး တောထဲသို့ ခေါ်သွားပြီး ဖမ်းချုပ်ထားခဲ့သည်။ သူကြီးက မောင်နေဇာကို သူကိုယ်တိုင် သတ်ပစ်ပြီး တမံသီးချောင်းအတွင်းသို့ လွှင့်ပစ်ခဲ့လိုက်သည်။

| Discussion | (၂၀)မိနစ် |
|---|---|

- ဇာတ်လမ်းမှာ ဘာတွေ ဖော်ပြသွားလဲ? (ဖြစ်စဉ်ကို အနှစ်ချုပ်ဆွေးနွေးပါ)
- ဘယ်အခွင့်အရေးတွေကို ချိုးဖောက်ခံရလဲ?
- ဘယ်သူက ချိုးဖောက်တာလဲ?
- ဘယ်သူက ချိုးဖောက်ခံရတာလဲ?

*Conjunction:*

မဲပေးခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ စည်းရုံးလှုပ်ရှားခွင့်တွေကို ချိုးဖောက်ခံရတာတွေက နိုင်ငံရေးအခွင့်အရေးချိုးဖောက်ခံရတာဖြစ်ပါတယ်။ အဲ့တာနဲ့ ပတ်သတ်တဲ့ အခွင့်အရေးတွေကို လေ့လာကြည့်ရအောင်။

| **Input** | **(၂၀)မိနစ်** |
|---|---|

- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂၀၊ ၂၁) ကို သင်တန်းသားများနှင့် အပြန်အလှန် ဆွေးနွေးရှင်းပြပါ။

| **အဓိပ္ပါယ်** | **ချိုးဖောက်မှုဥပမာ** | **ခြွင်းချက်** |
|---|---|---|
| **အပိုဒ် (၂၀) လူတိုင်း လွတ်လပ်စွာ ဖွဲ့စည်းခွင့် ဝင်ရောက်ခွင့်တို့ ရှိသည်။**<br>1. အဖွဲ့အစည်းဖွဲ့စည်းခွင့်၊ ဝင်ခွင့်၊ မဝင်ခွင့်၊ လှုပ်ရှားဆောင်ရွက်ခွင့်။<br>2. စုဝေးခွင့်၊ (အမိုးအောက်/ပြင်)၊ | • စုဝေးခွင့်မပေး (၅) ဦးထက်ပိုပြီး<br>• အဖွဲ့အစည်းမှတ်ပုံတင်မှု ခက်ခဲအောင်လုပ်ထားတာ<br>• မတရားအသင်းအဖြစ်ကြေညာခံရ<br>• အဖွဲ့အစည်းမှတ်ပုံတင်သက်တမ်းမတိုးပေးတာ | အကြမ်းဖက်အဖွဲ့ |
| **အပိုဒ်(၂၁) လူတိုင်း မိမိတိုင်းပြည်၏အစိုးရကို လွတ်လပ်စွာ ရွေးချယ်ခွင့်။**<br>1. ကိုယ်တိုင်ရွေးချယ်ခွင့်<br>2. အရွေးချယ်ခံခွင့်<br>3. ရွေးကောက်ပွဲပုံမှန်ကျင်းပပေးရမယ်၊ လွတ်လပ်မှု၊ သန့်ရှင်းမှု၊ လျို့ဝှက်မဲ၊ တန်းတူ၊ ရလဒ်ကို လေးစား၊ ရွေးကောက်ပွဲ ပွင့်လင်းမြင်သာမှု၊<br>4. အစိုးရ လုပ်ငန်းမှာ ပါဝင်ခွင့်။ | • မဲပေးခွင့်မရရှိခြင်း။<br>• မလိုအပ်ပဲ အရည်အချင်း သတ်မှတ်ချက်ထည့် ကန့်သတ်ထားခြင်း။<br>• မဲလိမ်တာ၊ မဲခိုးတာ၊ ကြိုတင်မဲကို တလွဲအသုံးချတာ<br>• ခြိမ်းခြောက်တာ<br>• လျို့ဝှက်မဲစနစ် မဖြစ် | |

**Activity- (လှုပ်ရှားမှု) (၅) မိနစ်**

- ဆဝါဒီကျေးရွာ ဗီဒီယိုအား ပြသရန်။
- ဗီဒီယိုထဲမှာ ဘာတွေဖော်ပြထားလဲ?
- ဘယ်သူတွေက ချိုးဖောက်တာလဲ?
- ဘယ်လိုအခွင့်အရေးတွေကို ချိုးဖောက်သလဲ?

***Conjunction:***

အဲ့ဒီအခွင့်အရေးတွေက စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးအမျိုးအစားတွေဖြစ်တယ်၊ အဲ့ဒီအခွင့်အရေးတွေကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းထဲက အပိုဒ်တွေကို ဆွေးနွေးကြရအောင်။

**Discussion (အပြန်အလှန်ဆွေးနွေးခြင်း) (၁၀) မိနစ်**

- သင်တန်းသားများကို ယခင်ဖွဲ့ထားသော အဖွဲ့အတိုင်း ပြန်လည်စုဖွဲ့ပါ။
- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂၂၊ ၂၃၊၂၄၊ ၂၅၊ ၂၆၊၂၇) များကို တစ်ဖွဲ့ကို (၂) ပိုဒ်စီပေးဝေပါ။
- ထို့နောက် အောက်ပါမေးခွန်းများဖြင့် အုပ်စုတွင်းဆွေးနွေးစေပါ။

⇒ ကိုယ်ရထားတဲ့အပိုဒ်များကို ဘယ်လိုနားလည်သလဲ? (အဓိပ္ပာယ်ကို မေးခြင်းဖြစ်)

⇒ ဘယ်လိုချိုးဖောက်မှု ဥပမာတွေရှိနိုင်သလဲ?

| အဓိပ္ပါယ် | ချိုးဖောက်မှုဥပမာ | ခြွင်းချက် |
|---|---|---|
| **အပိုဒ် (၂၄) လူတိုင်း အပန်းဖြေအနားယူခွင့်ရှိသည်။**<br>1.<br>2. အလုပ်ချိန်သတ်မှတ်ပေးရမယ်။ (တစ်နေ့ကို ၈ နာရီ၊ တစ်ပတ်ကို ၅၊ ၆ ရက် ပိတ်ရက်ရှိရမယ်၊ အလုပ်ပိတ်ရက် သတ်မှတ်ပေး၊ နိုင်ငံတော် နေ့ထူးနေ့မြတ်၊ နိုင်ငံတကာ ရုံးပိတ်ရက်၊ ဘာသာရေး ယဉ်ကျေးမှုရုံးပိတ်ရက်၊)<br>3. တစ်နှစ်လုံးမှာ လစာနှင့် ခွင့် သတ်မှတ်ပေး။<br>4. အချိန်ပိုကြေး ပေးရမယ်။ အချိန်ပိုခိုင်းနိုင်တဲ့အချိန် သတ်မှတ်ပေးရမယ်။ တစ်ပါတ်မှာ အချိန်ပို ဘယ်နှစ်နာရီခိုင်းလို့ရလဲ? သတ်မှတ်ပေးရမယ်။ | • -အပန်းဖြေအနားယူရက်မပေးခြင်း<br>• အချိန်ပိုကြေးမပေးခြင်း။<br>• အစားထိုးခွင့်မပေးတာ (စနေ၊ တနင်္ဂနွေနဲ့ ပိတ်ရက်နဲ့ တိုက်နေရင် အစားထိုးခွင့်ပေါ်မူတည်တယ်) | - နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မူတည် |
| **အပိုဒ် (၂၅) လုံလောက်သော လူနေမှုအဆင့်အတန်းနှင့် ဆေးကုသခွင့်။**<br><br>**စား၊ ဝတ်၊ နေ၊ ရေး**<br>• လုံလောက်သော အစားအစာရရှိခွင့်။<br>• အဟာရရှိရမယ်။ ကျန်းမာရေးနဲ့ ကိုက်ညီရမယ်၊ လက်လှမ်းမီရမယ်၊ ယဉ်ကျေးမှုနဲ့ ကိုက်ညီရမယ်။ ရေကောင်းရေသန့် ရရှိမှု။<br>**လုံလောက်သော နေအိမ်ရရှိခွင့်။**<br>• လုံခြုံမှု<br>• ကျန်းမာရေးနှင့် ကိုက်ညီမှု<br>• ရာသီဥတုဒဏ်ခံနိုင်မှု<br>• လူဦးရေနှင့် သင့်လျော်မှု၊ ဈေးနှုန်းလက်လှမ်းမီရမယ်၊<br>• အခြားအရာများနဲ့ လက်လှမ်းမီရမယ်။ စွမ်းအင်ရရှိမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု (အညစ်အကြေးစွန့်ပစ်တဲ့စနစ်)<br>• ယဉ်ကျေးမှုနဲ့ ကိုက်ညီမှုရှိရမယ်။ | • ဆိုးဆေးသုံး<br>• ငါးပိထဲ မြေသြဇာထည့်<br>• သက်တမ်းလွန်အစားအသောက် | • အစိုးရ ဘတ်ဂျက်၊ နည်းပညာ၊ စိတ်ရင်းစေတနာ |

| အဓိပ္ပါယ် | ချိုးဖောက်မှုဥပမာ | ခြွင်းချက် |
|---|---|---|
| **အပိုဒ် (၂၆) လူတိုင်းပညာသင်ကြားခွင့် ရှိသည်။ အနိမ့်ဆုံး မူလတန်းပညာကို အခမဲ့ သင်ကြားခွင့်ရှိသည်။**<br>• လူတိုင်း ပညာသင်ကြားခွင့်ရှိတယ်။<br>• အနိမ့်ဆုံး မူလတန်း အခမဲ့ မသင်မနေရစနစ်ဖြစ်ရမယ်။<br>• အဆင့်မြင့်ပညာကို လက်လှမ်းမီရမယ်<br>• အရည်အသွေးရှိတဲ့ ပညာရေးဖြစ်ရမယ်<br>• ပြန်လည်အသုံးချလို့ရတဲ့ ပညာရေးဖြစ်ရမယ်<br>• လက်ခံနိုင်မှု ရှိရမယ်။<br>• ငြိမ်းချမ်းရေးကို ဦးတည်၊ ယဉ်ကျေးမှုနဲ့ ကိုက်ညီမှု၊ တန်းတန်းမျှတမှု<br>• ရရှိနိုင်မှု<br>• ကျောင်းလုံလောက်မှု<br>• ကျွမ်းကျင်တဲ့ ဆရာ၊ ဆရာမ<br>• လူတိုင်း အကျုံးဝင် ပညာရေး<br>• မိခင်ဘာသာစကားဖြင့် သင်ကြားခွင့် | - | - အစိုးရစိတ်ရင်းစေတနာ၊ ဘတ်ဂျက်၊ နည်းပညာ |
| **အပိုဒ် (၂၇) ယဉ်ကျေးမှုတွင် ပါဝင်ခွင့်**<br>• အနုပညာ<br>• ဘာသာစကား၊ စာပေ<br>• ဝတ်စားဆင်ယင်မှု<br>• ဓလေ့ထုံးစံ<br>• အဆောက်အဦ<br>• ရှေးဟောင်းအမွေအနှစ်<br>• သမိုင်းကြောင်း<br>• ပွဲတော် | | - အစိုးရစိတ်ရင်းစေတနာ၊ ဘတ်ဂျက်၊ နည်းပညာ |

အခုဆိုရင်တော့ အပိုဒ် (၁) ကနေ အပိုဒ် (၂၇) ထိ လေ့လာခဲ့ကြပြီး ဖြစ်တယ်။ ကျန်သော အပိုဒ် (၂၈-၂၉-၃၀) ကတော့ တာဝန်နဲ့ ဝတ္တရား တွေဖြစ်ပါတယ်။

အပိုဒ် (၂၈) ဒီအခွင့်အရေးတွေအားလုံးကို လူတိုင်းက လေးစားဖို့ တာဝန်ရှိပါတယ်။

အပိုဒ်(၂၉) တခြားသူတွေရဲ့ အခွင့်အရေးတွေကို လေးစားရပါမယ်။

အပိုဒ် (၃၀) ဤစာတမ်းပါ အခွင့်အရေးတွေကို ဘယ်သူကမှ ချိုးဖောက်လို့မရပါဘူး။

အဲဒီတော့ UDHR ပါ အပိုဒ်တွေကို လေ့လာပြီးပြီနောက် အနှစ်ချုပ်ပြောပြရရင်

**Conjunction:** အခုဆိုရင် လူ့အခွင့်အရေး ကြေညာစာတမ်းမှာပါတဲ့ အပိုဒ် (၃၀) ကို လေ့လာခဲ့ကြပြီး ဖြစ်တယ်။ ဆက်လက်ပြီး ဒီအပိုဒ်တွေကို အမျိုးအစားအလိုက် (၃) မျိုး ခွဲထားပါတယ်။ ဘယ်လိုခွဲခြားပြီး အဓိပ္ပါယ်ဖွင့်ဆိုထားလဲဆိုတာကို လေ့လာကြရအောင်...

နိုင်ငံသားအခွင့်အရေး

- ◊ နိုင်ငံသားတစ်ဦးချင်း၏ အသက်ရှင်ခွင့် နှင့် အခြေခံလွတ်လပ်ခွင့်များကို အစိုးရက တရားဥပဒေမဲ့စွာ ဝင်ရောက် စွက်ဖက်ပိုင်ခွင့်မရှိသည့် အခွင့်အရေးအမျိုးအစားများ၊
- ◊ နိုင်ငံသားတစ်ဦးချင်းစီ၏ အသက်ရှင်သန်ခွင့်၊ လုံခြုံခွင့်နှင့် အခြေခံအခွင့်အရေးများကျင့်သုံးမှုကို ဝင်ရောက် မစွက်ဖက်ရန် အစိုးရကို တားမြစ်ထားခြင်း၊

**နိုင်ငံရေး အခွင့်အရေး**

အစိုးရ၏လုပ်ငန်းဆောင်တာများထဲတွင်နိုင်ငံသားများပါဝင်ဆောင်ရွက်ခွင့်ရှိစေသည့်အခွင့်အရေးအမျိုးအစားများ အစိုးရကခွင့်ပြုပေးရန်တောင်းဆိုခြင်း။

**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး**


- နိုင်ငံတော်၏အရင်းအမြစ်များကိုအစွမ်းကုန်အသုံးချပြီးစိတ်ရင်းစေတနာရှိရှိဖြင့်နိုင်ငံသားများ၏ဘဝဖွံ့ ဖြိုးတိုး တက်လာမှုကိုအမြင့်မားဆုံးဖြစ်လာအောင်အဆင့်ဆင့်ဖြည့်ဆည်းပေးရမည့်အခွင့်အရေးအမျိုးအစားများ၊
- နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းပေးရမည့် အခွင့်အရေးများအမျိုးအစားများဖြစ်ခြင်း။

| Deepening (လက်တွေ့ဘဝနှင့်ဆက်စပ်လေ့လာခြင်း) | (၃၀)မိနစ် |
|---|---|

အုပ်စုကြီးတွင် မေးပါ။

လူ့အခွင့်အရေးကို မချိုးဖောက်ဖို့ တစ်ဦးချင်း၊ ပတ်ဝန်းကျင်၊ နိုင်ငံအဆင့်အနေဖြင့်

- ဘယ်လိုထိန်းမလဲ၊
- ဘယ်လိုကာကွယ်မလဲ




- လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် မိမိကိုယ်တိုင်အားဖြင့် ဘယ်လိုလေးစားလိုက်နာကြမလဲ? (ကိုယ့်ကျင့်တရား၊ သီလ၊ ကိုယ်ချင်းစာတရား)
- မိမိပါတ်ဝန်းကျင်မှာဆိုရင်ကော လူ့အခွင့်အရေးကို လေးစားလိုက်နာမှုရှိအောင် ဘယ်လိုလုပ်ဆောင်မှုတွေရှိသလဲ? (စည်းကမ်း၊ အမိန့်)
- နိုင်ငံတော်အဆင့်မှာရော လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး လေးစားလိုက်နာမှုရှိအောင် ဘယ်လိုကာကွယ်မှုတွေရှိသလဲ? (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူ့အခွင့်အရေး ဥပဒေ၊ ရာဇဝတ်မှု ဥပဒေ)
- နိုင်ငံတကာအဆင့်မှာရော ဘယ်လိုကာကွယ်မှုတွေရှိသလဲ? (UDHR, လူ့အခွင့်အရေး စာချုပ်တွေ၊ အထူးလုပ်ထုံးလုပ်နည်း)
- တစ်ဆင့်ချင်း သင်တန်းသားနှင့်နည်းပြ အပြန်အလှန်ဆွေးနွေးရင်း အတွေ့အကြုံများဖလှယ်ကြစေပါ။

| Synthesis | (၂၀)မိနစ် |
|---|---|

- ယခင် (၃) ဖွဲ့အတိုင်း ပြန်စုစေပါ။
- တစ်ဖွဲ့ချင်းစီမှ ရှေ့သို့တစ်ယောက်စီထွက်လာစေပါ။
- ထွက်လာသော (၃) ယောက်က နည်းပြမှ ပြသော အပိုဒ် (၁) ပိုဒ်ကို အသံမထွက်ဘဲ တပြိုင်နက် အမူအရာ လုပ်ပြရမည်။
- ကျန်သော အဖွဲ့သားများမှ ခန့်မှန်းစေပါ။
- စည်းကမ်းချက် (အမိပ္ပါယ်ကို အဖွဲ့ထဲက တစ်ယောက်မှ ခန့်မှန်း မတ်တပ်ပြောရမည်။)

.................................................။.......................................................

# Human Rights Defender

## Objective (ရည်ရွယ်ချက်)

* လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သိရှိစေရန်
* လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ နှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူအကြား ကွာခြားချက် ကို သိရှိစေရန်
* လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတစ်ဦး၏ ရှိသင့်သည့် ဗဟုသုတ၊ အရည်အချင်းနှင့် စိတ်နေစိတ်ထားကို ဆွေးနွေးဖော်ထုတ်တတ်စေရန်။
* လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ကြုံတွေ့နိုင်သောအခက်အခဲ၊ စိန်ခေါ်မှုများ ကိုသိရှိစေရန်
* လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာကြေညာစာတမ်း ကိုသိရှိနားလည်စေရန်။

## Activity (လှုပ်ရှားမှု) ရုပ်ပုံဆွဲခြင်း 10 min

VCD (ရွှေဝါရောင်တော်လှန်ရေး)

*Intro:*

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး လှုပ်ရှားမှုတွေ အကြိမ်ကြိမ် ဖြစ်ခဲ့ ပါတယ်။ အဲ့ဒီလို လှုပ်ရှားမှုတွေထဲကမှ အခုကြည့်မယ် ဗီဒီယိုလေးကတော့ ၂၀၀၇ ခုနှစ်က မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ အဖြစ်အပျက် လေးတစ်ခုဖြစ်တယ်။ အဲ့ဒါကြောင့် ဒီဗီဒီယို လေးကိုကြည့်ပြီး သေချာမှတ်သားပေးပါလို့ ပြောချင်ပါတယ်။ ဒီမှတ်တမ်းဗီဒီယိုကိုတော့ ဒီဗီဘီ သတင်းဌာနကိုရိုက်ကူး ထားတာဖြစ်ပါတယ်။

၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး ဗီဒီယိုမှတ်တမ်းကို ပြပါ။

- ကြည့်နေစဉ် အတွင်းမှာ ဘာတွေတွေ့လဲ ဆိုတာကိုမှတ်သားခိုင်းပါ။
- ကြည့်နေစဉ်အတွင်း ဖြစ်ပေါ်တဲ့ကိုယ့်ရဲ့ စိတ်ခံစားချက်ကိုလည်း မှတ်ထားခိုင်းပါ။

(သို့မဟုတ်)

ဗီဒီယို ပြသရန် အခက်ခဲရှိပါက ရွှေဝါရောင်တော်လှန်ရေး ဓါတ်ပုံပြ၍ ဆွေးနွေးပေးပါ

| Discussion | (၁၀) မိနစ် |
|---|---|

ဗီဒီယို ပြပြီးပါက အောက်ပါမေးခွန်းများကို မေးပြီး ဆွေးနွေးမှုလုပ်ပါ။

- ဘယ်လို ခံစားရလဲ။
- ဘာအဖြစ်အပျက်တွေ တွေ့လိုက်လဲ။
- ဘယ်သူတွေက ဘယ်လိုဖိနှိပ်မှုတွေ တွေ့လိုက်ရလဲ။
- အခွင့်အရေး တောင်းဆိုသူတွေအနေဖြင့် ဖိနှိပ်မှုတွေ ရှိနေတဲ့ကြားထဲက ဘာကြောင့် ဆက်ပြီး ရုန်းကန်လှုပ်ရှားနေကြသလဲ။
- လူ့အခွင့်အရေးအတွက် တောင်းဆိုလှုပ်ရှားနေကြတဲ့သူတွေကို ဘယ်လိုခေါ်မလဲ။

| Input | (၁၀) မိနစ် |
|---|---|

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေဆိုတာ အခြားသူများ ဆုံးရှုံးနေသော လူ့အခွင့်အရေးကို ပြန်လည်ရရှိရန် အတွက် ဆောင်ရွက်ပေးသူများ ဖြစ်သည်။ အဲ့ဒီလို လုပ်ဆောင်ပေးနေသူတွေကတော့ တစ်ဦးချင်း၊ အဖွဲ့လိုက်၊ ဒေသတွင်း ၊ နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် လည်းရှိနေပါသည်။

သင်တန်းသားများ၏ဖြေကြားချက်ကို စာရွက်ကြီးပေါ်ရေးသားထား၍ တက်ကြွလှုပ်ရှားသူ နှင့် ကာကွယ်စောင့်ရှောက်သူအကြားကွာခြားချက်ကို ဇယားကွက်ဖြင့် ရှင်းလင်းပြပါ။

| Activity (လှုပ်ရှားမှု) ရုပ်ပုံဆွဲခြင်း | 10 min |
|---|---|

| တက်ကြွလှုပ်ရှားသူ | ကာကွယ်စောင့်ရှောက်သူ |
|---|---|
| • နည်းလမ်းပေါင်းစုံ ကျင့်သုံးတတ်တယ်။ (အကြမ်းဖက်မှုနည်းလမ်းများကို ကျင့်သုံးတတ်တယ်)။<br>• ကိုယ့်နိုင်ငံရဲ့ အမျိုးသားရေး၊ မိမိယဉ်ကျေးမှု စံချိန်စံညွှန်းကို ပိုမိုဦးစားပေးတတ်တယ်။<br>• မိမိဒေသတစ်ခု၊ မိမိအုပ်စုတစ်ခု၊ မိမိလူမျိုးတစ်မျိုး ၊ မိမိအကြောင်းအရာ တစ်ခုထဲအတွက်ကိုသာ ဦးတည်ပြီး လှုပ်ရှားလေ့ရှိတယ်။<br>• ခွဲခြားမှုတွေ ရှိတတ်တယ်။ | • အကြမ်းမဖက်တဲ့ မူဝါဒကိုပဲ ကျင့်သုံးတယ်။<br>• နိုင်ငံတကာ စံချိန်စံညွှန်းတွေကို လေးစားလိုက်နာတယ်။<br>• လူသားအားလုံးတန်းတူမှုကို လက်ခံကျင့်သုံးခြင်း ( လူကို လူလိုမြင်တယ်၊ လူသားဖြစ်မှုကို အခြေပြု လှုပ်ရှားတယ်။)<br>• **(မိမိအရေးကိစ္စအတွက်သာ လှုပ်ရှားတောင်းဆိုခြင်းသက်သက်မဟုတ်ဘဲ လူတစုတမျိုးတမျိုးအပေါ် ချိုးဖောက်မှုများရှိပါက ထိုသူများအတွက် တောင်းဆိုတိုက်ပွဲဝင်ခြင်း)** |

Trainer Note

ဇယားကွက်ချပြရာတွင် သင်တန်းသူ၊သားထံမှ လာသောအချက်များကိုအရင်ရေးပေး၍ နည်းပြက နောက်ဆုံးမှ လိုအပ်သည့်အချက်များကိုဖြည့်စွက်ပေးရန်

| Deepening (လက်တွေ့ဘဝနှင့်ဆက်စပ်လေ့လာခြင်း) | (၂၅) မိနစ် |
|---|---|

- Flip Chart (၂) ရွက်ဆက်ပြီး လူပုံစံ ပုံတစ်ပုံ ဆွဲထားပါ။
- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတစ်ယောက်မှာ ရှိသင့်သည့် ဗဟုသုတ၊ အရည်အချင်းနှင့် စိတ်နေစိတ်ထားကို လူခန္ဓာကိုယ်၏ ပုံပေါ်တွင် လာရောက်ရေးသားစေပါ။
    - ◊ မိမိရေးမည့်အချက်နှင့် သက်ဆိုင်သော ခန္ဓာကိုယ်အစိတ်အပိုင်းနေရာတွင် ရေးစေပါ။
    - ◊ တစ်ဦးလျှင် အနည်းဆုံး တစ်ချက် ရေးစေပါ။
    - ◊ အခြားသူများ ရေးထားသော အချက်များကိုလည်း လေ့လာစေပြီး လိုအပ်လျှင် ထည့်ဖြည့်ပါ။
- အားလုံးရေးပြီးပါက မိမိရေးထားသော အချက်ကို အခြားသူများအား ဆွေးနွေးရှင်းပြပါ။ ဘာ့ကြောင့်လဲဆိုတာကို ဆွေးနွေးရှင်းပြစေပါ။
- ပါဝင်သင့်သော အဖြေများ (Knowledge)
    - ◊ နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်းများ
    - ◊ နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်စာတမ်းများ
    - ◊ ဒေသအဆင့် လူ့အခွင့်အရေးစာချုပ်စာတမ်းများ
    - ◊ မိမိနိုင်ငံက လက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေးစာချုပ်များ
    - ◊ မိမိနိုင်ငံ၏ ပြဌာန်းဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ
    - ◊ မိမိနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို မျက်ခြေမပြတ်လေ့လာသိရှိရန်။
- ပါဝင်သင့်သော အဖြေများ (Attitude)
    - ◊ လူကိုလူလို မြင်တဲ့စိတ်
    - ◊ တန်းတူညီတူဆက်ဆံခြင်း (ခွဲခြားဆက်ဆံမှု မပြုတာ)
    - ◊ လူတွေအပေါ် လေးစားမှုရှိခြင်း
    - ◊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိတဲ့စိတ်
    - ◊ သတ္တိ( စိန်ခေါ်မှုကို ရင်ဆိုင်ရဲတဲ့စိတ်)

- ပါဝင်သင့်သော အဖြေများ (Skill)
    - ◊ ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းတတ်ခြင်း
    - ◊ ကြိုတင်ပြင်ဆင်တတ်ခြင်း၊ အစီအစဉ်ချမှတ်တတ်ခြင်း

| Activity | (၃၀) မိနစ် |
|---|---|

Defender VCD ပြရန်။

Trainer Note - ကြည့်နေစဉ်အတွင်းမှာ ဘာတွေတွေ့လဲ ဆိုတာကို မှတ်သားထားခိုင်းပါ။

| Discussion | (၃၀) မိနစ် |
|---|---|

ဗီဒီယို ပြပြီးပါက အောက်ပါမေးခွန်းများကို မေးပြီး ဆွေးနွေးမှုလုပ်ပါ။

- ဘယ်လို ခံစားရလဲ။
- ဘာအဖြစ်အပျက်တွေ တွေ့လိုက်လဲ။
- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ဘယ်လိုဖိနှိပ်မှုတွေ တွေ့လိုက်လဲ။
- မိမိနိုင်ငံမှာရော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေကို ဘယ်လိုမျိုး ဖိနှိပ်မှုတွေ၊ ကန့်သတ်မှုတွေ ရှိတယ်လို့ သိထားလဲ။

**Trainer Note**

သင်တန်းသူ/သားများဆွေးနွေးချက်ပေါ်မူတည်၍ သင်တန်းနည်းပြက Input အနေဖြင့် (တစ်ဦးချင်းအပေါ် စိမ်ခေါ်မှုအန္တရာယ်၊ အဖွဲ့များတွင် ကျရောက်တတ်သော စိမ်ခေါ်မှုအန္တရာယ်၊ မိသားစုအပေါ် ကျရောက်တတ်သည့် စိမ်ခေါ်မှု အန္တရာယ်များ၊ LGBT ဖြစ်သောကြောင့် အမျိုးသမီးဖြစ်သောကြောင့်၊ တိုင်းရင်းသားဖြစ်သောကြောင့် ကျရောက်တတ်သည့်အန္တရာယ်များ၊ ဥပဒေအရစိန်ခေါ်မှုတွေကို ပါဂင်အောင် ဆွေးနွေးပေးပါ)

| | |
|---|---|
| **Input** | **(55) မိနစ်** |

စကားဆက်။ ။လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေနဲ့ သူတို့ရဲ့မိသားစုတွေအပေါ်မှာ ဖိနှိပ်မှုတွေ၊ ကန့်သတ်မှုတွေ ရှိတဲ့အတွက် သူတို့ကို ကာကွယ်ပေးရန် အလို့ငှာ ကမ္ဘာ့ကုလသမဂ္ဂမှ **လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် မိသားစုဝင်များဆိုင်ရာ ကြေညာစာတမ်း** ကို လေ့လာကြည့်ကြရအောင်...

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကြေညာစာတမ်း

၁၉၉၈ ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ပြဋ္ဌာန်းခဲ့သည်။

အပိုဒ် (၁)

လူတိုင်းတွင် မိမိတို့ တဦးချင်းဖြစ်စေ၊ အခြားသူများနှင့် ပူးပေါင်း၍ဖြစ်စေ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို နိုင်ငံတော် အဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် တိုးတက်မြင့်မား အောင် လုပ်ဆောင်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် အမှန်တကယ်ရရှိ ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် (၂)

(၁) အစိုးရတိုင်းသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအတွက် ကာကွယ်ရန်၊ မြှင့်တင်ပေးရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လုပ်ကိုင်ရန် တာဝန်ဝတ္တရားများရှိသည်။ ထို့အတွက် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် အခြားနယ်ပယ်များတွင် ယင်းအခြေအနေများပေါ် ထွန်းလာစေရန် လိုအပ်သည့် အဆင့်များကိုချမှတ်ဆောင်ရွက်ရမည်။ မိမိတို့တိုင်းပြည်၏အချုပ်အခြာအာဏာ အောက်တွင်ရှိသူတိုင်း တဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေယင်း အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို အမှန်တကယ် ခံစားခွင့်ရရှိစေရန် ဥပဒေအရ အကာအကွယ်ပေး ခြင်းတို့ကိုလည်း လုပ်ဆောင်ပေးရမည်။

(၂) အစိုးရတိုင်းသည် လက်ရှိကြေညာစာတမ်းတွင် ဖော်ညွှန်းထားသော အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ထိရောက်စွာ အာမခံနိုင်ရေးအတွက် လိုအပ်သော ဥပဒေပြုမှု၊ စီမံအုပ်ချုပ်မှုများနှင့် အခြားလုပ်ငန်းအဆင့်များကို ချမှတ်ဆောင်ရွက်ရန် လိုအပ်သည်။

အပိုဒ် (၃)

ပြည်တွင်းဥပဒေများသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အချက်အလက်များနှင့် ကိုက်ညီမှုရှိရမည်။ ထို့အပြင် အခြားသော နိုင်ငံတကာဝတ္တရားများနှင့် သက်ဆိုင်သော လူအခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များသည်လည်း ထိုနိုင်ငံ၏ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များနှင့် ကိုက်ညီစေရမည်။ ယင်းဥပဒေများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အကောင်အထည်ဖော်ခြင်းနှင့် ရရှိခံစားပိုင်ခြင်းတို့အတွက် တရားဥပဒေပြုရေးဆိုင်ရာ အခြေခံဘောင်ဖြစ်စေရမည်။ ယခုကြေညာစာတမ်းတွင် ညွှန်းဆိုထားသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အကောင်အထည် ဖော်ရာတွင် ယင်းဥပဒေများ၏ တိုးတက်မြင့်မားရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ထိရောက်မှုရှိစေရေးတို့အတွက် ရေးရူဆောင်ရွက်ရမည်။

အပိုဒ် (၄)

လက်ရှိကြေညာစာတမ်းကို ကုလသမဂ္ဂပဋိညာဉ်စာတမ်း (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာလူအခွင့်အရေး ကြေညာစာတမ်း၊ နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်စာတမ်းများ၊ ထိုနယ်ပယ်များနှင့် သက်ဆိုင်သော နိုင်ငံတကာ သဘောတူစာချုပ်များ၊ ဆုံးဖြတ်ချက်များတွင်ပါဝင်သော အချက်အလက်များနှင့် ဆန့်ကျင်သော (သို့မဟုတ်) အလွဲသုံးစားလုပ်သော ရည်ရွယ်ချက်ဖြင့် အသုံးမပြုရ။

အပိုဒ် (၅)

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ပေးရန်နှင့် ကာကွယ်ပေးရန်အတွက်၊ လူတိုင်းသည် နိုင်ငံတော်နှင့် နိုင်ငံတကာအဆင့်တို့တွင် တဦးချင်းဖြစ်စေ အများနှင့်စုပေါင်း၍ဖြစ်စေ –

(က) ငြိမ်းချမ်းစွာ တွေ့ဆုံခွင့်နှင့် စုဝေးခွင့်၊

အပိုဒ် (၃)

ပြည်တွင်းဥပဒေများသည် ကုလသမ္မဂ္ဂပဋိညာဉ်စာတမ်းပါ အချက်အလက်များနှင့် ကိုက်ညီမှုရှိရမည်။ ထို့အပြင် အခြားသော နိုင်ငံတကာဥပဒေရားများနှင့် သက်ဆိုင်သော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များသည်လည်း ထိုနိုင်ငံ၏ လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များနှင့် ကိုက်ညီစေရမည်။ ယင်းဥပဒေများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အကောင်အထည်ဖော်ခြင်းနှင့် ရရှိခံစားပိုင်ခြင်းတို့အတွက် တရားဥပဒေပြုရေးဆိုင်ရာ အခြေခံဘောင်ဖြစ်စေရမည်။ ယခုကြေညာစာတမ်းတွင် ညွှန်းဆိုထားသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အကောင်အထည် ဖော်ရာတွင် ယင်းဥပဒေများ၏ တိုးတက်မြင့်မားရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ထိရောက်မှုရှိစေရေးတို့အတွက် ရေးရှူဆောင်ရွက်ရမည်။

အပိုဒ် (၄)

လက်ရှိကြေညာစာတမ်းကို ကုလသမ္မဂ္ဂပဋိညာဉ်စာတမ်း (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း၊ နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်စာတမ်းများ၊ ထိုနယ်ပယ်များနှင့် သက်ဆိုင်သော နိုင်ငံတကာ သဘောတူစာချုပ်များ၊ ဆုံးဖြတ်ချက်များတွင်ပါဝင်သော အချက်အလက်များနှင့် ဆန့်ကျင်သော (သို့မဟုတ်) အလွဲသုံးစားလုပ်သော ရည်ရွယ်ချက်ဖြင့် အသုံးမပြုရ။

အပိုဒ် (၅)

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ပေးရန်နှင့် ကာကွယ်ပေးရန်အတွက်၊ လူတိုင်းသည် နိုင်ငံတော်နှင့် နိုင်ငံတကာအဆင့်တို့တွင် တဦးချင်းဖြစ်စေ အများနှင့်စုပေါင်း၍ဖြစ်စေ –

(က) ငြိမ်းချမ်းစွာ တွေ့ဆုံခွင့်နှင့် စုဝေးခွင့်၊

ယူပိုင်ခွင့်ရှိသည်။

(၂) ထို့အတွက်ကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူတိုင်းသည် လူပုဂ္ဂိုလ်တဦးတယောက်(သို့မဟုတ်)ဥပဒေဘောင်အတွင်းမှ တာဝန်ထမ်းဆောင်နေသူ၏ အကူအညီဖြင့် တိုင်ကြားပိုင်ခွင့်ရှိသည်။ ထိုတိုင်ကြားမှုကို အမှီအခိုကင်းစွာ တရားစီရင်နိုင်သော၊ ဘက်မလိုက်သော၊ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ဆောင်ရန် အခွင့်အာဏာရှိသော တရားစီရင်ရေးအဖွဲ့ (သို့မဟုတ်) ဥပဒေအရဖွဲ့စည်းထားသော အာဏာပိုင်များ၏ ရှေ့မှောက်တွင် လူထုကြားနာမှုပုံစံဖြင့် အလျင်အမြန်စစ်ဆေးကြားနာရမည်။ လူတဦးတယောက်သည် ၎င်း၏လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ချိုးဖောက်ခြင်းခံခဲ့ရပါက နစ်နာကြေးရရှိခံစားစေရန် ယင်းအဖွဲ့မှ တရားနည်းလမ်းကျစွာ ဆုံးဖြတ်စီရင်ပေးမည်။ ထိုဆုံးဖြတ် ချက်နှင့် ခံစားခွင့်များကို နှောင့်နှေးကြန့်ကြာမှု လုံးဝမရှိရအောင် တိုက်တွန်းဆောင်ရွက်ရမည်။

(၃) ထို့အတူပင် လူတိုင်းသည် တဦးချင်းဖြစ်စေ၊ အများနှင့် စုပေါင်း၍ဖြစ်စေ၊

(က) အစိုးရအရာရှိများနှင့် အစိုးရဌာနများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် ချိုးဖောက်သော မူဝါဒများနှင့် လုပ်ဆောင်ချက်များကို တိုင်ကြားစာ တင်၍ဖြစ်စေ (သို့မဟုတ်) အခြားသင့်လျော်ရာ နည်းလမ်းများဖြင့်ဖြစ်စေ လုပ်ငန်းကျွမ်းကျင်ပြီး၊ လုပ်ပိုင်ခွင့်အာဏာရှိသော ပြည်တွင်းတရားစီရင်ရေး၊ စီမံအုပ်ချုပ်ရေးနှင့် တရားဥပဒေရေးဆိုင်ရာ အာဏာပိုင်များ (သို့မဟုတ်) တိုင်းပြည်၏ ဥပဒေစနစ်ဖြင့် ဖွဲ့စည်းထားသော လုပ်ပိုင်ခွင့်ရှိသည့် အခြားအာဏာပိုင်များထံသို့ ဝေဖန်တိုင်ကြားခွင့်ရှိသည်။ ယင်းအာဏာပိုင်များသည် တိုင်ကြားချက်များကို နှောင့် နှေးကြန့်ကြာမှု လုံးဝမရှိစေဘဲ စီရင်ဆောင်ရွက်ပေးသင့်သည်။

## အပိုဒ် (၇)

လူတိုင်းသည် တဦးချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သော အယူအဆအသစ်များ၊ မူဝါဒသစ်များကို ဖန်တီးခွင့်နှင့် ဆွေးနွေးခွင့်ရှိပြီး၊ ထိုအယူအဆများကို အခြားသူများက လက်ခံလာအောင် တိုက်တွန်းပြောဆိုခွင့် ရှိသည်။

## အပိုဒ် (၈)

(၁) လူတိုင်း တဦးချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ၊ ၎င်းတို့၏ အစိုးရအတွင်းတွင် ခွဲခြားဖိနှိပ်ခြင်း အလျဉ်းမရှိစေဘဲ ပါဝင်နိုင်ခွင့်ရှိသည့်အပြင်၊ ပြည်သူ့ရေးရာကိစ္စများတွင်လည်း ထိရောက်စွာ ပါဝင်ပတ်သက်ခွင့်ရှိသည်။

(၂) ထိုအခွင့်အရေးထဲတွင် လူတဦးချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ၊ လူထုရေးရာနှင့် သက်ဆိုင်သည့် ဝေဖန်အကြံပြုမှုများကို အစိုးရဌာနများ၊ အေဂျင်စီများနှင့် အဖွဲ့အစည်းများသို့ တင်ပြခွင့်ရှိသည်။ ထိုသို့ တင်ပြခြင်းသည် ယင်းအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ တိုးတက် ကောင်းမွန်လာစေရန် ရည်ရွယ်သည်။ ထို့အပြင် လူ့အခွင့်အရေးများ အခြေခံလွတ်လပ်ခွင့်များ၏ တိုးတက်ရေး၊ အကာကွယ်ပေးရေးနှင့် အသိမှတ်ပြုရေးကို ဟန့်တားနှောက်ယှက်စေနိုင်သော မည်သည့်ရှုဒေါင့်မျိုးကိုမဆို သတိပြုမိစေရန် ရည်ရွယ်သည်။

## အပိုဒ် (၉)

(၁) ယခု ကြေညာစာတမ်းတွင် ဖော်ပြထားသကဲ့သို့ လူ့အခွင့်အရေး တိုးတက်မြင့်မားရေးနှင့် ကာကွယ်ရေးအပါအဝင်၊ ယင်းအခွင့်အရေးများကို လက်ခံကျင့်သုံးရာတွင် လူတိုင်းသည် တဦးချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ၊ အခွင့်အရေးများ ချိုးဖောက်ခံရပါက ထိရောက်သော နစ်နာကြေး ခံစားပိုင်ခွင့်နှင့် ယင်း အခွင့်အရေးများ ချိုးဖောက်ခံရသော အခြေအနေများမှ အကာအကွယ်

(ခ) နိုင်ငံတော် ဥပဒေများနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများဖြင့် စီရင်ထားသော ဆုံးဖြတ်ချက်များပေါ်နှင့် ပတ်သက်၍ ကိုယ်ပိုင်အယူအဆဖော်ဆောင်နိုင်ရန်အတွက် လူထုကြားနာမှု၊ တရားစီရင်ရေး အဆင့်ဆင့်နှင့် တရားခွင်များကို တက်ရောက်ခွင့်၊

(ဂ) လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်ရာတွင် အရည်အချင်းပြည့်မီသော ဥပဒေအထောက်အပံ့များ၊ အခြားသင့်တော်သော အကြံဉာဏ်များနှင့် အကူအညီများကို ကမ်း လှမ်းခွင့်နှင့် ထောက်ပံ့ကူညီခွင့်၊

(၄)ထို့အတူသင့်လျော်သည့်နိုင်ငံတကာစာချုပ်စာတမ်းများနှင့်လုပ်ထုံးလုပ်နည်းများအရ လူတိုင်းသည် တဦးချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ၊ ယေဘူယျ သို့မဟုတ် အထူးလုပ်ဆောင် နိုင်မှုရှိသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အနှောင့်အယှက်မရှိ ဆက်သွယ်ခွင့်ရှိသည်။ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့် အကြောင်းအရာများနှင့်ပတ်သက်၍ အဆက်အသွယ်များကို လက်ခံခွင့်နှင့် စဉ်းစားဆင်ခြင်နိုင်ခွင့် ရှိသည်။

(၅)နိုင်ငံတော်အစိုးရသည် မိမိတိုင်းပြည်၏အချုပ်အခြာအာဏာပိုင်သော နေရာဒေသအတွင်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ချိုးဖောက်ခံရသည့် အခြေအနေ ဖြစ်ပေါ်တိုင်း ဘက်လိုက်ခြင်းမရှိဘဲ လျင်လျင်မြန်မြန် စုံစမ်းစစ်ဆေးခြင်း (သို့မဟုတ်) စုံစမ်းမှု လုပ်ဆောင်ရန် အာမခံပေးရမည်။

## အပိုဒ် (၁၀)

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မည်သူတဦးတယောက်မှ မချိုးဖောက်မိစေရ။ အခြေအနေအရ ချိုးဖောက်မိခြင်း (သို့မဟုတ်) မချိုးဖောက်မိစေရန် ပျက်ကွက်ခြင်းတို့ မရှိစေရ။ ထိုသို့ ချိုးဖောက်ရန်အတွက်စေခိုင်းမှုများကို ငြင်းဆိုမိခြင်းကြောင့် မည်သူတဦးတယောက်မှ အပြစ်ပေးခြင်းနှင့်တုန့်ပြန်မှုများ ခံစားစေခြင်းမရှိစေရ။

## အပိုဒ် (၁၁)

လူတိုင်း တဦးချင်းဖြစ်စေ၊ အများနှင့် စုပေါင်း၍ဖြစ်စေ၊ မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှုကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။ မိမိအလုပ်အကိုင်ကြောင့် အခြားသူများ၏ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့ကို ထိပါးနိုင်သည့် အနေအထားမျိုးရှိပါက ထိုသူများသည် ထိုအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားရမည်ဖြစ်ပြီး၊ မိမိ၏ တာဝန်ထမ်းဆောင်မှုသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာ လုပ်ငန်းခွင်ဆိုင်ရာ အဆင့်အတန်းရှိသော လုပ်နည်းလုပ်ဟန်များ၊ ကျင့်ဝတ်များနှင့် ကိုက်ညီမှု ရှိစေရမည်။

## အပိုဒ် (၁၂)

(၁) လူတိုင်း တဦးချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ် လပ်ခွင့်များအား ချိုးဖောက်မှုများကို ငြိမ်းချမ်းစွာ ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ပါဝင်ခွင့်ရှိသည်။

(၂) နိုင်ငံတော်အစိုးရသည် လူတိုင်းအပေါ် တဦးချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ၊ ယခု စာတမ်းတွင်ပါဝင်သော အခွင့်အရေးများကို တရားဝင်ကျင့်သုံးခြင်းများ၏ အကျိုးဆက်ကြောင့် တစုံတယောက်အပေါ် အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများ၊ လက်စားချေ တုန့်ပြန်မှုများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ခွဲခြားဖိနှိပ်မှုများ၊ ဖိအားပေးမှုများနှင့် အခြားသောပုံစံဖြင့် တရားမဲ့ လုပ်ဆောင်မှုများမဖြစ်အောင် လိုအပ်သလို ကာကွယ်စောင့်ရှောက်မှုများလုပ်ဆောင်ရမည်။

(၃) ထိုနည်းတူ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအား ရရှိခံစားမှုအပေါ် ထိခိုက်ပျက်ပြားအောင် တဦးတယောက် (သို့မဟုတ်) အုပ်စုလိုက် အကြမ်းဖက်ခြင်းများ၊ လူ့အခွင့်အရေးများ အခြေခံလွတ်လပ်ခွင့်များအား အစိုးရက ချိုးဖောက်ခြင်းများနှင့်ပတ်သက်၍ လူတဦးချင်းဖြစ်စေ အခြားသူများနှင့် စုပေါင်း၍

တကာ စာချုပ်စာတမ်းများကို လူတိုင်းသာတူညီမျှစွာဖြင့် ပြည့်ပြည့်ဝဝသိရှိနိုင်အောင် လုပ်ဆောင်ပေးခြင်း၊

(ဂ) မိမိတိုင်းပြည်၏ အချုပ်အခြာအာဏာပိုင်နယ်မြေများ အားလုံးအတွင်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တိုးတက်မြင့်မားရေးနှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် စောင့်ကြပ်ရေးတာဝန်ခံ၊ လူ့အခွင့်အရေးကော်မရှင် သို့မဟုတ် အခြားနိုင်ငံတော် အဖွဲ့အစည်းများဖွဲ့စည်း ထူထောင်ရန်နှင့် ထွန်းကားလာစေရန်အတွက် လိုအပ်သလို အာမခံပေးခြင်းနှင့် ပံ့ပိုးပေးခြင်းများကို ဆောင်ရွက်ပေးရမည်။

## အပိုဒ် (၁၅)

နိုင်ငံတော်အစိုးရသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ပညာရေးအဆင့်တိုင်းတွင် သင်ကြားပေးရန် ကူညီလုပ်ဆောင်ပေးရမည့် တာဝန်ရှိသည့်အပြင်၊ ရှေ့နေများ၊ တရားရေးဝန် ထမ်းများ၊ စစ်တပ်ဝန်ထမ်းများနှင့် လူထုဆက်သွယ်ရေး အရာရှိများ၏ သင်တန်းအစီအစဉ်များအထဲတွင် လူ့အခွင့်အရေး၏ အနှစ်သာရများ ပါဝင်မှုရှိစေရန် အသေအချာလုပ်ဆောင်ရမည်။

## အပိုဒ် (၁၆)

လူတဦးချင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များနှင့် ပတ်သက်သောအတွေးအမြင်များ လူထုအကြား ပိုမိုပြန့်ပွားရန်အတွက် ပညာပေးအစီအစဉ်များ၊ သင်တန်းများ၊ သုတေသနလုပ်ငန်းများမှတဆင့် ထိုအကြောင်းအရာများအပြင် နိုင်ငံများအကြားနှင့် လူမျိုးရေး ဘာသာရေးအုပ်စုများအကြား နားလည်မှု၊ သည်းခံစိတ်ရှည်မှု၊ ငြိမ်းချမ်းရေးနှင့် ချစ်ကြည်လုပ်ဆောင်ရာတွင် အရေးကြီးသော အခန်းမှ ပါဝင်နေသည့်အားလျော်စွာ မိမိတို့လုပ်ငန်းလုပ်ကိုင် အကောင်အထည်ဖော်နေသော လူမှုအသိုင်းအဝိုင်းနှင့် ရပ်ရွာလူထုအတွင်း

မတူကွဲပြားသော နောက်ခံသမိုင်းများရှိနေသည်ကို အစဉ်သတိမူရမည်။

အပိုဒ် (၁၇)

လူတိုင်းသည် တဦးချင်းဖြစ်စေ၊ အများနှင့် စုပေါင်း၍ဖြစ်စေ၊ လက်ရှိကြေညာစာတမ်းတွင် ဖော်ညွှန်းထားသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို လေးစားမှုနှင့် လိုအပ်သော အသိအမှတ်ပြုမှုတို့အတွက် လုံခြုံစေရန်ရည်ရွယ်ပြီး စိတ်ဓာတ်၊ စာရိတ္တ၊ ရပ်ရွာလုံခြုံရေး၊ ဒီမိုကရေစီလူ့ဘောင်၏ သာယာဝပြောမှုအတွက် နိုင်ငံတကာကျင့်ထုံးများနှင့် ကိုက်ညီမှုရှိအောင် ဥပဒေကဆုံးဖြတ်ပြီးသည့်အခါမှသာ ထိုကျင့်သုံးမှုကို ကန့်သတ်နိုင်သည်။

အပိုဒ် (၁၈)

(၁) လူတိုင်းသည် မိမိတို့၏ ကိုယ်ရည်ကိုယ်သွေးများကို လွတ်လပ်ပြည့်ဝစွာ ဖြည့်ဆည်းစေနိုင်မည့် လူမှုပတ်ဝန်းကျင်အတွက် (သို့မဟုတ်) လူမှုပတ်ဝန်းကျင်အတွင်း တာဝန်ဝတ္တရားများ ရယူပိုင်ခွင့်ရှိသည်။

(၂) လူတဦးချင်း၊ အုပ်စုများ၊ ဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်ရန်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့ကို တိုးတက်မြင့်မားအောင်လုပ်ဆောင်ရန်နှင့် ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းများ၊ အဆောက်အအုံများနှင့် လုပ်ထုံးလုပ်နည်းများ တိုးတက်မြင့်မားအောင်လုပ်ဆောင်ရန် အရေးကြီးသော အခန်းတွင် ပါဝင်နေပြီး တာဝန်လည်းရှိသည်။

(၃) လူတဦးချင်း၊ အုပ်စုများ၊ ဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် အခြားလူ့အခွင့်အရေးစာချုပ်စာတမ်း များတွင် ဖော်ညွှန်းထားသော အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ အပြည့်အဝ ထွန်းကားစေနိုင်သည့် လူမှုဘဝနှင့် နိုင်ငံတကာစံချိန်များ တိုးတက်ထွန်းကားအောင် သင့်လျော်သလို ပါဝင်ကြိုးပမ်းလုပ်ဆောင်ရန် အရေးကြီးသောအခန်းတွင် ပါဝင်နေပြီး တာဝန်လည်း ရှိသည်။

အပိုဒ် (၁၉)

လူတဦးတယောက်၊ အဖွဲ့အစည်းနှင့် လူမှုအသိုင်းအဝိုင်း၏ အစိတ်အပိုင်းတခုမှ လက်ရှိစာတမ်း တွင်ညွှန်းဆိုထားသော အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ဖျက်ဆီးစေလိုသော ရည်ရွယ်ချက်ဖြင့် ပြုမူလုပ်ဆောင်ရန်အတွက် ဤစာတမ်းကို တလွဲအသုံးချခြင်း၊ အခွင့်ကောက်ယူခြင်း မပြုစေရ။

အပိုဒ် (၂၀)

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ပါဝင်သောမူဝါဒများနှင့် ဆန့်ကျင်သည့် လူတဦးချင်း၊ အုပ်စုအလိုက်၊ ဌာနအဖွဲ့အစည်း (သို့မဟုတ်) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အပြုအမူများ၊ လုပ်ငန်းများကို အစိုးရက ကူညီပံ့ပိုးရန်နှင့် အားပေးထောက်ခံရန်အတွက် လက်ရှိစာတမ်းကို တလွဲအသုံးချခြင်း၊ အခွင့်ကောက်ခြင်း မပြုစေရ။

## Synthesis I

**နည်းလမ်း (၁)**

- မေးခွန်းမေးရန်။

**နည်းလမ်း (၂)**

- လူ့အခွင့်အရေးကြေညာစာတမ်းပါ အပိုဒ်(၂၀) ပါအချက်ထဲမှ မိမိမှတ်မိသော အချက် (၁)ချက်ကို အဖွဲ့လိုက် (သို့) တစ်ယောက်ချင်း ပုံဖော်ပြပါ။

...............................................။.....................................................

# Human Rights Defender and laws

## Objective (ရည်ရွယ်ချက်)

* UDHR အပိုဒ်(3,5,9)၏ အဓိပ္ပာယ်ကို သိရှိနားလည်လာစေရန်နှင့် လက်တွေ့ ပတ်ဝန်းကျင်မှာ ၎င်းအခွင့်အရေး ချိုးဖောက်နေမှုများကို ဆွေးနွေးဖော်ထုတ်ရန်။
* UDHR အပိုဒ်(3,5,9) ပါ အခွင့်အရေးများကို အကန့်အသတ်ဖြစ်စေသော ပြည်တွင်းဥပဒေများနှင့် ကာကွယ်ဖြစ်စေသော ဥပဒေများကို သိရှိစေရန်။
* လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကိုဖိနှိပ်မှုများကြောင့် ၎င်း၏ မိသားစုဝင်များအပေါ် စိတ်ပိုင်း၊ရုပ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဆွေးနွေးဖော်ထုတ်စေရန်။

## Activity (လှုပ်ရှားမှု) ၁၅ မိနစ်

*Conjunction*:

- **ယခုသင်ခန်းစာတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အများဆုံး ရင်ဆိုင်ကြုံတွေ့ရသော လူ့အခွင့်အရေးဆိုင်ရာအပိုဒ်များကို အသေးစိတ်လေ့လာသွားမည်ဖြစ်ကြောင်း ပြောပြပါ။ ထိုအပိုဒ်များသည် UDHR တွင် ပါဝင်ပြီးသား အပိုဒ်များဖြစ်ကြောင်း ရှင်းပြပါ။**
- **သင်တန်းသားများကို အောက်ပါနည်းလမ်း (သို့မဟုတ်) နည်းလမ်းတစ်ခုခုကို အသုံးပြုပြီး အဖွဲ့ငယ် (၃) ခုခွဲပါ။**
  - သင်တန်းသားများကို အဖွဲ့(၃) ဖွဲ့ခွဲစေရန်အတွက် -
  - သတင်းစကားသုံးခုကို နည်းပြမှ ဖန်တီးပါ
    - ဥပမာ (၁) မှူးယစ်ကင်းစင် ကမ္ဘာမြေတခွင်
      - (၂) ရှည့်လဲ လျှောက်သာ ပျားလဲ စွဲသာ
      - ( ၃) လူကိုမကြည့်နဲ့မှုကို ကြည့်ပါ
- သတင်းစကား (၁) တစ်ခု ကို Sticky Note (၈) ခုတွင် (၈) လုံးခွဲ၍ ရေးပါ
- သတင်းစကားကို သင်တန်းသားများအား ဝေပေးပါ
- သင်တန်းနည်းပြမှ သတင်းစကား (၃) ခု ကိုစာရွက်ကြီးပေါ်တွင်ချရေးထားပြီး သင်တန်းသားများမမြင်စေရန်ကွယ်ထားပါ။
- သင်တန်းသားအားလုံး သတင်းစကားများကိုရပြီးမှ နည်းပြက စာရွက်ကြီးပေါ်တွင်ရေးထားသော သတင်းစကားများကို သင်တန်းသားအားလုံးကို ဖွင့်လှစ်ပြလိုက်ပါ။
- စကားပုံတူသော သင်တန်းသားများကို  လိုက်စုခိုင်းခြင်းဖြစ် အုပ်စု (၃)စုခွဲစေပါ။

- နည်းပြမှ UDHR အပိုဒ် (၃၊၅၊၉) ကို တစ်ဖွဲ့ တစ်ပိုဒ်ပေးအပ်ပါ။
    - အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးစေပြီး Role Play အတွက် ပြင်ဆင်ခိုင်းပါ။ မိမိရရှိထားသော အပိုဒ်၏ အဓိပ္ပာယ်ကို ဘယ်လိုသဘောပေါက်နားလည်စေသလဲ ဆွေးနွေးစေပါ။
    - ထိုအပိုဒ်ပါ အခွင့်အရေးချိုးဖောက်မှုဥပမာများကို ဆွေးနွေးဖော်ထုတ်စေပါ။
    - ပြီးလျှင် အဆိုပါချိုးဖောက်မှုဥပမာကို Role Play ဖြင့် တင်ဆက်ရမည် ဖြစ်ကြောင်း ပြောပြီးပြင်ဆင်မှုများ ပြုလုပ်စေပါ။

| Discussion (1) | (ဆွေးနွေးခြင်း) | (၁၀မိနစ်) |
|---|---|---|

- **UDHR အပိုဒ် ၃ ရရှိထားသောအဖွဲ့မှ Role Play ဖြင့် တင်ပြစေခြင်း။**
- **ကြည့်နေသောသင်တန်းသားကို အောက်ပါ မေးခွန်းများဖြင့် မေးမြန်းဆွေးနွေးပါ။**
    - ဘာအကြောင်းအရာတွေပြသွားလဲ?
    - ဘယ်လိုတွေခံစားရလဲ ?
    - ဘယ်လိုချိုးဖောက်မှုတွေတွေ့ရလဲ?

*Conjunction:*

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၃) နှင့်ပတ်သက်၍ လေ့လာကြည့်ရအောင်။

Input

- UDHR အပိုဒ် (၃) နှင့် ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက် ချိုးဖောက်မှုဥပမာများနှင့် အကန့်အသတ်များကို သင်တန်းသားများနှင့် ဆွေးနွေးပြီး ရှင်းပြပေးပါ။
- အပိုဒ်(၃)ပါ အခွင့်အရေးကို အကာအကွယ်ဖြစ်စေသော ပြည်တွင်းဥပဒေများနှင့် အကန့်အသတ်ဖြစ်စေသော ပြည်တွင်းဥပဒေများကို ဆွေးနွေးရှင်းပြပါ။

| | | |
|---|---|---|
| အပိုဒ် (၃) အသက်ရှင်ခွင့် (အသက်ရှင်ရပ်တည်ခွင့်)<br>လွတ်လပ်ခွင့် ( အချုပ်အနှောင်၊ အကန့်အသတ်၊ အသက်မလုပ်ရဲ၊ မရှိရ)<br>လုံခြုံခွင့် (ရုပ်ပိုင်း၊ စိတ်ပိုင်း အကြမ်းဖက်မှု မလုပ်ရ)ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း (လုံခြုံခွင့်) | - အရပ်သားများကို သတ်ဖြတ်ရန်ဦးတည်ခြင်း၊<br>- အကျဉ်းသား များ  အစား<br>အစာ ဖြတ်တောက် ခြင်း<br>- အကျဉ်းသားများ ချုပ်နှောင်<br>ထားစဉ် ဆေးကုသခွင့်မရ သဖြင့် သေဆုံးခြင်း၊<br>-ပြည်တွင်းစစ် ဖြစ်ပွားခြင်း | - အချို့နိုင်ငံများမှ သေဒဏ်ကို အစိုးရမှ ကျင့်သုံးခြင်း<br>- ကိုယ်ဝန်ဖျက်ချ ခွင့်ကိုဥပဒေအရ ခွင့်ပြုပေးထားခြင်း |
| ကာကွယ်သည့်ဥပဒေ | ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ<br>-ပုဒ်မ ၂၁ (က) -နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်သတ်မှတ် ပြဌာန်းထားသည့် တန်းတူညီမျှမှု ႉ အခွင့်အရေး၊လွတ်လပ်မှုအခွင့်အရေး၊တရားမျှတမှုအခွင့်အရေးတို့ခံစားခွင့်ရှိ သည်။<br>ပုဒ်မ ၄၄- လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်ပြဌာန်းခွင့်မရှိစေရ။<br>ပုဒ်မ ၃၅၃- မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီ မှတပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု ့ကိုဖြစ်စေ နစ်နာဆုံးရှုံးမှု ့မရှိစေရ။<br>ရာဇသတ်ကြီးပုဒ်မ ၃၀၀- သေစေလိုသော ကြံရွယ်ချက်ဖြင့်သေစေခြင်းကိုပြစ်မှု မြောက်စေခြင်းအားဖြင့်လူသတ်ခြင်းကိုတားမြစ်ထားသည်။<br>အကျဉ်းထောင်လက်စွဲ ဥပဒေ- ၄င်းတွင် အကျဉ်းသားများအတွက်အချို့သောကာကွယ်ပေးမှု များပါဝင်သည်။<br>ဥပမာ အပိုဒ် ၈၈၄ တွင်အကျဉ်းထောင်တစ်ခုချင်းစီတွင် မကျန်းမာသော အကျဉ်းသား များကို နေ့စဉ် စစ်ဆေးခြင်းနှင့်လိုအပ်သည့် အတိုင်းဆေးရုံတင်ရန်နှင့် အလုပ်ပမာဏ ကို လျော့ပေးခြင်းကိုပြုလုပ်ရမည့်ဆေးဘက် ဆိုင်ရာအရာရှိ(ဆေးမှူး) ထားရှိရန်ပြဌာန်း ထားသည်။ ဥပမာ အပိုဒ် ၈၉၀ -အရ ဆေးမှူးအနေဖြင့် အကျဉ်းထောင်များအတွင်းရှိ သန့်ရှင်းကျန်းမာရေး အခြေအနေများနှင့် ရေပေး ဝေမှုတို့ကို အနည်းဆုံး တစ်ပတ်လျှင်တစ်ကြိမ် စစ်ဆေးရမည် ဖြစ်သည်။ | |

| ကန့်သတ်သည့်ဥပဒေ | ရာဇသတ်ကြီးဥပဒေ<br><br>သေဒဏ်မပေးမနေပေးရမည့် ပုဒ်မ-<br><br>ပုဒ်မ ၃၀၂ -(၁)(ခ)အရ လူသတ်မှု့ကိုစနစ်တကျ စီစဉ်ပြီးတော့ ကြံရွယ်ပြီးတော့ သတ်တဲ့ကိစ္စ<br><br>ပုဒ်မ ၃၀၂ -၉(၁)(ဂ) မည်သူမဆိုရာဇသတ်ကြီးအရ ၇ နှစ်အထိထောင်ဒဏ်ချမှတ် ခြင်းခံထိုက်သောပြစ်မှု့ကို ကျူးလွန်နေစဉ် လူသတ်မှု့ကျူးလွန်လျှင် ထိုလူကိုသေဒဏ်ချမှတ်ရမည့် အပြင်ငွေဒဏ်လည်း ချမှတ် နိုင်သည်။<br><br>သေဒဏ်ချမှတ်ခြင်းခံရနိုင်သော ပြဋ္ဌာန်းချက် (၅)ရပ် ရာဇသတ်ကြီး-<br><br>ပုဒ်မ ၁၂၂- နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်မှု့။<br><br>ပုဒ်မ ၁၃၂- စစ်ပုန်ကန်မှု့ကို အားပေးတဲ့အမှု<br><br>ပုဒ်မ ၃၀၅- ကလေး၊ရူးသွပ်သူ၊<br><br>မိမိကိုယ်ကိုသတ်ဖို့အားပေး ကူညီတဲ့ပြစ်မှု့ဆိုင်ရာဥပဒေ။<br><br>ပုဒ်မ ၃၀၇-တစ်သက်တစ်ကျွန်းဒဏ်<br><br>ကျခံစဉ်မှာလူသတ်မှု့ကျူးလွန်<br><br>ရန်အားထုတ်ရာ၌သူတပါးကို<br><br>နာကျင်စေသော အမှု။<br><br>ပုဒ်မ ၃၉၆- လူသတ်မှု့မှာပါဝင် တဲ့ဓားပြမှု့ကိုကျူးလွန်တဲ့သူ။<br><br>ခြေချုပ်နှင့်ခံဝန်ဥပဒေ<br><br>ပုဒ်မ ၃၅(ဃ)-ခြေချုပ်နှင့် ခံဝန်ဥပဒေအရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို<br><br>ထိပါးသည့် အကြောင်းပြချက်ဖြင့် ၆လထိ ထောင်ချလို့ရ၊အာမခံပေးလို့ မရ။ပုဒ်မ ၂- ပုဒ်မခွဲငယ်(က) တစ်ဦးတစ် ယောက်သောသူကို အမိန့်တွင် သတ်မှတ်ထားသောနယ်မြေ အတွင်း၌သာသွားလာနေထိုင် ရမည်ဟုခြေချုပ်ထားနိုင်သည်။<br><br>ပုဒ်မ ၃-<br><br>(က)-ကျော်ဇော်သတင်းရှိသူကို<br><br>ဂရမ်းမပါဘဲဖမ်းဆီးနိုင်သည်။<br><br>(ခ)-ငြိမ်ဝပ်ပိပြားစေရေးဖြစ်ပေါ် စေသည့်ပစ်မှု့ကို ကျူးလွန်လျက်ရှိသူ<br><br>သို့ ကျူးလွန်ရန်အားထုတ်လေ့ ရှိသူ၊အားပေးကူညီလေ့ရှိသူ။ |
|---|---|

| Discussion(2) (ဆွေးနွေးခြင်း) | (၁၀ မိနစ်) |
|---|---|

- **UDHR အပိုဒ် 5 ရရှိထားသောအဖွဲ့မှ Role Play ဖြင့် တင်ပြစေခြင်း။**
- **ကြည့်နေသောသင်တန်းသားကို အောက်ပါ မေးခွန်းများဖြင့် မေးမြန်းဆွေးနွေးပါ။**
    - ဘာအကြောင်းအရာတွေပြသွားလဲ?
    - ဘယ်လိုတွေခံစားရလဲ ?
    - ဘယ်လိုချိုးဖောက်မှုတွေတွေ့ရလဲ?

*Conjunction:*

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (5) နှင့်ပတ်သက်၍ လေ့လာကြည့်ရအောင်။

| Input (2) | ၁၅ မိနစ် |
|---|---|

*Conjunction:*

UDHR အပိုဒ် (5) နှင့် ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက် ချိုးဖောက်မှုဥပမာများနှင့် အကန့်အသတ်များကို သင်တန်းသား များနှင့် ဆွေးနွေးပြီး ရှင်းပြပေးပါ။

- အပိုဒ်(5)ပါ အခွင့်အရေးကို အကာအကွယ်ဖြစ်စေသော ပြည်တွင်းဥပဒေများနှင့် အကန့်အသတ်ဖြစ်စေသော ပြည်တွင်း ဥပဒေများကို ဆွေးနွေးရှင်းပြပါ။

| | | |
|---|---|---|
| အပိုဒ် (၅)<br>ညှင်းပန်းနှိပ်စက်ခြင်း၊ (ရုပ်ပိုင်း၊ စိတ်ပိုင်း ပြင်းထန်စွာ နာကျင်စေခြင်း၊ တာဝန်ရှိသူက ကျူးလွန်ခြင်း၊ (သို့) လျစ်လျူရှုခြင်း၊ ရည်ရွယ်ချက်ရှိရှိကျူးလွန်ခြင်း၊ (ဝန်ခံလာအောင်၊ သတင်းအချက်အလက် ရရှိအောင်)<br>လူမဆန်စွာဆက်ဆံခြင်း<br>လူမဆန်စွာ အပြစ်ပေးခြင်း (ကြိမ်ဒဏ်၊ မီးရှို့သတ်၊ ကျောက်ခဲနဲ့ပစ်သတ်၊..) | -အကျဉ်းသားများအားရိုက်နှက်ခြင်း- တိုက်ပိတ်ခြင်း။<br>-အိမ်တွင်းအကြမ်းဖက် ခြင်း။<br>-လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း။<br>-ဂုဏ်သိက္ခာထိခိုက် အောင်ဆက်ဆံ ခြိမ်းခြောက်ခြင်း။ -မီးရှို့သတ်၊- ကြိမ်ဒဏ်ပေးခြင်း။ | -မရှိ |
| ကာကွယ်သည့်ဥပဒေ | **၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ**<br>ပုဒ်မ ၄၄- လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိစေရ။<br>ပုဒ်မ ၃၅၃- မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီ မှတပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု့ ကိုဖြစ်စေ နစ်နာဆုံးရှုံးမှု့ မရှိစေရ။<br>**ရာဇသတ်ကြီးဥပဒေ**<br>ပုဒ်မ ၃၃၀၊၃၃၁-ဖြောင့်ချက်ပေးစေရန်သို့မဟုတ် သတင်းရရန်အတွက် ပြုခြင်းကို ပြစ်မှု အဖြစ်ပြဋ္ဌာန်း ထားသည်။<br>**ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ**<br>ပုဒ်မ ၁၆၂- စုံစမ်းစစ်ဆေး နေသောကာလအတွင်း ခုခံခြေပသူတစ်ဦးထံမှရယူ ထားသော ခံဝန်ချက်ကို တရားရုံးတွင်ခုခံခြေပသူကို ဆန့်ကျင်သက်သေအဖြစ် အသုံးမပြုနိုင်ပါ။ | |

| | |
|---|---|
| | ပုဒ်မ ၁၆၃(၁)- သက်သေ အထောက်အထားရရှိရန် အတွက်ရဲအနေဖြင့်ခြိမ်းခြောက်ခြင်း၊ ကတိပေး ခြင်းများကို တားမြစ်ထား သည်။<br>**အကျဉ်းထောင်လက်စွဲဥပဒေ**<br>အကျဉ်းသားများအတွက် အကာအကွယ်များပေးထားပါသည်။ ဥပမာအပိုဒ် ဆေးဘက်ဆိုင်ရာအရာရှိ အနေဖြင့်တိုက်ပိတ်ခံထား ရသောအကျဉ်းသားများထံ သို့အနည်းဆုံးတစ်နေ့တစ်ကြိမ်သွားရောက် ကြည့်ရှုရန် ပြဋ္ဌာန်းထားသည်။ |
| ကန့်သတ်သည့်ဥပဒေ | |

## Discussion (3) (ဆွေးနွေးခြင်း) (၁၀မိနစ်)

**UDHR အပိုဒ် 9 ရရှိထားသောအဖွဲ့မှ Role Play ဖြင့် တင်ပြစေခြင်း။**

**ကြည့်နေသောသင်တန်းသားကို အောက်ပါ မေးခွန်းများဖြင့် မေးမြန်းဆွေးနွေးပါ။**

- ဘာအကြောင်းအရာတွေပြသွားလဲ?
- ဘယ်လိုတွေခံစားရလဲ ?
- ဘယ်လိုချိုးဖောက်မှုတွေတွေ့ရလဲ?

*Conjunction:*

## Input (3) (၁၅ မိနစ်)

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (9) နှင့်ပတ်သက်၍ လေ့လာကြည့်ရအောင်။

*Conjunction:*

- UDHR အပိုဒ် (9) နှင့် ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက် ချိုးဖောက်မှုဥပမာများနှင့် အကန့်အသတ်များကို သင်တန်းသားများနှင့် ဆွေးနွေးပြီး ရှင်းပြပေးပါ။
- အပိုဒ်(9)ပါ အခွင့်အရေးကို အကာအကွယ်ဖြစ်စေသော ပြည်တွင်းဥပဒေများနှင့် အကန့်အသတ်ဖြစ်စေသော ပြည်တွင်းဥပဒေများကို ဆွေးနွေးရှင်းပြပါ။

| | | |
|---|---|---|
| **အပိုဒ် (၉) မည်သူမျှ ဥပဒေအရ မဟုတ်သော ဖမ်းဆီးခြင်းကို ဖြစ်စေ၊ ချုပ်နှောင်ခြင်းကို ဖြစ်စေ၊ ပြည်နှင်ခြင်းကို ဖြစ်စေ မခံစေရ။** | - တရားစွဲဆိုခြင်းမရှိဘဲ (သို့) ကြားနာစစ်ဆေး စီရင်ခြင်း မရှိဘဲကာလ ကြာရှည် ချုပ်နှောင်ထားခြင်း။ | မရှိ |

<table>
<tr>
<td>ဖမ်းဆီးခြင်း -<br><br>ဝရမ်းပါရခြင်း၊ ဖမ်းဆီးရန်<br>တာဝန်ရှိသူကသာ ဖမ်းဆီးခြင်း၊<br>မဖမ်းဆီးမည် ဘာကြောင့်<br>ဖမ်းဆီးရကြောင်းကို ကြောညာခြင်း၊<br>ချည်နှောင်ထားရမည့် နေရာ<br>အသိပေးခြင်း၊ ဖမ်းဆီးစာရင်း<br>မှတ်ပုံတင်ခြင်း၊<br><br>ထိန်းသိမ်းခြင်း<br><br>ရမန်(တရားဥပဒေနဲ့အညီ ချုပ်နှောင်ခွင့်)<br>ယူပြီး ချုပ်နှောင်ခြင်း။<br><br>၊ အမြန်ဆုံး တရားစီရင်ခြင်း။<br><br>ဥပဒေမဲ့မဖမ်းရ၊ -ဥပဒေမဲ့မချုပ်နှောင်ရ၊<br><br>-အကြောင်းမဲ့ပြည်နှင် ဒဏ်မပေးရ</td>
<td>- အရပ်သားများကို သတ်ဖြတ်ရန်ဦးတည်ခြင်း၊<br><br>- အကျဉ်းသား များ  အစား<br>  အစာ ဖြတ်တောက် ခြင်း<br><br>- အကျဉ်းသားများ ချုပ်နှောင်<br>ထားစဉ် ဆေးကုသခွင့်မရ သဖြင့် သေဆုံးခြင်း၊<br><br>-ပြည်တွင်းစစ် ဖြစ်ပွားခြင်း<br><br>- နိုင်ငံရေးကြောင့် ဖမ်းဆီးခြင်း။ ချုပ်နှောင်ခြင်း<br><br>-သက်သေခိုင်လုံမှု မရှိပဲ ထိန်းသိမ်းခြင်း၊ (၄၈<br>နာရီထက် ကျော်လွန်ခြင်း)<br><br>- ဧည့်စာရင်း စစ်ပြီး ဖမ်းခြင်း<br><br>တာဝန်ရှိသူ မဟုတ်ပဲ ဖမ်းဆီးခြင်း၊<br><br>ချုပ်နှောင်ထားသော နေရာ လျှို့ဝှက်ထားခြင်း<br><br>- မိသားစု ရှေ့နေနှင့် ဆက်သွယ်ခွင့် မပေးခြင်း<br><br>- တရားရုံး ခွင့်ပြုချက် မပါပဲ ဖမ်းဆီးခြင်း၊<br>(ရဲအရေးပိုင်မှုများ)နိုင်ငံရေး အတိုက်အခံ<br>အင်အားစုများ နိုင်ငံတော်ပုန်ကန်မှု ခြအဖြစ်<br>ဖမ်းဆီးခြင်း၊ ( ဥပမာ - အစိုးရ မဟုတ်တဲ့<br>အဖွဲ့အစည်းများ နိုင်ငံရေး အင်အားစုများ)</td>
<td></td>
</tr>
<tr>
<td>ကာကွယ်သည့်ဥပဒေ</td>
<td colspan="2">၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ<br><br>ပုဒ်မ ၃၅၃- မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီ မှတပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု ့<br>ကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ။<br><br>ပုဒ်မ ၂၁(ခ)။တရားရုံး၏ ခွင့်ပြုချက်မရရှိဘဲနိုင်ငံသား တစ်ဦးကို ၂၄<br>နာရီထက် ကျော်လွန်၍ချုပ်နှောင်ထား ခွင့်မရှိစေရ။<br><br>ပုဒ်မ ၃၇၆။နိုင်ငံတော်လုံခြုံ ရေး၊တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာ<br>ယာရေးနှင့်အများပြည်သူ အကျိုးငှာဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန်<br><br>အပ်သောကိစ္စသိမ့်ဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ် အရ ခွင့်ပြုသည့်ကိစ္စမှ တစ်ပါးစီရင်ပိုင်ခွင့်ရှိသော<br>တရားသူကြီး၏ချုပ်မိန့်မရှိ ဘဲမည့်သူ့ကိုမှ ၂၄ နာရီထက်ပို၍ ချုပ်နှောင် ခြင်းမပြုရ။<br><br>ရာဇသတ်ကြီးဥပဒေ<br><br>ပုဒ်မ ၃၄၃၊၃၄၄-လူတစ်ဦး တစ်ယောက်ကို ၃ ရက်ထက်ပို၍မတရားဖမ်းဆီး ချုပ်နှောင်ထား<br>လျှင် ထိုသူကို ၂ နှစ်အထိထောင်ဒဏ် ချမှတ်နိုင်ပြီး၊လူတစ်ဦးတစ် ယောက်ကို ၁၀ရက်<br>ထက်ပို၍ မှားယွင်းစွာဖမ်းဆီးချုပ်နှောင် ထားလျှင်ထိုသူကို ၃နှစ်အထိ ထောင်ဒဏ်<br>ချမှတ်နိုင်သည်။</td>
</tr>
</table>

| | |
|---|---|
| | ၂၀၁၇ ခုနှစ် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ် မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ<br><br>ပုဒ်မ ၇-မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စ မှတပါး တရားရုံး၏ခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မပြုရ။<br><br>၂၀၁၇ ခုနှစ် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ် မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု ကိုကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၇-မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စ မှတပါး တရားရုံး၏ ခွင့်ပြုချက်မရှိဘဲမည်သူ့ကိုမျှ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင် ထားခြင်းမပြုရ။ |
| ကန့်သတ်သည့်ဥပဒေ | မတရားဖမ်းဆီးခြင်း<br><br>ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ<br><br>ပုဒ်မ ၅၄(၁)-တရားရုံးဝရမ်းမပါဘဲရဲတစ်ဦးက ဖမ်းဆီးနိုင်သည့် သံသယရှိသူ အမျိုးအစားများကိုဖော်ပြ ပြဌာန်းထားသည်။<br><br>ဥပမာ- ရဲအရေးပိုင်ခွင့်ရှိသော ပြစ်မှုတစ်ရပ်ရပ်နှင့် ဆက်စပ် ပါဝင်နေသူ သို့မဟုတထိုသို့ စပ်ဆိုင်ပါဝင်နေကြောင်း ကျိုးကြောင်းဆီလျော်စွာ တိုင်ကြားခြင်းခံရသူသုံမ့ဟုတ် သို့စပ်ဆိုင်ပါဝင်နေကြောင်း ယုံကြည်လောက်အောင်<br>သတင်း ပေးခြင်းခံရသူသို့မဟုတ်ထိုသို့စပ်ဆိုင်နေကြောင်းယုတ္တိ တန်စွာ မသင်္ကာဖွယ်ရာဖြစ်သူမည်သူမဆို။<br><br>မတရားချုပ်နှောင်ခြင်း ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ၁၉၄၅ ရဲအက်ဥပဒေ ပုဒ်မ ၃၅ (က)- ကျေနပ်လောက်အောင် အကြောင်း မပြနိုင်ဘဲ ပြစ်မှု ကျူးလွန်နိုင်သည့် လက်နက်တစ်စုံတစ်ရာ စွဲကိုင်လျက် တွေ့ရလျှင် ပုဒ်မ ၃၅(ခ)-ညဥ့်အချိန်စျေး၊ လမ်းနှင့် အခြားနေရာများတွင် ကျေနပ်လောက်အောင် အကြောင်းမပြ နိုင်ဘဲသူခိုးမဟုတ်ကြောင်းဖြေရှင်းရန်နှင့်နိုင်ငံခြားသားမဟုတ် ကြောင်းသက်သေ ထင်းရှားပြရန်တာဝန်မှာထိုနိုင်ငံခြားသားပေါ်တွင်တည်ရှိကြောင်း ပြဌာန်းထားပါ သည်။<br><br>၁၈၉၉ ရန်ကုန်ရဲအက်ဥပဒေ ပုဒ်မ(၃၀) နေဝင်နှင့်နေထွက်အကြား ညဥ့်အချိန် ကျေနပ်လောက်အောင် အကြောင်းမပြနိုင်ဘဲမျက်နှာကို ဖုံးအုပ်လျက်ဖြစ်စေ၊ရုပ်ဖျက် လျက်ဖြစ်စေ တွေ့ရှိရသူ မည်သူ့ကိုမဆို ထောင်ဒဏ် ၃ လအထိချမှတ်နိုင်သည်။ |

## Deepening (လက်တွေ့ဘဝ နှင့် ချိတ်ဆက်ခြင်း) (၂၅ မိနစ်)

- Role Play တင်ဆက်ထားသောအဖွဲ့ အတိုင်း အဖွဲ့များပြန်လည်း ခွဲ
- သင်တန်းသားများကို အောက်ပါမေးခွန်းများမေး၍ ဆွေးနွေးစေပါ။
    - လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် အသက်ရှင်ရပ်တည်ခွင့်နှင့် ပတ်သက်ပြီး မည်ကဲ့သို့ ချိုးဖောက်မှုများ ကန့်သတ်မှုများ ရှိနိုင်မည်နည်း?
    - လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် ညှင်းပန်းနှိပ်စက်မှုနှင့် ပတ်သက်ပြီး မည်ကဲ့သို့ ချိုးဖောက်မှုများခြိမ်းခြောက်မှုများ ရှိနိုင်မည်နည်း?
    - လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် မတရားဖမ်းဆီးခြင်းအခွင့်အရေးနှင့် ပတ်သက်ပြီး မည်ကဲ့သို့ ချိုးဖောက်မှုများ ကန့်သတ်မှုများ ရှိနိုင်မည်နည်း?
    - ယခုကဲ့သို့ ချိုးဖောက်ခံရပါက လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် မိသားစုများအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုများရှိနိုင်မည်နည်း။
        - အောက်ပါ ဇယားကွက်များပေး၍ ဆွေးနွေးဖြည့်စွက်စေပါ။

| UDHR 3 (အသက်ရှင် ရပ်တည်ခွင့်) | | |
|---|---|---|
| ချိုးဖောက်ခံရနိုင်မှုအခြေအနေ | သက်ရောက်မှု | |
| | HRD | မိသားစု |
| | | |

| UDHR 5 (ညှင်းပန်းနှိပ်စက်ခြင်း) | | |
|---|---|---|
| ချိုးဖောက်ခံရနိုင်မှုအခြေအနေ | သက်ရောက်မှု | |
| | HRD | မိသားစု |
| | | |

| UDHR 9 (မတရားဖမ်းဆီးခြင်း) | | |
|---|---|---|
| ချိုးဖောက်ခံရနိုင်မှုအခြေအနေ | သက်ရောက်မှု | |
| | HRD | မိသားစု |
| | | |

**Synthesis ( အနှစ်ချုပ်) (၂၀ မိနစ်)**

- လူ့အခွင့်အရေး အပိုဒ် (၃၊၅၊၉) မှ ကာကွယ်ထားတဲ့ ဥပဒေ၊ချိုးဖောက်ကန့်သတ်ထားသော ဥပဒေ တွေအကြောင်းဘာတွေမှတ်မိလိုက်လဲ။
- Trainer note
- အရောင်မတူညီသော စက္ကူနှစ်ရောင်ကိုရွေးချယ်၍ တစ်ရောင်တွင် ကာကွယ်ပေးထားသော ဥပဒေများကိုရေးစေကာ အောက်ပါအကန့်ပြုလုပ်ထားသောစာရွက်ကြီး၏ ကာကွယ်ထားသောဥပဒေ နေရာတွင်လာရောက်ကပ်စေပြီး မိမိရေးထားသောဥပဒေကိုဖတ်စေပါ။
- ဆန့်ကျင်ဘက်စက္ကူတစ်ရောင်တွင် ချိုးဖောက်ကန့်သတ်ထားသော ဥပဒေများကိုရေးစေကာ အောက်ပါအကန့်ပြုလုပ်ထားသောစာရွက်ကြီး၏ ချိုးဖောက်ကန့်သတ်ထားသောဥပဒေ နေရာတွင်လာရောက်ကပ်စေပြီး မိမိရေးထားသောဥပဒေကိုဖတ်စေပါ။

| ကာကွယ်ထားသော ဥပဒေ | ချိုးဖောက်ကန့်သတ်ထားသော ဥပဒေ |
|---|---|
| | |

- သင်တန်းနည်းပြမှ လိုအပ်သည်များကိုဖြည့်စွက်၍ အနှစ်ချုပ်ပေးပါ။

……………………………………………॥…………………………………………………

# Human Rights and laws

## Objective (ရည်ရွယ်ချက်)

* UDHR အပိုဒ်(12,13,19)၏ အဓိပ္ပာယ်ကို သိရှိနားလည်လာစေရန်နှင့် လက်တွေ့ ပတ်ဝန်းကျင်မှာ ၎င်းအခွင့်အရေး ချိုးဖောက်နေမှုများကို ဆွေးနွေးဖော်ထုတ်ရန်။
* UDHR အပိုဒ်(12,13,19) ပါ အခွင့်အရေးများကို အကန့်အသတ်ဖြစ်စေသော ပြည်တွင်းဥပဒေများနှင့် ကာကွယ်ဖြစ်စေသော ဥပဒေများကို သိရှိစေရန်။
* အပိုဒ် (12,13,19)ကိုပိတ်ပင်တားဆီးထားသောကြောင့် အခွင့်အရေးကာကွယ် စောင့်ရှောက်သူ Defenders များအပေါ် သက်ရောက်မှုများကိုဖေါ်ထုတ်တတ်စေရန်။
* HRD များအပေါ် ကန့်သတ်ထားသည့်ဥပဒေများကို ပြောင်းလဲနိုင်ရန်အတွက် နည်းလမ်းများ ဖေါ်ထုတ်တတ်စေရန်။

## Activity (လှုပ်ရှားမှု) ပူစီပေါင်းဖောက်ခြင်း ၁၅ မိနစ်

* သင်တန်းသားများအား တစ်ဦးလျှင် ရာဘာပူစီပေါင်းတစ်လုံးနှင့် ကြိုးစတစ်စစီပေးပါ။
* ပူစီပေါင်းကို လေဖြင့်မှုတ်သွင်းပြီး ကြိုးဖြင့် ချည်နှောင်၍ ခြေထောက်တွင် ချည်ထားစေပါ။
  - ပူစီပေါင်းအရွယ်အစား သေးလွန်းခြင်း မဖြစ်စေရန် ညွှန်ကြားပါ။
  - ခြေမျက်စိနားတွင် ဘောလုံးကို အနောက်မှာထားပြီး ချည်ပါ။
  - နည်းပြမှ ညွှန်ကြားမှုပြုလုပ်ရာတွင် သင်တန်းသားများအား ထိုပူပေါင်းများကို ပူစီပေါင်းဟု မမြင်စေပဲ ၎င်းတို့ ဘဝအတွက် အရေးပါသောအရာဟု ပြောင်းလဲကာသတ်မှတ်စေရန် အရင်ဆုံးလမ်းညွှန်ချက်ပေးပါ။
* မိမိ ပူစီပေါင်းကိုကာကွယ်ရမည်ဖြစ်ပြီးအခြားသူ၏ ပူစီပေါင်းကိုလိုက်ဖေါက်ရန်လမ်းညွှန်ချက်ပေးပါ။

**Trainer Note**

- သင်တန်းသားများအန္တရာယ်မရှိအောင် စောင့်ကြည့်ပါ။

| Discussion (1)(ဆွေးနွေးခြင်း) | (၁၅)မိနစ် |
|---|---|

* အချိန်အကန့်အသတ်တစ်ခုထားပြီး လှုပ်ရှားမှုကို ရပ်တန့်စေပြီး အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးမှုကို ပြုလုပ်စေပါ။

- ဒီလှုပ်ရှားမှုမှာ ဘာတွေဖြစ်ခဲ့သလဲ။
- ဘယ်လိုခံစားရလဲ။
    - ဘောလုံးမကွဲခဲ့လျှင် မကွဲသူခံစားချက်
    - ဘောလုံးကွဲခဲ့လျှင် ကွဲသူ ခံစားချက်
    - လိုက်ဖောက်တဲ့အချိန်မှာ ခံစားချက်
- ဒီဘောလုံးသာ ကိုယ်ရဲ့ Privacy ဖြစ်မယ်ဆိုလျှင်ဘယ်လိုဖြစ်မလဲ။

*Conjunction:*

အခုလိုအခြေအနေက လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ချိုးဖေါက်မှုသာဖြစ်တယ်။ ဒါကြောင့်မို့ လူတစ်ယောက်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်ခွင့်ဆိုတာ ထိခိုက်ရမည့်အရာမဟုတ်ဘူး ထိခိုက်လို့မရနိုင်ဘူး ဒါကြောင့်မို့လို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၁၂)မှာ ကာကွယ်ပြဌာန်းပေးထားတဲ့ အချက်တွေကို ဆက်ပြီးတော့လေ့လာကြည့်ရအောင်ဆိုပြီး သင်တန်းသားများနှင့် အပြန်အလှန်ဆွေးနွေးရှင်းပြပါ။

| Input (1)(ဗဟုသုတ ဆွေးနွေးခြင်း) | (၂၀)မိနစ် |
|---|---|

| အဓိပ္ပာယ် | ချိုးဖောက်မှု(ဥပမာ) | ခြွင်းချက် |
|---|---|---|
| အပိုဒ် (၁၂) မကောင်းသောရည်ရွယ်ချက်ဖြင့် အိမ်အတွင်း ဝင်ရောက်ခြင်း။ ဖုန်းခိုးနားထောင်ခြင်းမပြုရ။<br>မည်သူ၏ကိုယ်ရေးကိုယ်တာကိစ္စများမိသားစုနှင့်သက်ဆိုင်သောကိစ္စများနေအိမ်နှင့်စာပေစာယူကိစ္စတို့ကို ဥပဒေအရ မဟုတ်သော ဝင်ရောက်စွပ်ဖက်မှုမရှိစေရ။ ထို့အပြင် ထိုသူ၏ဂုဏ်သိက္ခာကို ပုတ်ခတ် ပိုင်ခွင့်မရှိ။<br>လူတိုင်းတွင်ထိုသို့စွတ်ဖက်ခြင်းသော်လည်းကောင်း၊ ပုတ်ခတ်ခြင်း ခံရခြင်းသော်လည်းကောင်း ဥပဒေအရ ကာကွယ်ပိုင်ခွင့်ရှိသည်။ | | |

<table>
<tr>
<td>အပိုဒ် (၁၂) ပုဂ္ဂိုလ်ရေးဆိုင်ရာ<br>လွတ်လပ်ခွင့်<br>- တစ်ဦးတစ်ယောက်ရဲ့<br>ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စအချက်အလက်<br>- ဆက်သွယ်မှု<br>- နေအိမ်<br>- (ရှာဖွေဝရမ်းပါရမယ်)<br>- တာဝန်ရှိတဲ့သူ၊ ဘာ့ကြောင့်လဲဖမ်း၊<br>စစ်ဆေးခွင့်၊</td>
<td>- အခန်းတွင်း ဝင်ရောက်ရှာဖွေ<br>- နောက်ယောင်ခံခြင်း<br>- နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေခြင်း<br>- ကိုယ်ရေးအချက်အလက်ကို<br>တလွဲအသုံးချခြင်း<br>- စာဖောက်ဖတ်၊ အီးမေးလ်ဖောက်ဖတ်၊<br>ဖုန်းခိုးနားထောင်၊ ဖေ့ဘုတ်အကောင့်ခိုး<br>( ဝရမ်းမပါဘဲ ရှာဖွေခြင်း)</td>
<td>ကောင်းသောရည်ရွယ်ချက်၊<br>- မိဘနှင့်သားသမီး<br>- ရာဇဝတ်ဆိုင်ရာကိစ္စ<br>- နိုင်ငံတကာလုပ်ကြံမှု<br>- နိုင်ငံတကာအကြမ်းဖက်မှု<br>များကို စောင့်ကြည့်ခြင်း</td>
</tr>
<tr>
<td>ကာကွယ်သည့်ဥပဒေ</td>
<td colspan="2">၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ<br>ပုဒ်မ (၃၅၇)<br>ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်လျှင် နေအိမ်ဥပစာလုံခြုံမှု၊ စာပေးစာယူနှင့်<br>အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။<br>နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ (၂၀၁၇)<br>ပုဒ်မ ၃ - နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု<br>အပြည့်အဝ ရရှိခံစားခွင့်ရှိသည်။<br>ပုဒ်မ ၇-၁၂- ဥပဒေနှင့်အညီ မဟုတ်သော တရားမဝင် ဝင်ရောက်ရှာဖွေခြင်း၊<br>သိမ်းဆည်းခြင်းနှင့် နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း တို့ကို<br>တားမြစ်ထားပြီး၊ ထောင်ဒဏ် (၃)နှစ်အထိ ချမှတ်နိုင်သည်။</td>
</tr>
<tr>
<td>ကန့်သတ်သည့်ဥပဒေ</td>
<td colspan="2">ပုဒ်မ ၃၇၇<br>နှစ်ဦးသဘောတူပြုသည့် လိင်တူချင်း ဆက်ဆံမှုပါဝင်သော “ဓမ္မတာ နှင့် ဆန့်ကျင်သည့်”<br>ကာမစပ်ယှက်မှုကို ပြစ်မှုအဖြစ် ပြဌာန်းထားပြီး၊ ထောင်ဒဏ် ၁၀နှစ်အထိ<br>အပြစ်ပေးနိုင်ပါသည်။ ၎င်းက လိင်မှုကိစ္စနှင့် စပ်လျဉ်း၍ ပုဂ္ဂလိက ဆုံးဖြတ်ချက်များကို<br>အရေးယူရန် အစိုးရကို ခွင့်ပြုထားသည့်အတွက် ဤပြဌာန်းချက်သည် ပုဂ္ဂိုလ်ရေးလွတ်လပ်မှု<br>အခွင့်အရေးကို ချိုးဖောက်သည်။</td>
</tr>
</table>

Trainer Note

- အပိုဒ် (၁၂) တွင် ခြင်းချက်(၂)ခုရှိတယ်။
- ပထမ အနေနဲ့ ကောင်းသောရည်ရွယ်ချက်ဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ စာများဖွင့်ဖောက်ဖတ်ခြင်း
- (ဥပမာ- မိဘမှ သားသမီး၏ဘေးအန္တရာယ်ကို ကာကွယ်ခြင်း အနေဖြင့် စာများဖတ်ခြင်းကို ဆိုလိုသည်။ ရည်းစားစာ)
- ဒုတိယအနေဖြင့် -နိုင်ငံတော်ကို ထိခိုက်စေနိုင်သောစာများဖတ်ခြင်း
- (ဥပမာ-မကောင်းသောရည်ရွယ်ချက်ဖြင့် သူတစ်ပါး၏ ကိုယ်ရေးအချက်အလက်များကို ရယူခြင်း။
- -Facebook,group chatting, phone)
- -နည်းပြမှလက်ရှိသင်တန်းအခန်းအတွင်းကို အပြင်မှလူစိမ်းတစ်ယောက်ဝင်လာပြီး ဘာမှမပြောပဲ အခန်းအတွင်းမှ flip chart စာရွက်စာတမ်းများကို ကြည့်ပါကမကောင်းသော ရည်ရွယ်ချက်လား ကောင်းသောရည်ရွယ်ချက်လားလို့ မေးပါ။
- -လမ်းလျှောက်ရင်း ဈေးသွားရင်း မိမိ၏ ဓါတ်ပုံကို အများနှင့်သက်ဆိုင်သောနေရာများတွင် မိမိကိုတိုက်ရိုက်မသက်ရောက်ပဲ  မိမိ၏ဓါတ်ပုံသာ ပါသွားခြင်းသည် မိမိချိုးဖောက်မှုမမြောက်ပါဟု သင်တန်းသားများကိုပြောပြပါ။
- -မိမိ၏ပုဂ္ဂလိကပိုင်ဆိုင်သော အခန်းအတွင်း ဓါတ်ပုံ၊သတင်း၊CCTVရိုက်ယူခြင်းသည်ချိုးဖောက်မှုမြောက်ကြောင်းခွဲခြားပြောပြပါ။

| Activity (2) (လှုပ်ရှားမှု)   Role Play | (၅)မိနစ် |
|---|---|

* သင်တန်းသားများထဲမှ လူ(၇)ယောက် (သို့ ) (၈)ယောက်ခန့်ကို ခေါ်ထုတ်ပါ။
* အပိုဒ် (၁၃)ပါ အချက်အလက်များကိုရှင်းပြပါ။
* အပိုဒ် (၁၃)ကို ချိုးဖောက်သည့်ဇာတ်လမ်းကို ထိုသူ (၇)ယောက်မှ သရုပ်ဖေါ်တင်ဆက်မှုပြုလုပ်ရန်အတွက် ပြင်ဆင်ပေးပါ။
    - ချိုးဖေါက်သူအဖြစ် (၂)ယောက်က သရုပ်ဆောင်စေပါ။
    - ကျန်သူများကို ချိုးဖေါက်ခံရသူအဖြစ်သရုပ်ဆောင်စေပါ။
* သရုပ်ဖေါ်တင်ဆက်မှုပုံစံကို လုပ်ဆောင်ခိုင်းပါ။

## Discussion (2)(ဆွေးနွေးခြင်း) (၁၅ မိနစ်)

* တင်ဆက်မှုမှာဘာတွေဖော်ပြသွားလဲ။
* ဘယ်လိုချိုးဖေါက်မှုဖြစ်တာလဲ။
* ဘယ်သူတွေကချိုးဖေါက်တာလဲ။
* မိမိတို့၏ လက်တွေ့ ဘဝမှာရော ဘယ်လိုချိုးဖေါက်မှုတွေကြုံဘူးကြားဘူးသလဲ။

ဖြစ်နိုင်ချေရှိသည့်အဖြေများ - သွားလာမှုကိုပိတ်ပင်တာ ၊ သွားလာမှုအတွက်ခွင့်ပြုချက်ရယူမှုခက်ခဲတာ၊ ဂိတ်များထားပြီးစစ်ဆေးတာ စသည်ဖြင့်။

*Conjunction:*

ဒီအရာတွေက အဓိကအားဖြင့်တော့လူတစ်ယောက်၏ လွတ်လပ်စွာ သွားလာနေထိုင်မှုများကို ကန့်သတ်ချုပ်ချယ်မှုကိုချိုးဖေါက်သည့် အကြောင်းအရာတွေသာဖြစ်တယ်။ သို့သော်လည်း လက်ရှိအနေခြအနေမှာ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်များကို အကြောင်းအမျိုးမျိုးနှင့်ပိတ်ပင်မှုတားဆီးမှုများပြုလုပ်နေတာကရှိနေတယ်။ ဒါကြောင့်မို့ဒီလိုအရာတွေကို မလုပ်ဆောင်နိုင်အောင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာ စာတမ်းအပိုဒ် (၁၃) မှာဘယ်လိုတွေကာကွယ်ပြဌာန်းပေးထားသလဲဆိုတာကိုလေ့လာကြည့်ရအောင်။

## Input (2) ဗဟုသုတ

| အဓိပ္ပာယ် | ချိုးဖောက်မှု(ဉပမာ) | ခြွင်းချက် |
|---|---|---|
| အပိုဒ် (၁၃) လူတိုင်းမိမိတိုင်းပြည်အတွင်း လွတ်လပ်စွာသွားလာခွင့်၊ ရွှေ့ ပြောင်းနေထိုင်ခွင့်ရှိသည်။ | | |
| - လွတ်လပ်စွာ သွားလာခွင့်၊<br>1. တိုင်းပြည်အတွင်း လွတ်လပ်စွာ သွားလာခွင့်၊ (ပြည်တွင်း)<br>2. မိမိတိုင်းပြည်အတွင် ပြန်လည်ဝင်ရောက်ခွင့်။ (ပြည်ပ)<br>3. ရွှေ့ပြောင်းနေထိုင်ခွင့် | - စစ်ဆေးရေးဂိတ်များလွန်း (စစ်တောင်းဂိတ်)<br>- အကြောင်းမဲ့ သွားလာခွင့်ပိတ်ပင်။<br>- နိုင်ငံကူးလက်မှတ်မထုတ်ပေး။<br>ဉပမာ- နိုင်ကျဉ်း၊<br>နိုင်ငံရေးသမားမိသားစု၊ အမျိုးသမီးငယ် | - လုံခြုံမှု မရှိသောနေရာ<br>-သဘာဝဘေးအန္တရာယ်ဖြစ်နေတဲ့နေရာ<br>- အများပြည်သူအတွက် အန္တရာယ်ကျရောက်နိုင်တဲ့နေရာလူမျိုးရေးဘာသာရေးထိခိုက်တဲ့နိုင်တဲ့အခြေအနေ |

| | |
|---|---|
| ကာကွယ်သည့်ဥပဒေ | - ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ<br>- ၃၅၅ နိုင်ငံသားတိုင်းသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။ |
| ကန့်သတ်သည့်ဥပဒေ | **၁၈၉၉ ခုနှစ်၊ ရန်ကုန်ရဲဥပဒေအမှတ် ၄**<br>**(မြန်မာနိုင်ငံဥပဒေအတွဲ ၁၊ စာမျက်နှာ - ၂၀၈ ၌ ပါရှိပါသည်။)**<br><br>ပုဒ်မ ၃၀ (ဂ)။ ညဥ့်အချိန်ကျေနပ်လောက်အောင် အကြောင်းမပြနိုင်ဘဲ မျက်နှာကို ဖုံးအုပ်လျက်ဖြစ်စေ၊ ရုပ်ဖျောက်လျက်ဖြစ်စေ တွေ့ရှိရမှု<br>(၁) ပြစ်ဒဏ်ပြဌာန်းချက်- သုံးလအထိ ထောင်ဒဏ်စီရင်ခြင်းခံရမည်။<br>(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ- မျက်နှာကိုဖုံးအုပ်၍သော်လည်းကောင်း၊ ရုပ်ဖျက်၍ သော် လည်းကောင်း နေဝင်နှင့်နေထွက်စပ်ကြား သွားလာနေသည်ကို တွေ့ရှိရပြီး ၄င်းသူသည် ထိုသို့ ပြုမူခြင်းအ တွက် ကျေနပ်လက်ခံနိုင်လောက်သော အ ကြောင်းပြချက်မပေးနိုင်၊ မပြောဆိုနိုင်သူဖြစ်လျှင်၊<br><br>ပုဒ်မ ၃၀ (ဃ)။ နေအိမ် သို့မဟုတ် အခြားအဆောက်အအုံတစ်ခုခု၏ ဥပစာ၊ နောက်ဖေးလမ်းကြား၊ ရေယာဉ်တစ်ခုခုပေါ်တွင် ကျေနပ်လောက်အောင် အကြောင်းမပြနိုင်ဘဲ တွေ့ရှိရမှု<br>(၁) ပြစ်ဒဏ်ပြဌာန်းချက်- သုံးလအထိ ထောင်ဒဏ်စီရင်ခြင်းခံရမည်။<br>(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ- မည်သည့်လူနေအိမ် အဆောက်အအုံတွင် သော် လည်း ကောင်း၊ အခြားမည်သည့်နောက်ဖေးလမ်းကြား တွင်သော်လည်းကောင်း၊ မည်သည့် ရေယာဉ်ပေါ်တွင် သော် လည်းကောင်း တွေ့ရှိရပြီး ထိုသို့ရောက်ရှိ နေကြောင်းကို ကျေနပ်လက်ခံ နိုင်လောက်အောင် အကြောင်း မပြနိုင်လျှင်<br>(ကန့်သတ်) ပုဒ်မ (၁၄၄) (၁၈၈)<br>**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ- ၁၀၃**<br>ပုဒ်မခွဲ (၅) ရှာဖွေသက်သေအဖြစ်ခေါ်ယူရာတွင် ငြင်းဆန်လျှင် ပြည်သူ့ဝန်ထမ်းကို ဥပဒေအရ<br>တာဝန်ရှိ သူက ကူညီရန် ပျက်ကွကခြင်းအမှုဖြင့် အရေးယူခြင်းခံရမည်။ |

| Activity (3) (လှုပ်ရှားမှု) Video (လက်ပံတန်းကျောင်းသားများဆန္ဒပြမှု ) | (၁၅)မိနစ် |
|---|---|

- VCDကိုကြည့်ပြီးဘာတွေဖြစ်ခဲ့လဲဆိုတာကိုသင်တန်းသားများကို မှတ်သားထားခိုင်းပါ ။
- လက်ပံတန်းကျောင်းသားများဆန္ဒပြမှု VCD ကိုပြသပါ။

**Trainer Note**

- ဗီဒီယိုမပြသခင်မှာနည်းပြမှအရင်ကြည့်ထားရန်။
- အကြောင်းအရာအဖြစ်အပျက်ဖြစ်ပွားမှုကိုအရင်ဆုံးမိတ်ဆက်ပေးရန်(၁၀.၃.၂၀၁၅)တွင်ဖြစ်ပွားခဲ့ခြင်း။
- (DVB)သတင်းဌာနမှ ယူထားကြောင်းပြောပြပါ။ထိုအချက်များကိုရှင်းပြပြီးမှသာ VCDကိုပြပါ။

| Discussion (3) (ဆွေးနွေးခြင်း) | (၂၀)မိနစ် |
|---|---|

* ဘယ်လိုခံစားရလဲ။

* VCD ကြည့်ပြီး ဘာတွေမြင်တွေ့ရလဲ?

- ဘယ်အခွင့်အရေးတွေကိုချိုးဖေါက်ခံနေရသလဲ?
- ဘယ်သူတွေက ချိုးဖောက်တာလဲ?
- ဘယ်လိုနည်းလမ်းတွေကို အသုံးပြုသလဲ?

**Trainer Note**- သတင်းလွတ်လပ်ခွင့်မရှိခြင်း။

ထုတ်ဖေါ်ဖေါ်ပြောဆိုမှုကိုကန့်သတ်ပိတ်ပင်ခြင်းများထွက်အောင် မေးမြန်းပါ။

*Conjunction:*

ဒီလိုချိုးဖေါက်မှုတွေကိုမဖြစ်အောင် UDHR အပိုဒ် (၁၉) မှာဘယ်လိုတွေကာကွယ်ပေးထားသလဲ ။ပြည်တွင်းမှာဆိုရင်ရော ဘယ်လိုဥပဒေတွေ နဲ့ကွာကွယ်ပေးထားလဲ ကန့်သတ်ထားတဲ့ ဥပဒေတွေကဘာတွေရှိလဲဆိုတာ လေ့လာကြည့်ရအောင်။

## Input (3) အပိုဒ် (၁၉) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းရယူခွင့်ရှိသည်။ ၄၀ မိနစ်

<table>
<tr>
<td>အပိုဒ် (၁၉) ထင်မြင်ယူဆခွင့်<br>(အတွင်းပိုင်းလွတ်လပ်ခွင့်)<br>- ထုတ်ဖော်ပြောဆိုခွင့်<br>နည်းလမ်း- စကားလုံး၊ စာပေ၊ ရုပ်ပုံ…<br>သတင်းရယူခွင့်( နယ်စည်းမခြား<br>သတင်းရယူခွင့်ရှိရမယ်)<br>- မီဒီယာများတဆင့် (ပုံနှိပ်၊ အသံလွှင့်၊<br>ရုပ်သံ၊ အွန်လိုင်း၊ ဝက်ဆိုဒ်၊<br>ဆိုရှယ်မီဒီယာ၊<br>သတင်းဖြစ်ပေါ်ရာနေရာ၊ အစိုးရ<br>(အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊<br>တရားစီရင်ရေး)</td>
<td>- စာပေစီစစ်ရေး<br>- ဆင်ဆာဖြတ်<br>- ထုတ်ဖော်ပြောဆိုခွင့် (ကန့်သတ်)<br>- ဆန္ဒထုတ်ဖော်မှု (ကန့်သတ်)<br>ဖမ်းဆီးမှု ပြုလုပ်<br>- မီဒီယာကို ပိတ်ပင်<br>- မီဒီယာများကို အရေးယူ<br>- သတင်းမှန်မပေး၊<br>သတင်းထိန်ချန်ထားခြင်း။</td>
<td>- အခြားသူများ၏ ဂုဏ်သိက္ခာ<br>ထိခိုက်အောင်ပြောဆိုမှု၊<br>- အမုန်းတရားပွားစေတဲ့ ထုတ်ဖော်ပြောဆိုမှု၊<br>အကြောက်တရားပွားအောင်လှုံ့ဆော်မှု။</td>
</tr>
<tr>
<td>ကာကွယ်သည့်ဥပဒေ</td>
<td colspan="2">၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ<br>ပုဒ်မ ၃၅၄- နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊<br>ရပ်ရွာအေးချမ်းသာယာရေး (သို့) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဌာန်းထားသည့်<br>ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ<br>သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။<br>(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို<br>လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်<br>(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊<br>(ဂ) အသင်းအဖွဲ့ (သို့) အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊<br>(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး (သို့)<br>တိုင်းရင်းသားလူမျိုးအချင်းချင်းသော်လည်းကောင်း၊ အခြားဘာသာကိုလည်းကောင်း၊<br>ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ယဉ်ကျေးမှု၊ ကိုးကွယ်သည့်<br>ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။<br><br>မှတ်ချက်- ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတင်းမီဒီယာလွတ်လပ်ခွင့် (သို့)<br>သတင်းအချက်အလက် ရရှိပိုင်ခွင့် အခွင့်အရေးကို သိသာထင်ရှားစွာ ကာကွယ်ပေးခြင်း<br>မရှိပါ။<br>သတင်းမီဒီယာဥပဒေ<br>- ပုဒ်မ ၄-သတင်းမီဒီယာသမားများသည် " ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်<br>တရားစီရင်ရေးဆိုင်ရာတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ<br>လွတ်လပ်စွာ ဝေဖန်၊ ထောက်ပြ၊ အကြံပြုရေးသားခွင့်ရှိသည်။<br>- ပုဒ်မ-၅ သတင်းမီဒီယာ လုပ်ငန်း၏ ထုတ်ဝေစာသည် စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်<br>ဟူသော အချက်များ အပါအဝင် သတင်းမီဒီယာဆိုင်ရာ အခွင့်အရေးများကို<br>အကန့်အသတ်ဖြင့် ပြဌာန်းပေးထားသည်။</td>
</tr>
</table>

| | |
|---|---|
| | **၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ**<br>ပုဒ်မ ၃၅၄- နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။<br>(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်<br>(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊<br>(ဂ) အသင်းအဖွဲ့ (သို့) အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊<br>(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး (သို့) တိုင်းရင်းသားလူမျိုးအချင်းချင်းသော်လည်းကောင်း၊ အခြားဘာသာကိုလည်းကောင်း၊ ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။<br>မှတ်ချက်- ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတင်းမီဒီယာလွတ်လပ်ခွင့် (သို့) သတင်းအချက်အလက် ရရှိပိုင်ခွင့် အခွင့်အရေးကို သိသာထင်ရှားစွာ ကာကွယ်ပေးခြင်း မရှိပါ။<br>**သတင်းမီဒီယာဥပဒေ**<br>- ပုဒ်မ ၄-သတင်းမီဒီယာသမားများသည် " ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ဝေဖန်၊ ထောက်ပြ၊ အကြံပြုရေးသားခွင့်ရှိသည်။<br>- ပုဒ်မ-၅ သတင်းမီဒီယာ လုပ်ငန်း၏ ထုတ်ဝေစာသည် စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည် ဟူသော အချက်များ အပါအဝင် သတင်းမီဒီယာဆိုင်ရာ အခွင့်အရေးများကို အကန့်အသတ်ဖြင့် ပြဌာန်းပေးထားသည်။ |
| ကန့်သတ်သည့်ဥပဒေ | **သတင်းမီဒီယာဥပဒေ**<br>ပုဒ်မ ၁၂-၂၄<br>မြန်မာသတင်းမီဒီယာကောင်စီကို ဖွဲ့စည်းသော်လည်း၊ ကောင်စီဝင်များကို သမ္မတက ခန့်အပ်ပြီး၊ သမ္မတက ဖယ်ရှားနိုင်သည်။<br>**မတရားအသင်းဥပဓေ (၁၉၀၈)**<br>ပုဒ်မ ၁၆- အများပြည်သူငြိမ်းချမ်းရေးကို အန္တရာယ်ပြုနိုင်သည်ဟူသော အကြောင်းပြချက်ဖြင့်၊ (သို့) တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်နိုင်သည်ဟူသော အကြောင်းများဖြင့် အသင်းအဖွဲ့တစ်ခုအား တရားမဝင်အသင်းအဖွဲ့အဖြစ် ကြေညာရန် နိုင်ငံတော်သမ္မတကို ကျယ်ပြန့်သော အာဏာပေးအပ်ထားသည်။<br>- မတရားအသင်းအဖွဲ့ဝင် (သို့) ကူညီအားပေးသူကို သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သည်။<br>**ဆက်သွယ်ရေးဥပဒေ**<br>ပုဒ်မ ၆၆(ဃ)- အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် ခြိမ်းခြောက်တောင်းယူခြင်းတို့ ပါဝင်သည့် အွန်လိုင်းတွင် ပြုလုပ်သည့် ပြောဆိုမှုအများအပြားကို နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ပြီး၊ သတင်းမီဒီယာသမားများကို အရေးယူ |

## Deepening (လက်တွေ့ဘဝနှင့် ဆက်စပ်ဆွေးနွေးခြင်း)

* သင်တန်းသားများကို အဖွဲ့ (၃) ဖွဲ့ခွဲပါ။

* အောက်ပါမေးခွန်းများ ပေး၍ ဆွေးနွေးခိုင်းပါ။

- အဖွဲ့ (၁) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ ပုဂ္ဂလိကဆိုင်ရာလွတ်လပ်ခွင့်ကို ထိပါးမည်ဆိုပါက (တစ်ဦးခြင်း၊ မိသားစု၊ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို) မည်ကဲ့သို့ သက်ရောက်မှုရှိမည်နည်း။
- အဖွဲ့ (၂) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ လွတ်လပ်စွာသွားလာခွင့်ကို ပိတ်ပင်တားဆီးမည်ဆိုလျှင် (တစ်ဦးခြင်း၊ မိသားစု၊ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို) မည်ကဲ့သို့ သက်ရောက်မှုရှိမည်နည်း။
- အဖွဲ့ (၃) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ လွတ်လပ်စွာသတင်းရယူခွင့်၊ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိတ်ပင်တားဆီးမည်ဆိုလျှင် (တစ်ဦးခြင်း၊ မိသားစု၊ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို) မည်ကဲ့သို့ သက်ရောက်မှုရှိမည်နည်း။

## Synthesis (အနှစ်ချုပ်ခြင်း) (၁၅)မိနစ်

*Conjunction:*

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် ကြုံတွေ့နိုင်သော ချိုးဖောက်မှုနှင့် အကန့်အသတ်ဖြစ်စေသောဥပဒေများကို လေ့လာခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီတော့ ဘယ်လိုဖြေရှင်းနိုင်မလဲဆိုတာ စဉ်းစားကြည့်ရအောင်?

HRD များအပေါ်ကန့်သတ်ထားသည့်ဥပဒေများကို ပြောင်းလဲနိုင်ရန်အတွက် နည်းလမ်းများဘယ်လို လုပ်နိုင်မလဲ?

မိမိအနေဖြင့်

အသင်းအဖွဲ့အနေဖြ

အစိုးရအနေဖြင့်

} ဘာတွေလုပ်နိုင်မလဲ?

## Trainer Note

| **ထင်မြင်ယူဆခွင့်** | **ထုတ်ဖော်ပြောဆိုခွင့်** | **သတင်းရယူခွင့်** |
| --- | --- | --- |
| -အတွင်းပိုင်း | -အရေး/ပေါပြော | -ဗဟုသုတ |
| -စိတ်ခံစားချက်ကို တားမြစ်လို့ မရ | -သရုပ်ဖော်/အမူအရာ | -အယူအဆ |
| -လူမျိုး/ဘာသာ/အမုန်းစကား | -ရုပ်ပုံ၊ကာတွန်း | -ပညာ၊ အတတ် |
| -ကောလဟာလ | -သတင်း၊မီဒီယာ | -ကလေး၊ပုဂ္ဂလိက |
| -ထင်ရောင်ထင်မှား | -အရောင်၊အဂတ်အစား | |
| -ဂုဏ်သိက္ခာထိခိုက်စေရန် ရည်ရွယ်ပြီး လုပ်ကြံပြောဆို။ | -စီတန်းလှည့်လည်၊အစာအငတ်ခံ | |

.................................................။.......................................................

# Government Responsibility

## Objective (ရည်ရွယ်ချက်)

* လူ့အခွင့်အရေးနှင့်ပတ်သက်၍အစိုးရ၏တာဝန်များကို လေ့လာသိရှိစေရန်။
* အစိုးရ၏တာဝန်ယူဆောင်ရွက်မှုကို တိုင်းတာရမည့် Indicators များကိုသိရှိနားလည်စေရန်။
* အစိုးရလုပ်ဆောင်နေမှုများနှင့် ထပ်မံလုပ်ဆောင်သင့်သောအရာများကိုဖော်ထုတ်တက်စေရန်။
* အစိုးရ၏တာဝန်များသာမကပြည်သူတစ်ဦးချင်းစီတွင်လည်းတာဝန်ရှိကြောင်းသိရှိပြီး လုပ်နိုင်သော လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်တတ်စေရန်။

## Activity (လှုပ်ရှားမှု) ၁၅ မိနစ်

### လူစုခွဲရန်

* လူတစ်ဦးတစ်ယောက်စီ ၁၊၂၊၃၊၄၊၅ ရေ၍ လူ ( ၂၅ ) ဦးကို အဖွဲ့ ( ၅ ) ဖွဲ့ခွဲပါ။

⇒ Case Study (ကိုတုတ်ကြီးတို့ရွာ) စာရွက်ကို သင်တန်းသားအဖွဲ့များသို့ဝေပေးပါ။

## Discussion (၃၀) မိနစ်

- ဇာတ်လမ်းထဲမှာဘာတွေဖော်ပြနေလဲ။
- ဘယ်သူကချိုးဖောက်တာလဲ။
- ဘယ်သူတွေကချိုးဖောက်ခံရတာလဲ။
- Case Study ကိုသုံးသပ်ပြီးတော့ ဒီလူ့အခွင့်အရေးရရှိဖို့အတွက် ချိုးဖောက်မှုတွေ မဖြစ်အောင်နဲ့ ဖြစ်လာခဲ့ရင် အစိုးရအနေနဲ့ ဘာတွေလုပ်ပေးသင့်လဲ? လုပ်ပေးသင့်တဲ့အချက်တစ်ချက်ကို စာရွက်ပေါ်မှာ ချရေးခိုင်းပါ။

### Trainer Note

တစ်ချက်စီပြောခိုင်းပြီး တူညီသည့်အချက်များကို စုပြီး အုပ်စုလိုက်ခွဲပြီး ကပ်ပေးပါ။ ထည့်ဖြည့်ရန်အချက်များရှိပါက ထပ်ဖြည့်ခိုင်းပါ။

### စကားချပ်

မတူညီတဲ့ အုပ်စု (၃) ခုထွက်လာခဲ့တာကိုကြည့်ပြီး သူတို့ရဲ့သဘောသဘာဝကို ဖော်ထုတ်စေပါ။ လေးစားခြင်း၊ ကာကွယ်ခြင်း၊ ဖြည့်ဆည်းပေးခြင်းဆိုသည့် အဓိပ္ပာယ်ကို ကပ်ပေးပါ။

| Input | ( ၃၀) မိနစ် |
| --- | --- |

*စကားဆက်.........*

*လူ့အခွင့်အရေးလေးစားရန်မှာ လူတိုင်း၏တာဝန်ဖြစ်သော်လည်းနိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်သူအစိုးရတွင် အဓိကတာဝန်ရှိကြောင်း၊စာချုပ်စာတမ်းများကိုလိုက်နာပါမည်ဟုလက်မှတ်ရေးထိုးကတိကဝတ်ပြုသူများကလည်း အစိုးရများဖြစ်သောကြောင့်အစိုးရ၏တာဝန်ကိုဆက်ပြီးလေ့လာကြရအောင်............*

## လူ့အခွင့်အရေးလေးစားသောအစိုးရအနေဖြင့်

***လေးစားခြင်း (Respect)***

- လူ့အခွင့်အရေးလေးစားခြင်းဆိုသည်မှ မိမိနိုင်ငံအတွင်းရှိလူတိုင်းတွင် ရှိနေပြီးဖြစ်သော နိုင်ငံတကာလူ့အခွင့်အရေးစံချိန် စံညွှန်းများထဲတွင် အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးများကိုထိပါးနှောက်ယှက်ခြင်းမပြုခြင်းသို့မဟုတ် ထိုအခွင့်အရေးအတိုင်းလုပ်ဆောင်မှုကိုခွင့်ပြုခြင်းဖြစ်သည်။

ဥပမာ-

- အစိုးရကျင့်ဝတ်၊ နိုင်ငံဝန်ထမ်းများ၏ ကျင့်ဝတ်များကိုပြဌာန်းထားခြင်း၊
- အခွင့်အရေးများကိုဖွဲ့စည်းပုံအခြေခံဥပဒေမှာအတိအကျပြဌာန်းထားခြင်း
- နိုင်ငံတကာစာချုပ်တွေမှာလက်မှတ်ရေးထိုးခြင်းနှင့်၊
- အစီရင်ခံစာများကိုအမှန်အတိုင်းရေးသားတင်ပြခြင်း

***ကာကွယ်ပေးခြင်း(Protect)***

- ကာကွယ်ပေးခြင်းဆိုသည်မှာမိမိနိုင်ငံအတွင်းရှိလူသားတိုင်းအခွင့်အရေးအားလုံးကိုတန်းတူခံစားခွင့်ရှိလာအောင်နှင့်အစိုးရအပါအဝင်မည်သူကမှထိုအခွင့်အရေးများအပေါ် ချိုးဖောက်မှုများမရှိအောင်လိုအပ်သလိုကာကွယ်ပေးခြင်းကိုဆိုလိုသည်။မိမိနိုင်ငံအတွင်းရှိခွဲခြားမှုကိုရင်ဆိုင်ကြုံတွေ့နေရသောအုပ်စုများကိုခွဲခြားမှုမခံရအောင်အထူးဥပဒေများပြဌာန်းထားပေးခြင်းဖြင့်ထိုအုပ်စုများအပေါ် အခြားသူများကအကြမ်းဖက်အနိုင်ကျင့်ခြင်းမရှိအောင်ကာကွယ်ပေးခြင်းတို့*ဖြစ်သည်*

  ဥပမာ

  - *လူ့အခွင့်အရေးကိုအထူးကာကွယ်ပေးထားေ သာဥပဒေများရေးဆွဲထားခြင်း*
  - *တိုင်ကြားနိုင်မည့်ယန္တရားများကိုထူထောင်ပေးခြင်း။*
  - *ကျူးလွန်သူများကိုတိကျစွာအရေးယူခြင်း)*

***ဖြည့်ဆည်းပေးခြင်း*** (Fulfill )

- မြှင့်တင်ပေးခြင်းဆိုသည်မှာအစိုးရကမိမိနိုင်ငံအတွင်းရှိလူသားများအနေဖြင့်အသက်ရှင်ရေးနှင့်ဖွံ့ဖြိုးရေးအတွက်လူ့ဂုဏ်သိက္ခာရှိရှိနေနိုင်ရန်အတွက်လိုအပ်သောအရာများကိုဖြည့်ဆည်းပေးခြင်းဖြစ်သည်။

ဥပမာ

- *တိုင်းပြည်၏ဘဏ္ဍာငွေများကိုလိုအပ်သောနေရာများသို့စနစ်တကျစီမံပေးခြင်*
- *ရေရှည်စီမံကိန်းများဖြင့်အကောင်အထည်ပေးခြင်း။*
- *ခြင်း၊လူ့အခွင့်အရေးပညာပေးခြင်းများကိုခွင့်ပြုလုပ်ဆောင်ပေးခြင်း။*
- *အစိုးရကိုယ်တိုင်ပညာပေးမှုများပြုလုပ်ခြင်း*

*Trainer Note*

နည်းပြများအနေဖြင့် ပထမနေ့က လူ့အခွင့်အရေးအဓိပ္ပာယ်ပုံကို သွားခဲ့သော ပြန်သွားပြီး ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်းနှင့် တောင့်တခြင်းမှကင်းဝေးခြင်းနှင့် လေးစားခြင်း၊ ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းနှင့် ချိတ်ဆက်ပေးပါ။

- *(**Conjunction:** အခုဆိုရင် အစိုးရတာဝန် ၃ ခုကိုအဓိပ္ပါယ်တွေသိသွားကြပြီဖြစ်တယ်။ အစိုးရမှ ဒီတာဝန် ၃ခု ကိုကြေမကြေဘယ်အချက်တွေကို သိသွားကြပြီးဖြစ်ပါတယ်။ သို့သော်လည်း အစိုးရအနေနဲ့ လုပ်ဆောင်ရမယ့်အရာတွေကို လုပ်မလုပ်ဆိုတာကို တိုင်းတာလို့ရမယ့် စံချိန်စံညွှန်းများကို ဆွေးနွေးမှာဖြစ်ပါတယ်။ **(indicators)***
- ***သင်တန်းသားများကို မေးပြီး နည်းပြမှ လိုအပ်သည်များကို ဖြည့်ပေးပါ။***

*Trainer Note*

မေးခွန်းများမေးရာတွင် သင်တန်းသားအခြေအနေကို လေ့လာအကဲခတ်ပြီး မေးခွန်းများမေးရာတွင် သတိပြုပါ။ သင်တန်းသားများအနေနဲ့ မဖြေနိုင်ပါက သင်တန်းနည်းပြမှ ဦးဆောင်ပြီး ပြော့ပြပေးပါ။

| *လေးစားခြင်း* | *ကာကွယ်ခြင်း* | *ဖြည့်ဆည်းခြင်း* |
|---|---|---|
| *နိုင်ငံတကာ<br>လူ့အခွင့်အရေးစာချုပ်တွေလက်မှတ်ထိုးခြင်းရှိလား?<br>ထိုးသည့်နေရာတွင် ခြွင်းချက်ထား/မထား?<br>နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိမရှိ<br>အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ<br>တိတိကျကျဖော်ပြထားခြင်းရှိမရှိ။<br><br>ကျင့်သုံးမှုများကို ခွင့်ပြုမပြု။<br>ကျင့်သုံးသူများကို အရေးယူဖမ်းဆီးခြင်းရှိမရှိ။* | *ဥပဒေပြုပေးခြင်းရှိလား?<br>အထူးကာကွယ်ပေးတဲ့ဥပဒေ<br>(ကလေး၊ အမျိုးသမီး၊ မသန်စွမ်း)<br>တိုင်းကြားမှုယန္တယားရှိမရှိ<br>တိုင်ကြားမှုကို အရေးယူမယူ။* | *ဖြည့်ဆည်းပေးတာ ရှိလား?<br>လူ့အခွင့်အရေးအတွက်<br>ဘတ်ဂျက်များ သုံးမသုံး ( ပညာ၊<br>ကျန်းမာ၊ လူမှုဖူလုံရေး)<br>ဖွံ့ဖြိုးရေးစီမံကိန်းများ<br>အကောင်အထည်ဖော်မဖော်<br>အဂတိလိုက်စားမှု<br>တိုက်ဖျက်မှုရှိမရှိ။<br>နိုင်ငံတော်ဘတ်ဂျက်သုံးစွဲမှုကို<br>အသိပေးခြင်း၊ အစီရင်ခံခြင်း၊<br>စစ်ဆေးခံခြင်းရှိမရှိ။* |

**Trainer note: နည်းပြမှ မည်သည့်အချက်သည် မည့်သည့်အပိုင်းတွင်ရှိသည်ကိုသေချာစဉ်စား၍ ကပ်ပါ။**
သင်တန်းသားများတင်ပြချက်များကိုလိုအပ်သည်ကိုထပ်ဖြည့်ပါ။ ပိုမိုပြည့်စုံအောင် Power Point ဖြင့်
ထပ်ရှင်းပါ။နေရာ ၃နေရာခွဲကပ်ထားသော အရာများကိုသင်တန်းသားများအားပြန်ဖတ်ပြပါ။ ပြီးနောက်
မတူညီသောသဘောသဘာဝများကို ဆွဲထုတ်ပါ။ လေးစားခြင်းဆိုတာကအစိုးရကကိုယ်တိုင် မချိုးဖောက်သော
အရာများဖြစ်ကြောင်း ပြောပြီးလေးစားခြင်းစာရွက်ကပ် ပေးပါ။ နောက်အုပ်စုမှ အစိုးရမှ အခြားသူတွေ
မချိုးဖောက်အောင် ကာကွယ်ပေးသောအချက်များဖြစ်ကြောင်းပြောပြီးကာကွယ်ခြင်းစာရွက်ကပ် ပေးပါ။

နောက်တစ်ဖွဲ့မှအစိုးရမှလိုအပ်သည့်အရာများကို ဖြည့်ဆည်းပေးသောသဘောသဘာဝဖြစ်တာကြောင့်မြှင့်
တင်ခြင်း ၊ဖြည့်ဆည်း ခြင်းစာရွက်ကိုကပ်ပေးပါ။ ထိုတာဝန်များကိုအသေးစိတ်ထပ်ရှင်းပြပေး
မည်ဖြစ်ကြောင်းပြောပါ။

| Deepening | ( ၄၅) မိနစ် |
|---|---|

- အဖွဲ့ (၃) ဖွဲ့ခွဲပါ (ချောတယ်၊ လှတယ်၊ ခန့်တယ်)
- တစ်ဖွဲ့စီကို တာဝန်တစ်ခုစီပေးပါ။

၁။ လေးစားခြင်းနှင့် ပတ်သက်ပြီး လက်ရှိ အစိုးရအနေနဲ့ဘာတွေလုပ်နေလဲ။ ဘာတွေ ထပ်လုပ်ပေးသင့်သေးလဲ။

၂။ ကာကွယ်ခြင်းနှင့် ပတ်သက်ပြီး လက်ရှိအစိုးရအနေနဲ့ဘာတွေလုပ်နေလဲ။ ဘာတွေထပ်လုပ်ပေးသင့်သေးလဲ။

၃။ မြှင့်တင်ဖြည့်ဆည်းပေးခြင်းနှင့် ပတ်သက်ပြီး လက်ရှိအစိုးရအနေနဲ့ဘာတွေလုပ်နေလဲ။
ဘာတွေထပ်လုပ်ပေးသင့်သေးလဲ။


- တစ်ဖွဲ့ချင်းတင်ပြစေပြီး သင်တန်းသားများမှ မေးမြန်းဖြည့်စွက်စေပြီး နည်းပြမှ ဖြည့်စွက်ပေးပါ။

| Respect | Protect | Fulfill |
| --- | --- | --- |
| • မသန်စွမ်းစာချုပ်ကို လက်မှတ်ထိုးတယ်။<br>• CRC OP 2 ကိုအတည်ပြု၊ OP 1 ကို ကနဦးလက်မှတ်ထိုး။<br>• ILO 182 ကိုလက်မှတ်ထိုးတယ်။<br>• ICESCR ကို ကနဦးလက်မှတ်ထိုး<br>• လွှတ်တော်က အတည်ပြုသော်လည်းလက်မှတ်မထိုးပဲ ထားခဲ့တာ CAT<br>• စာပေစီစစ်ရေး ဥပဒေ ပါယ်ဖျက် (ရှိနေသေးတယ် တင်၊ ထုတ် မဟုတ်တော့ပါ။ ထုတ်၊ တင်ဖြစ်သွားတယ်။ သိမ်းနိုင်းတာ မသိမ်းသေးလျှင် အပြစ်ပေးမယ် ဆိုတာမျိုးပြင်ထားတယ်)<br>• မီဒီယာ လွတ်လပ်ခွင့်ရလာတယ်။<br>• အသင်းအပင်းဖွဲ့စည်းခွင့်ပြုလာတယ်။ | • စာပေစီစစ်ရေး ပါယ်ဖျက်(အကန့်အသတ်နှင့်)<br>• ဥပဒေသစ်၊ နည်းဥပဒေများပြင်ဆင်ဖြည့်စွက်<br>• ငြိမ်းစုစီ ပုဒ်မ ၁၈ ကိုပြင်ပေးတယ်<br>• လူကုန်ကူးမှု ဥပဒေ၊ (2005) ကလေးသူငယ်ဥပဒေ (1993)<br>• ကလေးဥပဒေပြင်ဆင်ဖို့လုပ်နေတယ်။ ၊ Pro VAW law draft | • MNHRC အတွက် ဘက်ဂျက်တွေချပေးတယ်။<br>• HR day တွေကျင်းပေးတယ်။ (၂၀၁၄ တစ်နှစ်တည်းသာပေးတယ်)<br>• Media awareness<br>• Public health<br>• လစာတွေတိုးမြှင့် (Pension)<br>• Phone and internet<br>• မြစ်မ်းရောင် ဈေးငွေလုပ်ငန်း<br>• အသင်းအဖွဲ့ဆိုင်ရာ လွတ်လပ်ခွင့်<br>• ဘာသာရေး လွတ်လပ်ခွင့်<br>• လွတ်ငြိမ်းချမ်းသာခွင့်<br>• အခမဲ့ ပညာရေး<br>• မိခင်နှင့် ကလေးဆိုင်ရာ<br>• ကလေးစစ်သားဆိုင်ရာ |

| | | |
|---|---|---|
| • ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းလာတယ်။<br>• ရွေးကောက်ပွဲကျင်းပတယ်။ အာဏာလွှဲပေးတယ်။<br>• NCA လက်မှတ်ထိုးပွဲကျင်းပ<br>• နိုင်ငံရေး ခံယူချက်ကြောင့် ပြည်ပရောက်နိုင်ငံရေးသမားများကို ပြည်ဝင်ခွင့်ပေးတယ်။<br>• နိုင်ငံရေး အကျဉ်းသား တစ်ချို့ လွတ်ငြိမ်းချမ်းသာခွင့်ရလာတယ်။<br>• ထောင်ကြွေးကျန်ကို ဖျက်သိမ်းလိုက်တယ်။<br>• ရပ်ကျေး ဥပဒေကို ပြင်ဆင်ပြီး ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲလုပ်ပေးတယ်။စည်ပင်ရွေးကောက်ပွဲလည်းကျင်းပတယ်။ | • MNHRC တိုင်ကြားမှု ယန္တရားများပေါ် ပေါက်လာတယ်။<br>• လူကုန်းမှု တိုက်ဖျက်ရေး အထူးရဲတပ်ဖွဲ့ ဖွဲ့စည်း<br>• အသင်းအဖွဲ့မှတ်ပုံတင် နည်း ဥပဒေ အားနည်းတယ်။<br>• မြေယာ စီစစ်ရေး ကော်မတီဖွဲ့<br>• မြစ်ဆုံ စီမံကိန်း ရပ်ဆိုင်း(ယာယီ)<br>• အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ<br>• မျိုးစောင့်ဥပဒေ<br>• ကလေးစစ်သားတွေ ပြန်လွှတ်ပေး တယ်။<br>• EIA SIA မှာပါဝင်လာတယ်<br>• ပင်လုံမှာ ကျားမ တန်းတူရေး ဆွေးနွေးလာတယ်။<br>• မူးယစ်ဆေးဝါးကာကွယ်ပေးမှု ယန္တရားတွေဖော်ဆောင်ပေးတာ<br>• အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို တင်းတင်းကြပ်ကြပ်လုပ်ဆောင်ေ | • မြေယာလွတ်လပ်ခွင့် လျော်ကြေး<br>• ငြိမ်းချမ်းရေးလုပ်ငန်းစဉ်<br>• စစ်ဘေးရှောင် ပြန်လ ည်နေရာ ချထားရေး<br>• ပြည်သူ့လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>• ကလေးစစ်သားတွေကို ပညာ ပြန်လည်သင်□ ကားခွင့်ရအောင်ဆောင်ရွက်တယ်။<br>• NSPAW စီမံကိန်း ( အမျိုးသားအဆင့် အမျိုးသမီးအခွင့်အရေး မဟာ ဗျူဟာစီမံကိန်း)<br>• OSS (one stop shop)<br>• သက်ကြီးရွယ်အို ထောက်ပံ့ရေး<br>• သဘာဝဘေးအန္တရာယ် အရေး လုပ်ဆောင်လာတာ |

## Synthesis (၂၀) မိနစ်

- ကိုယ့်ရပ်ရွာမှာကိုယ်ကလူ့အခွင့်အရေးကာကွယစောင့်ရှောက်သူလုပ်တော့မယ်ဆိုရင်ဒီလိုအခက်အခဲတွေကို ဘယ်လိုဂိုင်းဂန်းကူညီပံ့ပိုးပေးနိုင်မလဲ။ (သင်တန်းသားများ၏အဖြေကို Flip Chat ပေါ်မှာချရေးပြီးတစ်နေရာတွင်ကပ်ထားပေးပါ။)




အစိုးရတာဝန်နဲ့ ပတ်သက်ပြီးကိုယ်မှတ်မိသလောက် Sticky Note ပေါ်မှာတစ်ယောက်တစ်ချက်ချရေး ပြီးကပ်စေပါ။ ( နည်းပြမှလိုအပ်သည်များကို ဖြည့်စွက်ပေးပါ )

**Trainer Note**

သင်တန်းနည်းပြအနေဖြင့် လူ့အခွင့်အရေးလုပ်ငန်းတာဝန်များကို ရှင်းပြပါ။

(ပညာပေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း) ဆိုတာရှိတယ်။

- လူ့အခွင့်အရေး လှုပ်ရှားသူတစ်ယောက်အနေဖြင့် လုပ်ဆောင်နိုင်သည့်အရာ (၃) ခုရှိသည်။ ၄င်းတို့မှာ -

(၁) စည်းရုံးလှုံ့ဆော်ခြင်း

(၂) ပညာပေးခြင်း

(၃) သတင်းအချက်အလက်ကောက်ယူခြင်း တို့ဖြစ်သည်။

### ပညာပေးခြင်း(Education)

* လူ့အခွင့်အရေးပညာပေးခြင်းဆိုသည်မှာ ပြည်သူလူထုအား ၄င်းတို့၏ အတွေ့အကြုံများကို ကိုယ်တိုင် နားလည်သဘောပေါက်စေပြီး မိမိတို့၏ဘဝကို ကိုယ်တိုင်ဆုံးဖြတ်လာတတ်စေရန် ရည်ရွယ်ချက်ဖြင့် လူ့အခွင့်အရေး ဗဟုသုတများ၊ တန်ဖိုးများနှင့် အတတ်ပညာကျွမ်းကျင်မှုများကို အသုံးပြုကာ ကိုယ်တိုင်ပါဝင် လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြင်ဆင်လုပ်ဆောင်ထားသည့် လေ့လာမှု လုပ်ငန်းစဉ်ဖြစ်သည်။
* တစ်နည်းဆိုသော် လူတိုင်းအား မိမိတို့တွင်ရှိသော အတွေ့အကြုံများကို မိမိကိုယ်တိုင် နားလည် သဘောပေါက်လာစေပြီး ထိုအတွေ့အကြုံတန်ဖိုးများကို အသုံးချ၍ မိမိတို့လိုလားသော ဘဝကို ရရှိစေရန်အတွက် ကိုယ်တိုင်လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ကိုယ်တိုင်လေ့လာလုပ်ဆောင် စေသော လုပ်ငန်းစဉ်ဖြစ်သည်။

**Trainer Note**

သင်တန်းသားများကို ပညာပေးခြင်းနည်းလမ်းများကို မေးမြန်းပါ။

### မှတ်တမ်းတင်ခြင်း (Documentation)

* မှတ်တမ်းတင်ခြင်းဆိုသည်မှာ - လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သည့် အကြောင်းအရာ၊ အဖြစ် အပျက် (သို့) အခြေအနေ တစ်ခုအပေါ် စုံစမ်းစစ်ဆေးပြီး အချက်အလက်များ စုဆောင်းရုံသာမက ရရှိလာသော အချက်အလက်များကို လူအများမှ တွင်တွင်ကျယ်ကျယ် သိရှိလာအောင် လုပ်ဆောင်ခြင်းဖြစ်သည်
* အချက်အလက် စုဆောင်း၍ စုံစမ်းခြင်းသာမက သုတေသနပြုလုပ်ခြင်း၊ မှတ်တမ်းပြုစုခြင်း၊ အစီရင်ခံခြင်းတို့ ပါဝင်ပါသည်။

**Trainer Note**

အဖွဲ့အစည်းများမှာ ထုတ်ပြန်ထားသော အစီရင်ခံစာဖတ်ဖူးသည့် အတွေ့အကြုံကို မေးမြန်းပါ။ နည်းပြမှ ဖြည့်ပေးပါ။


### စည်းရုံးလှုံ့ဆော်ခြင်း(Advocacy)

* စည်းရုံးလှုံ့ဆော်ခြင်းဆိုသည်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရပ်တန့်ရန် (သို့) ပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သော မည်သည့်အကြောင်းအရာမျိုးမဆို ရပ်တန့်ရန် ပြည်သူလူထုမှ ပိုင်းဝန်းတောင်းဆိုခြင်း၊ ဥပဒေပြုရေး တာဝန်ရှိသူများကို ပစ်မှတ်ထား၍ တွေ့ဆုံခြင်း (သို့) စည်းရုံးခြင်း ဖြစ်သည်။
* သို့သော် တစ်ခါတစ်ရံ အစိုးရကို တင်ပြခွင့်မရလျှင်ဖြစ်စေ၊ အစိုးရကိုယ်တိုင် ချိုးဖောက်သူဖြစ်နေလျှင် နိုင်ငံတကာသို့ ပန်ကြား၍ နိုင်ငံတကာ ဖိအားပေးမှုများ ရရှိစေရန် ဆောင်ရွက်ခြင်း စသည်တို့ဖြစ်သည်။

**Trainer Note**

ဘယ်လိုအကြောင်းအရာနဲ့ ပတ်သတ်ပြီး လူထုနှင့် အစိုးရကို စည်းရုံးလှုံ့ဆော်မှုသည့် အတွေ့အကြုံများကို မေးမြန်းခြင်းပြုလုပ်ပေးပါ။

Synthesis ပုံဆွဲရန်




……………………………………………॥…………………………………………………

# Human Rights Documentation

## Objective (ရည်ရွယ်ချက်)

* သတင်းအချက်အလက် ကောက်ယူခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို သိရှိနားလည်ပြီး အရေးကြီးပုံကို သိရှိစေရန်။
* သတင်းအချက်အလက်ကောက်ယူတစ်ယောက်ရဲ့ အခြေခံလိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန် များကို သိရှိနားလည်သဘောပေါက်စေရန်။
* သတင်းအချက်အလက်ကောက်ယူရာတွင် သိရှိသင့်သော အခြေခံ ဘ (၆)လုံးကိုသိရှိစေရန်။

**Recap နှင့် အစပျိုးပါ။**

လူ့အခွင့်အရေးနဲ့ ပတ်သတ်တဲ့ လုပ်ဆောင်တဲ့ လုပ်ငန်း (၃) ခုရှိတယ်။ အဖွဲ့ (၃) ဖွဲ့ ခွဲပြီး တစ်ဖွဲ့ကို ခေါင်းစဉ်တစ်ခုစီ ဆွေးနွေးခိုင်းပါ။ မှတ်မိသလောက်ပြန်ပြောခိုင်းပါ။

**စကားဆက်**

အဆိုပါ လူ့အခွင့်အရေးလုပ်ငန်းတာဝန်(၃) ခုထဲမှ အချက်အလက်ကောက်ယူခြင်းနဲ့ ပတ်သတ်ပြီး အခြေခံအကြောင်းအရာများကို ဆွေးနွေးသွားပါဖြစ်ပါတယ်။

## Activity (လှုပ်ရှားမှု) ၁၅ မိနစ်

သတင်းစကားပေးပို့ခြင်း ။

- သင်တန်းသားများအား (၂)ဖွဲ့ခွဲပါ။
- အဖွဲ့တိုင်းကိုရှေ့နောက်တန်းစီခိုင်းပါ
- တစ်ဦးနှင့်တစ်ဦး လက်တစ်လံအကွာတွင်ရှိရမည်။
- အောက်တွင် ပေးထားသော ဇာတ်လမ်းတိုတစ်ပုဒ်ကို အဖွဲ့တိုင်းရှေ့မှာထားပါ။
- ရှေ့ဆုံးမှ လူတစ်ယောက်သာ ၄င်းဇာတ်လမ်းအားဖတ်ပြီး လက်ဆင့်ကမ်း သတင်းစကားပြောပါ။
- နောက်ဆုံးမှ လူကကိုယ်ရရှိသည့် သတင်းစကားကို စာအုပ်တွင်မှတ်ထားရန်။
- သင်တန်းနည်းပြမှ သတင်းအချက်အလက်အမှန်ကိုအရင်ဆုံးဖတ်ပြရန်
- အဖွဲ့များမှ ရရှိထားသော အချက်အလက်ကိုပြန်ပြီးတော့ တိုက်ကြည့်ရန်။

စည်းကမ်းချက်

- ခေါင်းဆောင်မှ စာပိုဒ်အား ၃ကြိမ်းသာဖတ်ခွင့်ရှိသည်။
- နောက်ဆုံးလူတစ်ယောက်သာ စာအုပ်ဖြင့် ရေးသားခွင့်ရှိသည်။
- အခြားသူများ စာဖြင့်ရေးထားခြင်းမရှိရ။

သင်တန်းသားများအားပေးဖေရန် ဇာတ်လမ်းတို

"ဖေရဲထက်နဲ့ ဖြူဖြူကျော်သိန်းတို့ ညောင်လေးပင်မြို့ ထန်းသုံးပင်ရပ်ကွက်က ကျွန်းနှစ်ပင်ဈေးကို သုံးဘီးကား အနီရောင်စီးပြီးသွားကြတယ်။ ကျောက်တလုံးလမ်းရောက်တော့ အကျီအဖါရောင်နဲ့ ထမိန်အစိမ်းရောင် ဖတ်ထားတဲ့ ဖတ်မှုံရွှေရည်က ဈေးမှာလိုက်တယ်။ ရှောက်သီး ၄လုံး၊ ဆောင်တော်ကူးသနပ်ခါး ၃ဖူး၊ အာလူး ၅ ပိဿာ၊ အမွှေးတိုင် ၁ ထုတ်၊ ကြက်သား ၂ ပိဿာ၊ အုန်းသီး ၆ လုံးမှာလိုက်တယ်။ ဈေးမှာ ကြက်သားရောင်းတဲ့ ရွှေမှုံရတီကို အလေးခိုးလို့ဆိုပြီးဈေးလာဖယ်တဲ့ ရွှေသမီးက အလေးနဲ့ထုလိုက်တာ ခေါင်းမှာ သုံးလက်မ ကွဲသွားတယ်။ ဖင်ဆွဲတဲ့ အောင်ရဲလင်းလဲအထုခံရလို့ နဖူးမှာဘုကြီးနှစ်ဘုထွက်သွားတယ်။"

| Discussion (ဆွေးနွေးခြင်း)၊ | (၃၀) မိနစ် |
|---|---|

**Discussion (ဆွေးနွေးခြင်း) ထို့နောက်အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးပါ။**

* ဘယ်လိုတွေဖြစ်သွားလဲ။

* ဘတွေအခက်အခဲရှိသေးလဲ။

* ဘယ်လိုတွေလုပ်ဆောင်သွားကြလဲ။

* ဒီလိုအခက်အခဲတွေ လွဲချော်မှုတွေရှိတာ ဘယ်သူ့ပေါ်မှာတာဝန်ရှိသလဲ။

* အပြင်မှာ ယခုကဲ့သို့မှားယွင်းမယ်ဆိုလျှင် ဘယ်လိုဖြစ်လာနိုင်သလဲ။

သင်တန်းသားများဆွေးနွေးချက်ကို မှတ်သားထားရန်။

လိုအပ်ပါက ထပ်ဖြည့်ရန်

Trainer Note

- ◊ နားထောင်မှုစွမ်းရည်
- ◊ အရေးကြီးသည့် အချက်အလက်များမပါဝင်ဘူးဖြစ်နေတယ်
- ◊ တစ်ယောက်နှင့် တစ်ယောက်အယူအဆမတူညီမှုများဖြစ်နေတယ်
- ◊ ပြန်မေးဖို့လိုအပ်ချက်ရှိသေးတယ်။
- ◊ သတင်းအချက်အလက်ယူဆောင်ရာမှ အာရုံတွေများပြီးတော့ အမှားအယွင်းတွေဖြစ်တက်တယ်။
- ◊ သင်တင်းပေးတဲ့သူက ဂရုမပြုပဲနှင့် ပေါ့တီးပေါ့စလုပ်ဆောင်မှုတွေတွေ့ရတယ်။
- ◊ စာသားတွေက အစဉ်မကျတဲ့ အတွက်မို့လို့ ဖတ်ရတာခက်ခဲတယ် စသည်ဖြင့်
- ◊ နည်းဗျူဟာတွေအသုံးပြုဖို့လိုအပ်တယ်။
- ◊ အကြောင်းအပေါ် နားလည်ထားမှုလည်းလိုအပ်တယ်။ (တချို့သတင်းတွေက ကိုယ်မသိတဲ့ အကြောင်းအရာ တွေဖြစ်နိုင်တဲ့အတွက် ဒီလိုအရာကိုပြောတာတွေမှာအခက်အခဲတွေရှိတက်တယ်။)

စကားဆက်

ဆိုတော့ဒီလိုသတင်းအချက်အလက်တွေကောက်ယူမှုတွေမှာအခုလိုမျိုးလွဲချော်တာတွေမှားယွင်းတာတွေဖြစ်မယ်ဆို လျှင်ဘယ်သူမှာသွားပြီးတော့ထိခိုက်နိုင်သလဲ။


- ◊ အပြစ်ပေးခံရသူများလွတ်မြောက်နိုင်တယ်
- ◊ အချက်အလက်တွေကမှားနေမယ်ဆိုလျှင် တကယ်တန်းဥပဒေပိုင်းဆိုင်ရာအရ ဆိုလျှင်ကိုယ်တိုင်အွန္တရာယ်ကျရောက်နိုင်။
- ◊ သတင်းပေးမည့်သူ ရဲ့အဖွဲ့အစည်းကိုလည်းထိခိုက်နိုင်တယ်

စကားဆက်

ဒါကြောင့်မို့အချက်အလက်စုဆောင်းတဲ့ နေရာမှာ သတိထားဖို့လိုအပ်တယ်။ ဒါကြောင့်မို့လို့အချက်အလက် စုဆောင်းရာမှာ သတိထားရမည့် အနေအထားတွေအများကြီးရှိနေတယ်။

## Input (ဗဟုသုတပေးခြင်း)

အချက်အလက်ကောက်ယူခြင်းဆိုင်ရာ Frame ထည့်ရန်။



| Activity (လှုပ်ရှားမှု) | သရုပ်ဖော်တင်ဆက်ခြင်း | (၁၅) မိနစ် |
|---|---|---|

စကားဆက်

ဒါနဲ့တစ်ဆက်ထဲမှာပဲ သတင်းအချက်အလက်ကောက်ယူမှုတွင် ပါဝင်သည့် လူတွေ မေးမြန်းရာတွင် လုပ်ဆောင်ရမည့် အချက်အလက်များကို ဆက်လက်လေ့လာသွားကြာမှာဖြစ်တယ် ။ မလေ့လာခင်မှာ ကျမ တို့ အနေနှင့် လက်တွေ့ အင်တာဗျူးမေးမြန်းသည့် ပုံစံ ကိုသရုပ်ဖော်တင်ဆက်သွားမှာဖြစ်ပါတယ်
ဒီလုပ်ဆောင်ချက်တွေကို
သင်တန်းသားသင်တန်းသူတွေအနေနှင့် သေချာကြည့်ရှုထားစေရန်ဖို့အတွက် တောင်းဆိုပါတယ်။

နည်းပြမှ အင်တာဗျူးသူ စရိုက်ပုံစံ (၃) မျိုးကိုစဉ်းစားထားပါ ။

သင်တန်းသား သင်တန်းသူ (၁)ဦးကို အင်တာဗျူးခံရမည့်သူအဖြစ်နေခိုင်းပါ။

Trainer Note

- **ပထမအနေဖြင့်** မေးမြန်းသည့်အချိန်တွင် အင်တာဗျူးမည့်သူသည် လွှမ်းမိုးသည့်ပုံစံဖြစ်သည့် ဆရာကြီးပုံစံလုပ်ပြီး သူ့လောက် မည်သူမျှ မသိသည့်ပုံစံဖမ်း၍ မေးမြန်းစေပါ။
- အင်တာဗျူးမည့်သူ နားမလည်မည့်စကားလုံးများ (ဥပမာ - အင်္ဂလိပ်လိုညှပ်ပြောပါ၊ ကိုယ်ရည်သွေးပြောဆိုပါ) ကိုယ့်အကြောင်းကိုသာများများ ပြောပါ။
- **ဒုတိယအနေဖြင့်** နောက်ထပ်သင်တန်းသားတစ်ယောက်အား အမိန့်ပေးမှုဆန်သော မေးခွန်းများဖြင့် အင်တာဗျူးပါ။
- မဖြေရဲတဲ့သူကို မဖြေဘူးလား၊ ဖြေမှာလား၊ မပြောချင်ဘူးလား၊ ငါတို့က နင့်တို့ကောင်းကျိုးလုပ်နေတာ စသဖြင့် စကားလုံးများသုံး၍ မေးမြန်းပါ။
- **တတိယအနေဖြင့်** နောက်ထပ်သင်တန်းသားတစ်ယောက်ကို ခေါ်ယူပြီး တာဝန်အရ ဝတ်ကြေတန်းကြေမေးမြန်းသည့်ပုံစံကို မေးမြန်းပါ။
- မေးမြန်းသည့်အခါ ဂရုမစိုက်ပဲ ဖုန်းဆက်နေခြင်း၊ ဂရုမစိုက်၊ အထင်သေးသည့်အမူအရာ အပြောအဆိုဖြင့် သင်တန်းသားကို မေးမြန်းသည့်ပုံစံမျိုး သရုပ်ဆောင်ပါ။

**နည်းပြ များ လျှင် နည်းပြ (၃) ယောက်မှ သရုပ်ဆောင် (၁) မျိုးစီ ခွဲယူရန်။ နည်းပြ တစ်ယောက်ထဲ ရှိပါက သရုပ်ဆောင် (၃) မျိုးလုပ်ရန်။**

| Discussion and Input | (၂၀) မိနစ် |
|---|---|

- ဘာတွေ တွေ့လိုက်လဲ?
- ဘယ်လိုတွေ မေးတာ တွေ့ရလဲ?
- ဘယ်လိုခံစားရလဲ (ဆရာကြီးပုံစံမေးခံရသောသူ၊ အာဏာရှင်ပုံစံမေးခံရသောသူ၊ တာဝန်အရမေးခံရသောသူများကို တစ်ယောက်ခြင်းမေးပါ)
- ဘာတွေကို ရှောင်သင့်လဲ?
- အားလုံးကို အင်တာဗျူးရာတွင် ဘယ်အချက်တွေ ဆောင်သင့်လဲ၊
- ဘယ်အချက်တွေကို ဆောင်သင့်လဲ?
- မေးမြန်းပြီး အောက်ပါဇယားပုံစံရေးသားပြီး ဖြည့်စွက်ပါ။
- သတင်းအချက်အလက်ကောက်ယူသူ တစ်ဦး၏ ဆောင်ရန်၊ ရှောင်ရန် အချက်များကိုဆွေးနွေးပါ။
- မပြည့်စုံပါက နည်းပြမှ ထပ်မံဖြည့်စွက်ပါ။

| ဆောင်ရန် | ရှောင်ရန်များ |
|---|---|
| ဖေးမကူညီတာ၊ အားပေးနှစ်သိမ့်တာ<br>ကိုယ်ချင်းစာပြီး နားထောင်တာ<br>ထပ်တူခံစားပြီးတော့ မေးတာ<br>ယဉ်ကျေးမှု၊ ရိုးရာဝလေ့ကို သတိပြုရန်<br>လျို့ဝှက်ချက်ကို ထိန်းသိမ်းရန်<br>လုံခြုံရေးသတိရှိရမယ်<br>အချိန်ကို တန်ဖိုးထားရမယ် | အတင်းဖိအားပေးပြီးတော့ မေးခြင်း<br>ကျားမ ကလေး သတိပြုပြီးမေးခြင်း<br>ထူးခြားတဲ့ပုံစံမဖြစ်စေရ။<br>အလွဲသုံးစားလုပ်မှု |

*Interview Skills*

*စကားဆက်*

*ကဲအဲဆို သတင်းအချက်အလက် ကောက်ယူသူတစ်ယောက်မှ ရှိသင့်ရှိထိုက်တဲ့ ရှောင်ရန်၊ ဆောင်ရန် အချက်တွေလည်း သိရှိပြီးပြီဆိုတော့ သတင်းအချက်အလက်မေးတဲ့အခါ အဓိက ပါရမဲ့မေးခွန်းတွေကို ဆက်ပြီး ဆွေးနွေးလေ့လာကြည့်ကြရအောင်။*

| |
|---|
| **Activity (လှုပ်ရှားမှု) Radio သတင်းကြေညာခြင်း (၁၅) မိနစ်** |

- သင်တန်းသားအားလုံး (Big Group) အနေအထားဖြင့် ရှိနေစေပါ။
- နည်းပြမှ White Board နောက်တွင် နေပြီး သင်တန်းသား (၁) ယောက်ခြင်းစီကို ခေါ်ပါ။
- တစ်ယောက်ကို မေးခွန်းတစ်ခုစီကို ပြောစေပါ။
- အကြောင်းအရင်းကို မပြောပြပဲ ဘယ်သူကလဲ၊ ဘယ်သူ့ကိုလဲ၊ ဘယ်အချိန်လဲ၊ ဘယ်နေရာမှာလဲ၊ ဘာလုပ်လိုက်လဲ၊ ဘယ်လိုလုပ်လဲ၊ လူ(၁) ယောက်ကို တစ်ချက်စီမေးပါ။
- နည်းပြမှ အဆိုပါ မေးခွန်းများကို ဆက်စပ်ပြီး သင်တန်းသားအားလုံးကို ပြောပြပါ။
- မေးခွန်းကို မေးသော်လည်း ဆီလျော်မှုမရှိသည့်ပုံကို ပေါ်လွင်စေအောင် မေးမြန်းပေးပါ။

| |
|---|
| **Discussion (ဆွေးနွေးခြင်း) (၁၀) မိနစ်** |

- ဘာတွေ့လိုက်လဲ
- ဘာတွေဖြစ်ခဲ့လဲ
- ဘာကြောင့်လွဲတာလဲ

*Conjunction: အချက်အလက်များကို တိတိကျကျသိရှိစေဖို့ မေးခွန်းမေးမြန်းခြင်းကို စနစ်တကျမေးမြန်းတတ်ဖို့ လိုပါတယ်။ အဲ့ဒီအတွက် ဘ(၆) လုံး မေးမြန်းနည်းကို လေ့လာကြည့်ရအောင်....။*

| |
|---|
| **Input (ဗဟုသုတဆွေးနွေးခြင်း) (၂၅) မိနစ်** |

- ဇယားကွက် (၆) ကွက်ဆွဲပါ။
- ဘယ်သူကလဲ၊ ဘယ်သူ့ကိုလဲ၊ ဘယ်အချိန်လဲ၊ ဘယ်နေရာမှာလဲ၊ ဘာလုပ်လိုက်လဲ၊ ဘယ်လိုလုပ်လိုက်လဲ ဆိုသည့်အချက်များကို ခေါင်းစဉ်အဖြစ် ဇယားကွက် ထိပ်တွင်ဖြည့်ပါ။

**ဘယ်သူကလဲ**

- မှတ်မိနိုင်မည့် ထူးခြားချက် ပုံစံ (ဥပမာ - အဝတ်အစား၊ ထင်ရှားတဲ့အမှတ်အသား၊ အရပ်အနိမ့်အမြင့်၊ အသားအရောင်....စသဖြင့်)
- နာမည်
- အသက်
- အလုပ်အကိုင် ( ကျောင်းသူ၊ အလုပ်သမား...)
- နေရပ်လိပ်စာ

**ဘယ်သူ့ကိုလဲ**

- မှတ်မိနိုင်မည့် ထူးခြားချက် ပုံစံ (ဥပမာ - အဝတ်အစား၊ ထင်ရှားတဲ့အမှတ်အသား၊ အရပ်အနိမ့်အမြင့်၊ အသားအရောင်....စသဖြင့်)
- နာမည်
- အသက်
- အလုပ်အကိုင် ( ကျောင်းသူ၊ အလုပ်သမား...)
- နေရပ်လိပ်စာ

**ဘယ်အချိန်**

- တိကျသည့်အချိန် ( နာရီ၊ မိနစ်)
- မရရင် အနီးစပ်ဆုံးအချိန် ( ဆွမ်းခံထွက်ချိန်၊ အုန်းမောင်းခေါက်ချိန်၊ နေဝင်ချိန်၊ နေထွက်ချိန်)
- နေ့၊ ရက် ( တနင်္ဂနွေ၊ ၁ ရက် ၂ ရက် ၊ ခုနှစ်၊ လ)
- အကယ်၍ မသိရင် နေရာဒေသအလိုက် ရာသီပွဲတော်များကို ကြည့်ပြီး မေးရန်။

**ဘယ်နေရာ**

- ထူးခြားသည့်နေရာ ( မှတ်မိလွယ်သည့်နေရာ၊ တောင်တန်း၊ သစ်ပင်ကြီး၊ အဆောက်အအုံ.... စသဖြင့်)
- အရပ်မျက်နှာ (အရှေ့ဘက်၊ အနောက်ဘက်)
- ရပ်ရွာအမည်၊
- အိမ်နံပါတ်
- လမ်းအမည်
- မြို့နယ်၊ မြို့အမည်
- တိုင်း/ ပြည်နယ်

**ဘယ်လိုလုပ်လိုက်တာလဲ**

- ဘယ်နှစ်ချက်ရိုက်လိုက်တာလဲ
- ဓါးနဲ့လား၊ သေနတ်နဲ့လား
- ဘယ်လောက်ထိ ထိခိုက်သွားလဲ
- ဘာဆက်ဖြစ်သွားလဲ ( ပွဲခြင်းပြီး သေသွားတယ်၊ ဆေးရုံပို့လိုက်ရတယ်)

**Trainer Note:** ဒေသတွင်ဖြစ်ပျက်နေသော အကြောင်းအရာများကို ကြိုတင်လေ့လာထားပြီး အဆိုပါ ကိစ္စများနှင့် စပ်လျဉ်းသည့် ဥပမာ နမူနာများကို ရှင်းပြရန်။

| Synthesis (အနှစ်ချုပ်ဆွေးနွေးခြင်း) | (၁၅) မိနစ် |
| --- | --- |

မေးခွန်း

ယနေ့သင်ခန်းစာထဲမှ ကိုယ်အနေနှင့်မှတ်မိလိုက်တဲ့ အရာကိုပြန်ပြောပြပါ။
ဘယ်လိုအသုံးချမလဲ။

လိုအပ်ပစ္စည်း

ယခင်နေ့အသုံးပြုခဲ့သည့် လူပုံ
HR Action Input (ပုံဆွဲထားရန်)
စာရွက်ကြီး
ရောင်စုံစာရွက်

……………………………………………။……………………………………………

# Complaint Mechanism

## Objective (ရည်ရွယ်ချက်)

* လူ့အခွင့်အရေးချိုးဖောက်ခံရပါက တိုင်ကြားနိုင်သည့်ယန္တရားများကို သိရှိစေရန်။
* တိုင်ကြားစာရေးသားပုံစံကို သိရှိပြီး လက်တွေ့ရေးသားတတ်စေရန်။

## Activity (လှုပ်ရှားမှု) ၁၅ မိနစ်

အောက်ပါနည်းလမ်းကိုအသုံးပြု၍အဖွဲ့(၃)ခွဲပါ။

- အုန်းပင် နှင့် အုန်းသီး ကစားနည်း
- အုန်းပင်တစ်ပင် အုန်းသီးနှစ်လုံး ဖြင့်လူ(၃)ဦး ပြန်ပတ်လျှောက်စေပါ။
- အုန်းတစ်ပင် မှာအုန်းသီး(၃)လုံး လူ(၄)ဦးရှိစေပါ ပြီးလျှင်ပြန်ပတ်လျှောက်စေပါ။
- ခွဲထားသည့်အဖွဲ့(၃)ဖွဲ့အား ဂျူမုံ ၊အောင်တင်စိန်၊ မောင်မောင် ဇာတ်လမ်းများအား တစ်ဖွဲ့လျှင် ဇာတ်လမ်းတစ်ပုဒ်စီပေးပေး၍ဆွေးနွေးစေပါ။

## Discussion (ဆွေးနွေးမှု) ( ၁၅) မိနစ်

အဖွဲ့ (၃) ကို အောက်ပါမေးခွန်းများမေးပါ။

⇒ ချိုးဖောက်မှုတွေက ဘာတွေလဲ။

⇒ လက်တွေ့ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေးချိုးဖောက်ခံရပါက မည်သည့်နေရာတွင်တိုင်ကြားမည်နည်း။

⇒ သင်တန်းသားများကို စာရွက်တစ်ရွက်စီပေးပြီး ဘယ်နေရာမှာ တိုင်ကြားနိုင်မည်ဆိုသည်ကို တစ်နေရာကို စာရွက်တစ်ရွက်စီတွင် ရေးစေပါ။

⇒ သင်တန်းသားများရေးထားသည့် အချက်အလက်တွေကို တိုင်းကြားမှုယန္တရား ပြတင်းပေါက် (၅)ပေါက်တွင် လာကပ်စေပါ။

**Trainer Note**

သင်တန်းသားများ ကပ်ထားသည်ကို နည်းပြမှ ပြင်ဆင်ဖြည့်ဆည်းပေးပါ။

Conjunction

လက်တွေ့ပတ်ဂန်းကျင်မှာ လူ့အခွင့်အရေးချိုးဖောက်ခံရပါက မည်သည့်နေရာတွင်တိုင်ကြား မည်နည်း ဆိုတာကို လေ့လာကြည့်ရအောင်။

| Input (1) (ဗဟုသုတဆွေးနွေးခြင်း) | (၃၀) မိနစ် |
|---|---|

- တိုင်ကြားမှုယန္တရား ပြတင်းပေါက် (၅) ပေါက်နဲ့ ပတ်သတ်သော Power Point ကိုပြသမည်။
- မိမိမြို့နယ်တွင် တိုင်ကြားမှုပြုနိုင်သည့် သက်ဆိုင်ရာ နေရာဌာန ၊ရုံး ၊ကော်မတီ၊ဖုန်းနံပါတ်များ ၊Hot Line များ အစရှိသည်တို့ကို ဖော်ပြမည်။

**Conjunction**

တိုင်ကြားရာတွင်ပါဝင်ရမယ့်အချက် ဘ (၆)လုံး နဲ့ တိုင်းကြားမှုယန္တရားပြတင်းပေါက် (၅) ပေါက်ကို သိပြီဖြစ်တယ်။ တိုင်ကြားမှုနည်းလမ်းပုံစံကျတဲ့ပုံစံကို သိရှိဖို့လိုအပ်ပါသေးတယ်။ ဒီအတွက် တိုင်ကြား စာရေးသားနည်းကိုလေ့လာကြည့်ရအောင်။

**Input (2)**

**တိုင်စာရေးရာတွင်ပါဝင်ရမည့်အချက်များကိုပြောပြခြင်း**

* ရုံးစာပုံဖြစ်ရန် အောက်ပါအစီအစဉ်အတိုင်း ရေးသားနိုင်ပါသည်။
* သို့ (လူ့အခွင့်အရေးကော်မရှင်သို့ လိပ်မူရန်)
* နေ့စွဲ
* ဖြစ်စဉ် အပြည့်အစုံ၊ (ဘ)ခြောက်လုံး၊ ပန်ကြားချက်(အရေးယူဆောင်ရွက်ပေးရန်)
* ဘယ်အခွင့်အရေးချိုးဖောက်ပြီး ဘယ်လိုနစ်နာကြောင်းဖော်ပြရမယ်
* တိုင်ကြားသူ(အမည်၊ အမြဲတမ်းလိပ်စာ၊ မှတ်ပုံတင်အမှတ်၊ ဖုန်း၊ အီးမေလ်း၊ Fax)
* သက်သေခံအထောက်အထားများရှိပါက ( ဓါတ်ပုံ၊ ဗီဒီယို၊ အသံ)
* မိတ္တူစာပေးပို့သည့် ဌာနများစာရင်း
* တိုင်ကြားချက်များမှန်ကန်ကြောင်း ဝန်ခံချက်၊ လက်မှတ်
* မှတ်ပုံတင်မိတ္တူ ပူးတွဲ (မဖြစ်မနေ)

သို့

ဥက္ကဋ္ဌ

....................................... ကော်မတီ

.................................... လွှတ်တော်

နေပြည်တော်။ နေ့စွဲ ။ ၂၀၁၄ ခုနှစ်၊ လ ၊ ရက်။

အကြောင်းအရာ။ ။ <u>တရားမဲ့လယ်ယာမြေသိမ်းဆည်းခံရမှုအားတိုင်ကြားခြင်း။</u>

( ၁။ နှစ်နာသူဘယ်နေရာတွင် နေထိုင်ပြီးဘာအလုပ်လုပ်ကိုင်သလဲ။

၂။ နှစ်နာသူရဲ့ ဒေသကိုဘယ် ဘယ်အဖွဲ့အစည်းက ဘာတွေလုပ်ခဲ့လဲ၊

၃။ ထိုသူများက ဘယ်နေ့ ဘယ်ရက် ဘယ်နှစ်ယောက် ဘယ်နေရာမှာ ဘာတွေ ဘယ်လို လုပ်ခဲ့သလဲ၊(ဘ ၆ လုံး)

၄။ ချိုးဖောက်သူတွေက ဘယ်သူတွေလဲ၊

၅။ တိုင်းတည်မှုအပေါ် ကော်မတီအနေနဲ့ဘာလုပ်ပေးစေချင်လဲ၊ မိမိဘာဖြစ်စေချင်လဲ၊)

မိတ္တူကို

- သက်ဆိုင်ရာဝန်ကြီးဌာန
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
- .............................
- .................................
- ...............................
- လက်ခံ

လက်မှတ် ....................................

(တိုင်တန်းသူ)

ဦး/ဒေါ် ..........................................

(ဘ)ဦး .........................................

မှတ်ပုံတင်အမှတ် ................................

နေရပ်လိပ်စာ .......................................

မှတ်ချက်။ ။ အချို့တိုင်းကြားမှုယန္တယားများသည် မှတ်ပုံတင်မိတ္တူပူးတွဲ ပါရှိရန် လိုအပ်သည်။

တိုင်စာတွင်ပါဝင်ရမည့်အချက်များ

၁။ တိုင်ကြားမည့် ဌာန(သို့မဟုတ်) ယန္တယား၏ လိပ်စာအပြည့်အစုံ (Heading)
၂။ နစ်နာသူ၏ နေရပ်လိပ်စာအပြည်အစုံ၊ အီးမေလ်း၊ ဖုန်း
၃။ ချိုးဖောက်သူ (တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာ ၊ လက်နက်ကိုင်အဖွဲ့) စသည်ဖြင့် ချိုးဖောက်သူ၏နောက်ခံသမိုင်း
၄။ ချိုးဖောက်ခံရမှု အခြေအနေအပြည့်အစုံ(ယုတ္တိရှိရမည်၊ ကျိုးကြောင်းဆီလျော်မှုရှိရမည်)
၅။ အထောက်အထားပြု (စာရွက်စာတမ်း၊ မှတ်တမ်းဓါတ်ပုံ၊ စာချုပ်၊ မြေစာ ..................)
၆။ မည်သို့နစ်နာခဲ့သနည်း၊ နစ်နာရပုံများ
၇။ တိုင်းတည်မှုအပေါ် ကော်မတီအနေနဲ့ဘာလုပ်ပေးစေချင်လဲ၊ မိမိဘာဖြစ်စေချင်လဲဆိုသည့် တောင်းဆိုချက်
၈။ မိမိကိုယ်တိုင်တိုင်ကြားခြင်းဖြစ်ကြောင်း ဂန်ခံကတိ၊ တာဂန်ယူမှု လက်မှတ်ထိုးခြင်း။

| Deepening | (၁၅) မိနစ် |
|---|---|

- အထက်ပါ ခွဲထားသောအဖွဲ့ အလိုက်တိုင်ကြားစာ လက်တွေ့ရေးသားစေပါ။
- မိမိရရှိထားသော ဇာတ်လမ်းအတိုင်း မည်သို့တိုင်းကြားမည်ကို လက်တွေ့ တိုင်ကြားစာရေးသားပါ။

**Trainer Note**

သင်တန်းသားအခြေအနေနှင့် တိုင်ကြားစာရေးသားနိုင်သည့်အခြေအနေရှိပါက တိုင်စာကို အရင်ရေးပြီးမှ တိုင်ကြားစာပုံစံကို ရှင်းလင်းပြပါ။

| Discussion (ဆွေးနွေးခြင်း) | (၄၅) မိနစ် |
|---|---|

* သင်တန်းသားများကိုယ်တိုင်ကြားစာလက်တွေ့ ရေးသားခြင်းကို ပြုလုပ်စေပါ။
* အဖွဲ့ (၃)လုံးမှ ရေးသားထားသောတိုင်ကြားစာကို တင်ပြစေခြင်း။
* အဖွဲ့ (၁)ဖွဲ့ ချင်းစီမှ ရေးသားထားသော တိုင်ကြားစာများကို ယှဉ်ကပ်ပြီး နည်းပြမှဖြည့်စွက်ပြောကြားခြင်း။

| Synthesis (အနှစ်ချုပ်ဆွေးနွေးခြင်း) | (၆၀) မိနစ် |
|---|---|

- အုပ်စုကြီးအတိုင်း ထိုင်ခိုင်းပါ။
- Flip Chart ပေါ်တွင် ၅ရက်တာ သင်တန်းနှင့်ပတ်သက်၍ မှတ်မိခဲ့သည့် အကြောင်းအရာများ၊ ရင်ထဲထိသွားသော သင်ခန်းစားများ၊ ပြန်လည် အသုံးချရမည့် အကြောင်းအရာများ ကို မေးမြန်း၊ ရေးသားခြင်း ပြုလုပ်၍ ဆွေးနွေးစေပါ။

...............................................॥...................................................

## သင်တန်းဆရာများ၏ အမည်စာရင်းနှင့် ဆက်သွယ်ရန် လိပ်စာ။

| No | Name | Email/Phone | Organization | State |
|---|---|---|---|---|
| 1 | Sayar U Aung Myo Min | - myominburma@gmail.com<br>- 09 448015 306 | Equality Myanmar | Yangon |
| 2 | Sayar U Aung Zaw Htwe | - akkforempower@gmail.com<br>- 09 448026207 | Equality Myanmar | Yangon |
| 3 | Kyaw Ko Ko Shein | - kyawkoshein.eqmm@gmail.com<br>- 09 970304 955 | Equality Myanmar | Yangon |
| 4 | Htay Htay Win | - htayhtaywin.eqmm@gmail.com<br>- 09 794458 202 | Equality Myanmar | Yangon |
| 5 | Khyi Phyu | - kyiphyu.eqmm@gmail.com<br>- 09 795372 056 , 09 259459 921 | Equality Myanmar | Yangon |
| 6 | Si Thu Maung Maung | - training@lrcmyanmar.org<br>- 09 952377 456 | Local Resource Center (LRC) | Yangon |
| 7 | May Ja Mai | -mjm.lrctraining@gmail.com<br>- 09 403713 090 | Local Resource Center (LRC) | Yangon |
| 8 | Saw Han Thar | - sht.lrctraining@gmail.com<br>- 09 254133152 | Local Resource Center (LRC) | Yangon |

# သင်တန်းသားများ၏ အမည်စာရင်းနှင့် ဆက်သွယ်ရန် လိပ်စာ။

| No | Name | Email/Phone | Organization | State |
|---|---|---|---|---|
| 1 | Hkangda Seng Pan | - kdmunglai.hrd@gmail.com<br>- 09 455490 201 | Grip Hands | Bhamo,Kachin State |
| 2 | Lahpai Aung Shine | - shineaung89@gmail.com<br>- 09 257185 410 | Kachin Women's Association Thailand | Myitkyina, Kachin State |
| 3 | San San Wai | - pyonechit383@gmail.com<br>- 09 450486 475 | Taw Win Thazin Women Organization | Hlaing Bwe, Kayin |
| 4 | Nan Sandar Oo | - sandarlay.hrd@gmail.com<br>- 09 769200 792 | Women Capacity Development Group | Kayin State |
| 5 | Sann Sann Moe | - sannsannmoehrd@gmail.com<br>- 09 445794 949 | Community Health Worker | Belin, Mon State |
| 6 | Mon Mon Oo | - monoo3115@gmail.com<br>- 09 255756 829 | Ray of Light | Than Phyu Zayat, Mon State |
| 7 | Swam Saung | - saung.2567@gmail.com<br>- 09 786554 237 | Ministry of Health and Sport | Kyaikhto, Mon State |
| 8 | Nay Lin Soe | - nyan.hrd@gmail.com<br>-09 453695 550 | Rainbow Star LGBT - CO | Maw Lamyine, Mon State |
| 9 | Ma Ei Ei Khaine | eikhine.hrd@gmail.com<br>09 962956 358, 09 795254 895 | MINA(မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(HIV/AIDS) | Maw Lamyine, Mon State |
| 10 | Daw Aye Pwint | - ayepwint.hrd@gmail.com<br>- 09 265271 143 | Heart of Cherry | Lashio, Northern Shan State |

## သင်တန်းသားများ၏ အမည်စာရင်းနှင့် ဆက်သွယ်ရန် လိပ်စာ။

| No | Name | Email/Phone | Organization | State |
|---|---|---|---|---|
| 11 | Lin Lin Aung | - 09 445020 396 | Kachin Women Social Network | Nanmatu, Northern Shan State |
| 12 | Nang Ngin Lao | - nangnginlao.hrd@gmail.com<br>- 09 450950 441 | Inn Sein Nay Woman | Naung Cho, Northern Shan State |
| 13 | Khun Jam | - khunjum.hrd@gmail.com<br>- 09 253400 075 | NeT organization | Kut Khai, Northern Shan State |
| 14 | U Hla Min Oo | - hlaminoo.hrd@gmail.com<br>- 09 457290 500,09 453854 283 | Township Labor Union EC, United Basic Labor Union EC | Nanmatu, Northern Shan State |
| 15 | Wai Lwin Oo | - acidboy0000001@gmail.com<br>- 09 794704 880 | Irrawaddy Social Development | Mandalay |
| 16 | Thandar Thwe | - hlaminoo.hrd@gmail.com<br>- 09 457290 500,09 453854 283 | Future Light | Mandalay |
| 17 | Ma Zin Mi Mi Cho | - zinmimicho.hrd@gmail.com<br>- 09 250465 119 | - | Thanintharyi |
| 18 | Su Su Sandar | - sususandar.hrd@gmail.com<br>- 09 259919 735 | Future Light | Dawei, Thanintharyi. |
| 19 | Kaung Myat Tun Lwin | - kaungmyat941@gmail.com<br>- 09 452690 880 | Future Light for Child | Myeik, Thanintharyi |
| 20 | Thuzar Aung | hkawnhkawn1993@gmail.com,<br>- 09 459838 772, 09 767416 750 | CBO leader, Change Agent LRC, Dawei | Dawei, Thanintharyi |

Group Photo together with Consortium Partner at Opening Ceremony




Group Photo at Closing Ceremony

